www.burmeseclassic.com

၉၆

ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက် ပဓာနနာယက

လောကဝိဇ္ဇာဓရ နာနာနယပါရဂူ

မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

## ဘဒ္ဒန္တဝေပုလ္လ

(ရေး သား ချီး မြှင့် တော် မူ သည်)

# မဏိဇောတ ပတ္တမြားဂါထာတော်


လေးပုဒ်၏

# သိဒ္ဓိဝင်ကျင့်စဉ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---

ပြည်မြို့၊ ဝေပုလ္လာရာမကျောင်းတိုက်၊ ပဓာနနာယက

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

# ဘဒ္ဒန္တဝေပုလ္လ

(ဝေပုလ္လာရာမဆရာတော်ကြီး)

ရေး သား ချီး မြှင့် တော် မူ သည့်

# မင်္ဂလာဓာတ ပတ္ထာမြားဂါထာတော်

လေးပုဒ်၏

# သိဒ္ဓိဝင်ကျင့်စဉ်

## တစ်ပြည်လုံးဖြန့်ချိရေး

တော်ဝင်မြို့မစာအုပ်တိုက် နှင့်

အမှတ်(၁၅၉)၊ ၃၉-လမ်း(အလယ်ဘလောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၃၈၈၆၂၃၊ ၃၇၉၂၃၈

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၆၀၀၃၄၉၀၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၃၃၂၀၆၁၁

ထုတ်ဝေသူ - ဦးလှိုင်ဝင်းမိုး(မြဲ-၀၃၉၀၀)
၁၀၁၊ ဒုထပ်(ညာ)၊ ၃၈-လမ်း၊
ကျောက်တံတားမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးလှိုင်ဝင်းမိုး (အဌာရသပုံနှိပ်တိုက်)
အမှတ်- ၁၅၉၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်။

ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၁ ခုနှစ်၊ ဇူလိုင်လ။

အုပ်ရေ - ၃၀၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

၂၄၀.၀၀

ဘဒ္ဒန္တဝေပုလ္လ

မဏိစောတ ပတ္တမြားဂါထာတော်လေးပုဒ်၏ သိဒ္ဓိဝင်ကျင့်စဉ်/

ဘဒ္ဒန္တဝေပုလ္လ။ - ရန်ကုန်။

တော်ဝင်မြို့မစာပေ၊ ၂၀၁၁။

၁၄၆ စာ၊ ၁၀.၅ စင်တီ × ၇.၃ စင်တီ

(၁) မဏိစောတ ပတ္တမြားဂါထာတော်လေးပုဒ်၏ သိဒ္ဓိဝင်ကျင့်စဉ်


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မဏိစောတ ပတ္တမြားဂါထာတော်(လေးပုဒ်၏ သိဒ္ဓိဝင်ကျင့်စဉ်) | ၅ |
| ၂။ | မဏိစောတ ပတ္တမြားဂါထာတော်ကြီး (၄) ပုဒ်အကြောင်း | ၂၀ |
| ၃။ | ဤဂါထာတော် (၄) ပုဒ်စလုံး၏ အနက် အဓိပ္ပာယ် အဖွင့်သဘောတရားများ | ၂၇ |
| ၄။ | မဏိစောတ ပတ္တမြားဂါထာတော် (၄) ပုဒ်၏သိဒ္ဓိဝင်ကျင့်စဉ် | ၆၂ |
| ၅။ | ရွှတ်ဖတ်သရဇ္ဈာယ်ပုံ အကြိမ်ရေ အခေါက်ရေကိုပြသခြင်း | ၈၀ |
| ၆။ | မဏိစောတ ပတ္တမြားဂါထာတော်နှင့် ဂရုဂါရဝတရား | ၁၀၁ |
| ၇။ | ကိုယ်တွေ့ အတွေ့အကြုံများနှင့် မဏိစောတ ပတ္တမြားဂါထာတော် (က) | ၁၀၈ |
| ၈။ | အင်္ဂလန်နိုင်ငံမှ ဆရာဝန်လနီးမောင်နှံ (ခ) | ၁၁၆ |
| ၉။ | အမေရိကန်နိုင်ငံရောက်မိသားစုတစ်စု (ဂ) | ၁၂၂ |
| ၁၀။ | အမေရိကန်ရောက် ပညာသင် (၂) ယောက် (ဃ) | ၁၃၁ |
| ၁၁။ | အရောင်းအဝယ်မကောင်းသော ဗိုလ်ချုပ်ဈေးမှ ဆိုင်ခန်းအချို့ (င) | ၁၃၈ |
| ၁၂။ | ငွေအတွက်ဒုက္ခရောက်နေသော ကုန်သည်များတစ်စု (စ) | ၁၄၃ |


◈ ◈ ◈

www.burmeseclassic.com

## မဟာဗောဓိ ဝတ္တုကြီးဂါထာတော် လေးပုဒ်၏ ထိုဝိဓဝင်ရှုပ်စဉ်

(နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)

**အရဟတော** - လူမင်းနတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော် အထူးကို ခံယူတော်မူပေထသော၊ **သမ္မာသမ္ဗုဒ္ဓဿ**- ခြေ ယျ င်းဖြာ လေးသစ္စာကို ဆရာမကူ-သယမ္ဘူဉာဏ်ဖြင့် အမှန်ထင် လင်း ထိုးထွင်း၍ သိမြင်တော်မူပေထသော၊ **ဘဂဝတော**- သုံးတိုက်ဘုံကျော်ဟီး သဗ္ဗညုတ ဗုဒ္ဓဘုရားရှင်အား၊ **အဟံ**- ဝေပုလ္လဟု နာမတွင်ခေါ် တပည့်တော်သည်၊ **နမော နမာမိ**- သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏၊ ဗုဒ္ဓမြတ်စွာဘုရား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ဂုဏ်တော်ကိုးပါးတို့တွင် သုံးပါးသော ဂုဏ်တော်များအား အထူးဝိသေသအားဖြင့် ထုတ်ဖော်၍ နမောတဿ အစရှိသော ဗုဒ္ဓပဏာမ ဂါထာတော်ဖြင့် ရှိခိုးကန်တော့ရသော ကုသိုလ်ကောင်းမှု စွမ်းအားတော်တို့ကြောင့် ဤမဏိဇောတ ပတ္တမြားဂါထာတော် (၄)ပုဒ်၏ သိဒ္ဓိဝင်ကျင့်စဉ် စာအုပ်သည် ရွတ်ဖတ်သရဇ္ဈာယ် ပွားများအားထုတ်နေကြကုန်သော နိုင်ငံသူ၊ နိုင်ငံသားများ၊ ကမ္ဘာသူကမ္ဘာသားများ၊ ခုနစ်ရက် သမီးများ ခုနစ်ရက်သားများတို့၏အပေါ်၌ ဆယ်ပါးသော သိဒ္ဓိတန်ခိုးတို့သည် ရာခိုင်နှုန်းပြည့်ဝစွာ ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ကို ပြည့်ပြည့်ဝဝ အကျိုးပေးလာကြပါစေကုန်သတည်း။ (ပန္နရသီ တိထိ ၁၅ လုံး ပြည့်မှီသော လပြည့်နေ့တွင် လမင်းကြီးသည် ဝိုင်းဝိုင်းစက်စက် ပြည့်ပြည့်ဝဝ အေးအေးမြမြ အကျိုးပေးလာကဲသို့ ဖြစ်လာကြပါစေသတည်း။)

ဤမဏိဇောတ ပတ္တမြားဂါထာတော် (၄)ပုဒ်တို့ကို ရှိသေလေးစားစွာ ဆောင်ထားသော ရဟန်းရှင်လူအပေါင်းတို့သည်လည်းကောင်း၊ ရွတ်ပွားသရဇ္ဈာယ်နေကြကုန်သော ရဟန်းရှင်လူ အပေါင်းတို့သည်လည်းကောင်း၊ ဘေးရန် အန္တရာယ် ကင်းဝေးနေအောင် အတိုက်အခိုက် အနှောင့်အယှက်အမျိုးမျိုးတို့မှ ကင်းဝေးပပျောက်နေစေရန်လည်းကောင်း၊ စီးပွားရေး အလုပ်အကိုင်များ အရောင်းအဝယ်များ အကြံအစည်များ ရည်မှန်းချက်များ လူနေမှုအဆင့်အတန်း မြင့်မားစေမှုများကို တိုးတက်အောင်မြင်နေအောင် အထူးကူညီမစ စောင်မကြည့်ရှု စောင့်ရှောက်ပေးတော်မူကြပါစေကုန်သတည်း။



◈ ◈ ◈

## (၁)

အတိတ်နှစ်ပေါင်းများစွာတို့ကို ပြန်လည်စဉ်းစားရင်း ဝေဖန်ရင်းဖြင့် စဉ်းစားနေသည့်အခိုက် လွန်ခဲ့သော ၅ နှစ်တာကာလ (တိတိကျကျတော့ဖြင့် မမှတ်မိနိုင်တော့ပါ) အချိန်အခါတို့၌ အကျွန်ုပ်စာရေးသူ၏ ဝေပုလ္လာရာမကျောင်းတိုက်သို့ ဒည့်ပရိသတ်များ အတော်များများပင် ဝင်ရောက်လာနေမှု မှာကြက်ပျံမကျ စည်ကားလျက်နေပါတော့၏။ နေ့ရော ညဥ့်ပါ အတော်ပင်များပြားစွာ လာရောက်ကြကုန်၏။ ထိုအထဲတွင် တရားနာချင်လို့၊ တရားသိချင်လို့၊ တရားမေ့နှင့်ပတ်သက်၍ မရှင်းမလင်းလို့ မေးမြန်းလျှောက်ထားမည့် ပုဂ္ဂိုလ်များက အနည်းဆုံး အနည်းအပါးသာပင်။ စီးပွားရေးအဆင်မပြေမှုများ၊ အရောင်းအဝယ် စီးပွားရေးအဆင်မပြေမှုများ၊ ငွေရေးကြေးရေး

www.burmeseclassic.com

www.burmeseclassic.com



ရပေါက်ရလမ်း အဆင်မပြေမှုများ၊ အလုပ်အကိုင်များ အကြံအစည်များ မအောင်မြင်မှုများ အဆင်မပြေမှုများတို့သည်သာ များပြားစွာဝင်ရောက်နေရာယူနေသည်က များပြားလှကုန်၏။ တစ်နေ့တစ်နေ့ မိမိ၏ကျောင်းတိုက်ထဲမှာ ဒုက္ခသည်၊ အပူသည်၊ ရောဂါသည်၊ အမှုသည်၊ ပြဿနာသည်တို့သည်သာ များပြားစွာ ရှိနေကြကုန်တော့၏။ (ဒါတွေက ဘယ်လိုဖြစ်လာကြတာတွေလဲ ဒါတွေက ဘယ်ကနေ ဘယ်လိုရောက်လာကြတာလဲ ဒီဒုက္ခသည် အပူသည်တွေက ဘာကြောင့်များ ငါ့ဆရာတော်ဆီကိုပဲ လာနေကြရတာလဲ စသည် စသည်ဖြင့် တစ်နေ့တစ်နေ့ ဒါတွေပဲ အချိန်ကုန်ခံပြီး စဉ်းစားဝေဖန်နေမိပါတော့၏။)။

တစ်နေ့တစ်နေ့ ဝင်ရောက်လာနေကြသည့် ပရိသတ်ထဲကို ကြည့်ရှုပြန်တော့လည်း မျက်နှာပြုံး ပြုံးရွှင်ရွှင်သာသာနှင့် စီးပွားရေး၊ ကျန်းမာရေး ဝင်ငွေအဆင်ပြေလှပါသည်ဟု ဆိုလာသူများကို ကြည့်ပါလျှင် လက်ချိုးရေတွက်၍ ပင်ရနိုင်ပါသည်။ ကျန်တာတွေက အဆင်မပြေကြသော လူများသာဖြစ်ကြပါသည်။ စားရေးသောက်ရေး အဆင်မပြေကြတာ၊ နေရေးထိုင်ရေး အဆင်မပြေကြတာ၊ ရောင်းရေးဝယ်တာ အဆင်မပြေကြတာ၊ အလုပ်အကိုင်များ အဆင်မပြေကြတာ၊ ငွေရေးကြေးရေး လူလိမ်ခံရတာ၊ ရောဂါ၊ အနာ မပျောက်ကင်းနိုင်၍



ခြံရောင်း၊ မြေရောင်း၊ အိမ်ရောင်း ရောင်းမထွက်မှုများ အဆင်မပြေမှုများ စသည့် စသည့်ဖြင့် အလွန်ပင်အဆင်မပြေမှုများတို့သည် နေ့စဉ် နေ့တိုင်းများပြားစွာ ရှိနေကြရကုန်၏။ (ဒါတွေကို ငါဘယ်လိုလုပ်ရင် ကောင်းပါ့မလဲ၊ ဒီပြဿနာများကို ဘယ်လိုပြေလည်အောင် လုပ်ပေးရင် ကောင်းပါ့မလဲ၊ ဒီကိစ္စကို ငါဘယ်လိုရှင်းပေးနိုင်ရင် ကောင်းပါ့မလဲ၊ ဒါတွေဟာ သနားစရာအလွန်ကောင်းနေတာပဲ၊ အဆင်မပြေနိုင်တဲ့ ဒုက္ခကလည်းကြီးသားကလား အကောင်းဆုံးနဲ့ အဖြစ်နိုင်ဆုံးဖြစ်အောင်တော့ ကြိုးစားကြည့်ရဦးမှာပဲ)။

(ငါ့ကျောင်းကိုရောက်လာခဲ့ကြတဲ့ ဒီပြဿနာ၊ ဒီဒုက္ခ၊ ဒီအဆင်မပြေမှုတွေမှ လွတ်မြောက်ရအောင်၊ လွတ်ကင်းရအောင်၊ အမြန်ဆုံး ချမ်းသာလာအောင်၊ အမြန်ဆုံး အဆင်ပြေမှုရရှိလာအောင် တစ်နည်းနည်းနဲ့တော့ ကြံစည်စိတ်ကူးပြီး အဆင်ပြေအောင်လုပ်ဦးမှ) ဟု တွေးတော ဝေဖန်ကာ စိတ်အစဉ်မှာ အတွေးနယ်ချဲ့၍ စဉ်းစားနေမိပါတော့၏။

မည်မျှကြာအောင် စဉ်းစားနေမိသည်ကား မပြောတတ်တော့ပါ။ အလုပ်မရှိ၍ အနားယူနေသည့် အချိန်များတွင် ဤဒုက္ခသည် ကယ်တင်နိုင်ဖို့ ကိစ္စသည် ဦးခေါင်းထဲဝင်လာ၍ နေရာယူလိုက်၊ ကိစ္စများ၍ အလုပ်ရှုပ်နေသောအခါများတွင်

www.burmeseclassic.com

www.burmeseclassic.com



တခြားတခြားသော သာရေး၊ နာရေးကိစ္စ အလှူအတန်းကုသိုလ်ကိစ္စများတွင် စိတ်ကရောက်လိုက်နှင့်ပင် အကောင်အထည်မဖော်နိုင်သေးဘဲ ရက်လအတော်ပင် ကြာသွားခဲ့ပါသည်။ တစ်နေ့သောအခါ ကုလားထိုင်ကြီးပေါ်မှာ နားနားနေနေအနားယူနေရင်းဖြင့် ဒုက္ခသည်များ၊ အပူသောကသည်များမပြေလည်မှု၊ အဆင်မပြေမှု ကိစ္စများသည် တစ်ခုပြီးတစ်ခုအစီအရီ ဦးခေါင်းထဲဝင်လာကြပါတော့၏။

နံပါတ် (၁) မိမိ၏ အတွေးထဲ စိတ်ထဲမှာပင် (ယတြာ)များကို ပေးပြီး ယတြာချေခြင်းဖြင့် ဤလို ဆင်းရဲမှုမျိုး ဒုက္ခမှုမျိုးအဆင်မပြေမှုမျိုးများကို ငါမရရအောင်ကယ် တင်မည်ဟူ၍ကြိုးစားကြည့်စမ်း၊ လုပ်ကြည့်စမ်းဆိုပြီး မိမိကိုယ်ကို အားပေးမိခဲ့၏။ ယခုလောလောဆယ်မှာလည်း မြန်မာနိုင်ငံတော်တွင်လည်း ကိစ္စမှန်သမျှ အဆင်မပြေမှုမှန်သမျှ အထစ်အငေါ့၊ အခက်အခဲမှန်သမျှ မိမိနည်း မိမိစံနစ် မိမိမှုအတိုင်း (ယတြာ)နည်းများဖြင့်သာ ကယ်တင်ခဲ့ပေါင်း ဆောင်ရွက်ပေးခဲ့ပေါင်းများပြားလှပါပြီ။ အချို့သော ကိစ္စသည် % ၅၀ ခန့် အောင်မြင်ခဲ့တာများရှိခဲ့ဖူးသလို အချို့သော ကိစ္စများတွင်လည်း % ၆၀, % ၇၀, % ၈၀ စသည် စသည်ဖြင့် အောင်မြင်မှု၊ အဆင်ပြေမှုများ ခံစားရရှိကြပါသည်။ အချို့ အချို့သော ကိစ္စ ပြဿနာ



များတို့တွင်လည်း အောင်မြင်ပြီးစီးမှု % ၉၀, % ၁၀၀, ခန့်အထိပင် အောင်မြင်ပြီးခဲ့ဖူးပါ၏။ (သို့ပေမဲ့ မရှိဆင်းရဲသားတစ်နေ့လုပ်တစ်နေ့စား ဘဝမျိုးများမှာမူကား ယတြာပစ္စည်းဖိုးများဖြင့် မတတ်နိုင်ကြပေ။ ယတြာများကိုမူ (၁) ကြိမ်မှ (၃) ကြိမ်အထိ ရှာကြံပြီး စုဆောင်းပြီး ယတြာပြုနိုင်သည်ပဲ ထားဦး၊ ကြာလာသည်နှင့်အမျှ စားဖို့ သောက်ဖို့ပင်အနိုင်နိုင် ယတြာပစ္စည်းဖိုးက မတတ်နိုင်ဘဲ ဖြစ်လာချေတော့၏။ အဆင်မပြေလို့သောကဗျာပါဒရောက်လို့ ဆင်းရဲမွဲတေလို့ ဒုက္ခရောက်နေသည်ဆိုပါမှ ယတြာနှင့်ပင် မွဲချေသေး၏။) ဟု ဆိုတာလိုဖြစ်တတ်ပါသည်။

ဤယတြာနည်းများဖြင့်လည်း အဆင်မပြေမှု ဒုက္ခရောက်နေမှု မရှိဆင်းရဲသား၊ လူမွဲ၊ ငတေများတို့ကို ကယ်တင်လို့ကူညီမစလို့ရမည် မဖြစ်နိုင်သေးပါဟု စိတ်ထဲမှာ တွေးမိစဉ်းစားမိပြီး ထိုယတြာပေးမှုကိစ္စရပ်များကို ရပ်နားလိုက်ပါတော့၏။ (ယတြာ) ဆိုတာကလည်း တစ်ကြိမ်တစ်ခါလုပ်ရုံနှင့် ထိရောက်သည့်ကိစ္စ မဟုတ်နိုင်ပါ။ တစ်ပတ် (၁)ကြိမ်၊ အရေးကြီးလျှင် တစ်ပတ် (၂) ကြိမ်မှ (၃) ကြိမ်အထိ ယတြာများကို ဆောင်ရွက်ရတာရှိပါသည်။ အချို့ အချို့သော ကိစ္စပြဿနာ အကြီးစားများကိုမူ တစ်ပတ် (၃) ကြိမ်၊ သုံးဆင့်

www.burmeseclassic.com

www.burmeseclassic.com



ယတြာမျိုးကိုပေးရပြီး လနှင့် ချီ၍ မပျက်မကွက်ဆောင်ရွက်လုပ်ကိုင်ရတာမျိုးလည်း ရှိတတ်ပါသည်။ ထို့ကြောင့် ယတြာဖိုးနှင့်ပင် မွဲရချည့် ဒုက္ခရောက်ချည်သေး၏ဟု စဉ်းစားဝေဖန်မိခဲ့ပါ၏။ ထို့ကြောင့်ပင် (ယတြာ) ပေးမှုကိစ္စရပ်များကို (ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါဘူး)ဟူ၍ ရပ်ဆိုင်းခဲ့ရပါတော့၏။

ဤသို့မဖြစ်ပြန်တော့ တစ်နည်းလှည့်ပြီး စဉ်းစားရပြန်ပါသည်။ ဒုတိယ နံပါတ် (၂) နည်းသည် (အဆောင်)များများလုပ်ထား သိဒ္ဓိတင်ထားပြီး ဆင်းရဲဒုက္ခရောက်နေသောလူများ၊ ဒုက္ခပင်လယ်ဝေနေသောသူများ၊ အဆင်မပြေသောသူများအား ဤနည်းလမ်းဖြင့် ကူညီရင် ကယ်တင်ရင် ဆောင်ရွက်ပေးနိုင်လျှင် သိပ်ကောင်းမှာပဲ ဒီနည်းနဲ့ကရော ဘယ့်နှယ်နေပါ့မလဲ စီစဉ်ကြည့်ရင် ဘယ့်နှယ်နေပါ့မလဲ . . စသည့် စသည်များဖြင့် စဉ်းစားမှု တွေးခေါ်မှုများ ဦးခေါင်းထဲသို့ အစီအရီ ဝင်ရောက်လာကြပြန်ပါပြီ။ ဤနည်းလမ်းက ပိုကောင်းမယ်နဲ့တူပါတယ်။ အဘယ်ကြောင့်ဆိုသော် အဆင်မပြေသော ပုဂ္ဂိုလ်များ၊ ဒုက္ခသည် အပူသည် ပြဿနာသည် ဆင်းရဲဒုက္ခရောက်ရှိနေသူ များဘက်က ငွေပိုက်ဆံ အကုန်ခံစရာ ကုန်ကျစရိတ် မရှိနိုင်တော့ဘူးပေါ့။ မိမိကပဲ အကုန်အကျခံပြီး အဆောင်ပစ္စည်းများကို များများစားစားလုပ်ထားပြီး သိဒ္ဓိတင်ထားပြီး ဤအဆောင်နှင့်



ပင် စီးပွားရေး အရောင်းအဝယ်ကိစ္စများ ငွေရေးကြေးရေး လာဘ်လာဘပွင့်ရေးကိစ္စများ အမှုကိစ္စများ၊ အနိုင်ရမှုကိစ္စများတို့ကို (အဆောင်) ပေးပြီး ကူညီပေးနိုင်လျှင် ချီးမြှောက်မစ, နိုင်ရင် (ဒီဒုက္ခ ဒီပြဿနာ ဒီအဆင်မပြေမှုများက) လွတ်မြောက်ကယ်တင်နိုင်လိမ့်မည်မှာ မလွဲတော့ပါဟု စိတ်ထဲမှာတွေးမိစဉ်းစားမိလာပါတော့၏။

ဒါဆိုလျှင် (ဒီအဆောင်ပေးပြီး ကယ်တင်မည့်နည်းလမ်း) က ပိုကောင်းပါလိမ့်မည်ဟု ဆုံးဖြတ်ပြီးကာမှ ဤနည်းလည်း သိပ်မကိုက်သေးပါဘူး။ ဒါလည်း သိပ်ဟန်ကျပုံမပေါ်ပါဘူး။ အဘယ်ကြောင့်ဆိုသော် (အဆောင်ဆိုတာမျိုးက အနေအထိုင်၊ အသွားအလာ၊ အစားအသောက်ကစပြီး ဆင်ခြင်ရတာကလား။ အဆောင်ဆောင်ထားပြီး အိမ်အောက်ဝင်တာ၊ ကြိုးတန်းအောက်ဝင်တာ၊ ထဘီတန်းအောက်ဝင်တာ၊ မီးနေအခန်းထဲဝင်တာ၊ ဆေးရုံသွားတာ၊ ခွဲခန်းဝင်တာ၊ ဒါတွေသွားမိလုပ်မိရင် အဆောင်ဆိုတာမျိုးက ပျက်ပြယ်သွားရောဘာအစွမ်းအစမှ မကျန်နိုင်တော့ဘူး။ အချို့သော အဆောင်များဆိုရင် အသုဘရက်မလည်ခင် သွားလာမိတာတို့၊ အသုဘမသာကို သွားထမ်းမိတာတို့၊ ရက်မလည်ခင် အသုဘအိမ်မှာတစ်ခုခု စားသောက်မိတာတို့ကလည်း အဆောင်ရဲ့သိဒ္ဓိတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးကုန်နိုင်တာပဲ။ အချို့ဆိုလျှင်လည်း ဝက်သား၊ အမဲသား တစ်မျိုးမျိုးကို စားသောက်မိလိုက်တာနှင့်တစ်ပြိုင်နက် အဆောင် ထွက်ကျသွားတာမျိုး၊ အဆောင်ပျောက်ဆုံးသွားတာမျိုးလည်း ဖြစ်နိုင်တာပါပဲ)။ ဟာဒါဆိုရင်လည်း ဒီနည်းလမ်းကလည်း သိပ်မကောင်းသေးဘူး၊ သိပ်သဘာဝမကျသေးဘူး၊ ဤ အဆောင်ပေး၍ ကူညီကယ်တင်မည့် နည်းလမ်းကလည်း ဒါဆိုရင် အကောင်အထည်ဖော်ဖို့ မဖြစ်နိုင်သေးပါဘူးဟု စိတ်ထဲမှာ စဉ်းစားဝေဖန်နေရင်း အဆောင်ပေးမှုကိစ္စရပ် များတို့ကို ရပ်ဆိုင်းထားရပါတော့၏။

လူတွေကို ကြည့်လျှင်လည်း တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် အဆင်မပြေမှုတွေသာ များပြားလာ နေတော့၏။ ဒုက္ခရောက်မှု၊ အလုပ်အကိုင်ရပေါက်ရလမ်း အဆင်မပြေမှုများ၊ ရောဂါဝေဒနာများ ခံစားနေရပြီး ဆေးဝါး၊ ကုသစရာစရိတ်ငွေကို မရှိကြပါဘဲ လယ်ရောင်း၊ ခြံရောင်း အိမ်ရောင်း ကားရောင်းကိစ္စများတို့သည် အလွန့်အလွန်ပင် များပြားလာနေတော့၏။ (တစ်နေ့ တစ်နေ့ တစ်ပတ် တစ်ပတ် တစ်လ တစ်လတို့သည် ပြည့်စုံနေပြီ၊ တိုးတက်ကြီးပွားလာနေပြီ။ နေရေးထိုင်ရေး စားရေးသောက်ရေး အဆင်ပြေလာနေပါပြီ။ အရောင်းအဝယ် စီးပွားရေးဝင်ငွေများ အဆင်ပြေလာပါပြီ



ဘုရားဟု တစ်ကြိမ်တစ်ခါမျှ မကြားမသိခဲ့ရဖူးပေ။ တစ်နေ့ တစ်နေ့ လာလိုက်ရင် ရောက်လာခဲ့ရင် အဆင်မပြေပါဘူး ဘာလုပ်လုပ် အပေါက်အလမ်း မတည့်ပါဘူးဘုရား ... ဟု ဆိုလာ လျှောက်ထားလာသည်များတို့ကိုသာ ကြားကြားနေရ ပါသည်။

ဒါတွေကို ကယ်တင်ဖို့အတွက် ဒါတွေကို အဆင်ပြေ စေဖို့အတွက် အကောင်းဆုံးဖြစ်နိုင်မည့် နည်းလမ်း (ကုသိုလ် လည်းရ ဝမ်းလည်းဝ ဘဝလည်းလှ) ဆိုသော နည်းလမ်းကောင်း များကို အကောင်းဆုံးဖြစ်အောင် ရှာကြံဦးမှ ဖြစ်တော့မည်ဟု စဉ်းစား သုံးသပ်မိပါ၏။ လက်ရှိ စဉ်းစားဝေဖန်သော နံပါတ် (၁) (၂) နည်းလမ်းများနှင့်မူ မကောင်းလှသေးပေ။ ဤသို့နှင့် တစ်နေ့သောအခါ (ထိုတစ်နေ့သောအခါကိုမူကား အကျွန်ုပ် စာရေးသူတစ်သက်တာ၌ ဘယ်သောကာလကမှ မေ့ပျောက် ၍ ရနိုင်ဖွယ်မထင်တော့ပါ) ထိုနေ့ကား အကျွန်ုပ် စာရေးသူ၏ ဦးနှောက်ထဲ ဦးခေါင်းထဲသို့ ကောင်းမြတ်သော အတွေးတစ်ခု မှန်ကန်သော စဉ်းစားဆုံးဖြတ်မှုတစ်ခု ယထာဘူတကျသော အလင်းတန်းတစ်ခု လင်းခနဲ လက်ခနဲ ဝင်ရောက်နေရာယူ လာပါတော့၏။

ထိုကိစ္စ ထိုအကြောင်းအရာကား (မဏိစောတ

www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌာန်းမြားရတနာဂါထာတော်ကြီး လေးပုဒ်တို့ကို စတင်၍ မွေးဖွားပေးလိုက်ခြင်းပင် ဖြစ်လေတော့၏) တစ်နည်းအားဖြင့် ဆိုရပါလျှင် ရှေးရှေးသော တောရပျော်မှီး ပညာရှင်ဆရာတော်ကြီးများ မိန့်ဆိုတော်မူခဲ့သော ကဗျာလင်္ကာငယ်ကလေးကို အထူးသတိရမိခဲ့ပါ၏။ ဤသည်ကား (ကုသိုလ်လည်းရ ဝမ်းလည်းဝ ဘဝလည်းလှ နိဗ္ဗာန်တံခါးဝ) ဟု ဆိုထားပါသည်။ အလွန်ပင် တန်ဖိုးရှိသော မှန်ကန်သော စာသားကဗျာကလေးပင် ဖြစ်ပါတော့၏။ ဤကဗျာ လင်္ကာငယ်သည် စာကြောင်းတိုတိုကလေးဖြင့် အဓိပ္ပာယ်အဖွင့်အလွန် ထိရောက်လှတော့၏။ အထူး အကျယ်ချဲ့စရာမလိုတော့ပါ။ ဖတ်ကြည့်ရုံဖြင့် အဓိပ္ပာယ်ပေါ်လွင်ပြီးသား ဖြစ်ပါသည်။ ဤကဗျာလင်္ကာငယ်သည် ကောင်းမြတ်သော သူတော်ကောင်းတို့၏ သူမြတ်လောင်းတို့၏ သွားရာ လမ်းမကြီး၊ ထွက်ရာလမ်းမကြီး တို့ကို ညွှန်ပြနေသည်နှင့် အလားသဏ္ဌာန်တူလှပါတော့၏။ (မဏိဇောတ ပဋ္ဌာန်းမြားရတနာ) ဂါထာတော်ကြီး (၄) ပုဒ်ပဲ ဒီဂါထာတော်ကြီး (၄) ပုဒ်စလုံးကို ရွတ်ဖို့ပဲ လိုတာပဲ၊ ပိုက်ဆံငွေကြေးတစ်ပြား၊ တစ်ချပ် တစ်ရွက်မှ ကုန်စရာမလိုတော့ပါ။ ငွေရေးကြေးရေး ပိုက်ဆံကုန်ကျမှုစရိတ်က လွတ်မြောက်သွားတာပဲ၊ ဒါဟာ အကောင်းဆုံးပါပဲ။ နေ့စဉ်ရွတ်ဖတ် သရဇ္ဈာယ်ပေးခြင်းကြောင့် အကုသိုလ်



မတက်ဘဲ အကုသိုလ်မဝင်တော့ဘဲ မိမိ၏ စိတ်ထဲ ရုပ်နာမ်ထဲတွင် ကုသိုလ်ကောင်းမှုများသာ စတင်၍ နေရာယူလာပါလိမ့်မည်။ အလွန်ကောင်းမြတ်သည့် နည်းလမ်းပဲဟု စိတ်ထဲမှာ စဉ်းစားရင်း ဆုံးဖြတ်ချက်ချခဲ့ပါတော့၏။

(တစ်ခုပဲရှိပါသည် ဒါက ဘာလဲဟုဆိုပါလျှင် ပိုက်ဆံငွေကြေး တစ်ပြားတစ်ချပ်တစ်ရွက်မှ အကုန်ခံစရာမလိုဘူး၊ ကုန်ကျစရာလည်း မရှိဘူး၊ အကုန်ခံစရာလည်း မလိုအပ်ဘူး၊ ဤကိစ္စအစား ဣရိယာပုတ် တစ်ပါးတည်း၊ တစ်ထိုင်တည်းနှင့် ဂါထာတော် (၄) ပုဒ်စလုံးကို ရိုရိုသေသေ လေးလေးစားစား ဂရုဂါရဝတရားရှေ့ထား၍ ယုံကြည်ခြင်း သဒ္ဓါတရားကို အရင်းစိုက်၍ ရက်မပျက်စေဘဲ အချိန်မှန်မှန် အရုဏ်တက်အချိန် နံနက်မိုးမလင်းတလင်းတွင်ထ၍ ကြိုးစား၍ ရွတ်ပွားသရဇ္ဈာယ်ပေးခြင်းတည်းဟူသော (ဝီရိယ) တစ်ခုကို အသုံးချ စိုက်ထုတ်၍ ပွားများပေးရမည်ဟုသာ အထူးသတိပေး အပ်ပါသတည်း)။ ထိုဝီရိယတစ်ခုကိုတော့ဖြင့် အောင်မြင်လိုသူဘက်က၊ ဆင်းရဲဒုက္ခအဝဝတို့မှ လွတ်ကင်းလိုသူများဘက်က၊ သောကဗျာပါဒရောက်နေရာမှ လွတ်မြောက်လိုသူများဘက်က၊ ရောဂါဝေဒနာအနာများ ရှုပျောက်ကင်းစေလိုသူများဘက်က၊ အရောင်းအဝယ်အလုပ်အကိုင်စီးပွားရေး ဝင်ငွေများ တိုးတက်ချင် ကြီးပွားချင်

www.burmeseclassic.com

www.burmeseclassic.com



လိုသောသူများဘက်က၊ ဘာလုပ်လုပ် ဘာတစ်ခုမှ အဆင်မပြေပါဘူးဆိုသော လူအများသည် ဘာလုပ်လုပ် အားလုံးအဆင်ပြေအောင်မြင်ချင်သော လူအများဘက်က (ထိုဝီရိယ ကြိုးစားအားထုတ်မှုကို) စိုက်ထုတ်၍၊ အရင်းတည်ပေးရမည်ကို အထူးသတိပြုပါလေ။

ကြီးတော့ ကြီးပွားချင်တယ်။ ချမ်းတော့ချမ်းသာချင်တယ်။ ဝင်ငွေတော့ ကောင်းချင်တယ်။ ရာထူး/အဆင့်လည်း အမြန်တက်ချင်တယ်။ နေရာကောင်း မြို့ကောင်းလည်း ရချင်တယ်။ အိမ်ပိုင်၊ မြေပိုင်၊ ကားပိုင်၊ ရွှေငွေ အခြံအရံများနှင့်လည်း နေချင်တယ်။ လူနေမှု အဆင့်အတန်းလည်း မြင့်မားလာချင်တယ်ဟု ဆိုကြပါလျှင် (ပျင်းရိနေသော ပုဂ္ဂိုလ်၊ ကြိုးစားမှုဝီရိယမရှိသော ပုဂ္ဂိုလ်၊ အချိန်ဆွဲနေသော ပုဂ္ဂိုလ်၊ အလုပ်တစ်ခုခုကို အစမှ အဆုံးတိုင်အောင် မလုပ်ချင်ဘဲ ဆင်ခြေဆင်လက် ချေးများပြီး အပြောကြီးသော လေများနေသော ပုဂ္ဂိုလ်၊ မိမိကိုယ်ကို အားမကိုးဘဲ သူတစ်ပါးကို အားကိုးယုံကြည်နေတတ်ပြီး နေရာတကာ ကိစ္စများတွင် ဦးမဆောင်နိုင်ဘဲ သူများနောက်က ဉာဏ်မရှိ ပျင်းသော ပုဂ္ဂိုလ်၊ ဆွံ့အ၊ နားမကြားပုဂ္ဂိုလ်၊ ကြက်ရူး၊ ဝက်ရူးစသော အရူးရောဂါရှိသူများကို မဂ်၊ ဖိုလ်၊ နိဗ္ဗာန် မရနိုင်သည့်အတွက် ဗုဒ္ဓဘုရားရှင်လည်း မကြိုက်၊



အရိယာ ပုဂ္ဂိုလ်များလည်း မကြိုက်၊ သူတော်ကောင်းများလည်း မကြိုက်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများလည်း မကြိုက် မနှစ်သက်ကြချေ။ သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်များ၊ အလုံးစုံသော သိကြားနတ် ဗြဟ္မာများတို့သည်လည်း မကြိုက် မနှစ်သက်တတ်ကြချေဟု သဘောပေါက် သိမြင်ကြကုန်ရာ၏)

(ထိုကြိုးစားအားထုတ်မှု (ဝီရိယ) တစ်ခုကိုမှ မစိုက်ထုတ်ပေးနိုင်ပါဘူး။ အရင်းမတည်ပေးနိုင်ပါဘူးဟု ဆိုလာပါက ဤလောက ဤကမ္ဘာတွင် ဤပုဂ္ဂိုလ်သည် သုံးစား၍ ရနိုင်ဖွယ်ရာ အကြောင်းမမြင်နိုင်တော့ပေ။ ကြီးပွားတိုးတက်ဖို့ ဆိုသည်မှာ ပို၍ပင်ဝေးကွာလွန်းလှတော့၏။ ဘဝတစ်ခုလှပ တင့်တယ်ဖို့သည် မည်သည့်နည်းနှင့်မျှ မရရှိနိုင်တော့ပေ။)

(ဤကား မဏိစောတ ပတ္တမြားဂါထာတော် ဖြစ်လာပုံအကြောင်းတည်း)

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## (၂)
## မဏိဇောတ ပတ္တမြားဂါထာတော်ကြီး (၄)ပုဒ် အကြောင်း

(က) သဗ္ဗဝေယျမင်္ဂလာဂါထာတော်

ဒီဝါတပတိ အာဒိစ္စော။ ရတ္တိမာ ဘာတိ စန္ဒိမာ။
သဏ္ဍဒ္ဓေါ ခတ္တိယော တပတိ။ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗာ မဟောရတ္တိံ။ ဗုဒ္ဓေါ တပတိ တေဇသာ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု ဇယ မင်္ဂလံ။

(ခ) လောကခံဂါထာဟုခေါ်သော (ဖုဋ္ဌဿဂါထာတော်)

ဖုဋ္ဌဿ လောကဓမ္မေဟိ။
စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ။ ။



ဤအထက်ပါ ဂါထာတော်နှစ်ပုဒ်မှာကား ဗုဒ္ဓဘုရားရှင်၏ ဝစီရွှေနှုတ်တော်မှ ဆင်းသက်လာသည်ဖြစ်၍ ဗုဒ္ဓစာပေ ကျမ်းဂန်များမှ ထုတ်နှုတ်အသုံးပြုထားပါသည်။

(ဂ) ကာလီဒါသ ဆရာ၏ နတ်ချစ် ရတနာဒီပံဂါထာတော်

တုဋ္ဌေဟိ - တုဋ္ဌေဟိ - မမတုဋ္ဌေဟိ - ပိယေဟိ
ပိယေဟိ - မမပိယေဟိ။
သိန္နေဟံ - သိန္နေဟံ - မမသိန္နေဟံ - ရာဇစိတ္တံ
ပိယံ မှိုင်းမှိုင်း။
အမစ္စရာဇစိတ္တံ - ပိယံမှိုင်းမှိုင်း အမစ္စစိတ္တံ - ပိယံ
မှိုင်းမှိုင်း။
ဒေဝစိတ္တံ - ပိယံ မှိုင်းမှိုင်း ဒေဝီစိတ္တံ - ပိယံ မှိုင်းမှိုင်း
ပုရိသစိတ္တံ - ပိယံ မှိုင်းမှိုင်း ဣတ္ထိစိတ္တံ - ပိယံ မှိုင်းမှိုင်း။
သဗ္ဗစိတ္တံ - ပိယံမှိုင်းမှိုင်း ဩောင်း ဇဟိ - ဇဟိ -
ဗလံခြင်း - ဩောင်း ဇဟိ ဇဟိ ဗလံကပ် - ဩောင်း
ဇဟိ - ဇဟိ - ဗလံခြင်းကပ်စေ။

(ဃ) နတ်သမီး နတ်ဒေဝီများ၏ နတ်ချစ်ဂါထာတော်

သဗ္ဗဟိတ မင်္ဂလာနိ - ပုညာဘိ သိရိသောဘာဏံ။
သူရဿတိစ မေမာတာ - နိစ္စံ ရက္ခန္တု မံသဒါ။

www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း ဂါထာတော်ကြီး (၄) ပုဒ်တို့ကို ပြသထားပါသည်။ ထိုလေးပုဒ်စလုံးတို့တွင် (က) ပုဒ်နှင့် (ခ) ပုဒ် စုစုပေါင်း (၂)ပုဒ်စလုံးသည် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော ဓမ္မပဒ အစရှိသော ပရိတ်တော်အစရှိသော လောကုတ္တရာ စာပေကျမ်းဂန်များအထဲမှ ထုတ်နုတ်၍ ပြသထားသော ဂါထာတော် (၂) ပုဒ် ဖြစ်ပါသည်။ ဤနှစ်ပုဒ်ကား (လောကုတ္တရာ)ဟု မှတ်ယူထားရပါမည်။ ကျန်သော ဂါထာတော် (၂) ပုဒ်မှာ နတ်ချစ်ဂါထာတော်များဖြစ်ကြ၍ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခြင်း မဟုတ်မူ၍ လောကီဆရာကြီးများ၊ လောကီပညာရှင်ကြီးများက ဖွဲ့ဆိုထားသော (လောကီဘက်ဆိုင်ရာ) ဂါထာတော် (၂) ပုဒ်ဟု မှတ်ယူကြရပါလိမ့်မည်။ (လောကုတ္တရာဘက်က ဆင်းသက်လာသည်ကို (အာဒိစ္စဗန္ဓုနာ) နေမင်း၏ဓာတ်ဟုမှတ်ယူ၍ လောကီဘက်က ရောက်ရှိလာသော ဆင်းသက်လာသော (စန္ဒရ ဗန္ဓုနာ) လမင်း၏အဆွေ လမင်း၏ဓာတ်ဟုမှတ်ယူထားပါလေ။ ထို့ကြောင့် နေနဲ့ လနဲ့ နှစ်ပါးပြိုင်သိကြားမင်းကိုယ်တိုင် မ,မည့်ယောက်ျားဟု ဆိုလိုပါသည်။ သမ္မာဒေဝနတ်များ သာသနာတော်စောင့်နတ်များ ကူညီမစ, လိမ့်မည်ဟူသတည်း)။

ဤဂါထာတော် (၄) ပုဒ်တို့ကို ပါဠိအက္ခရာ အဖြတ်



အတောက်မှန်ကန်စွာ ရွတ်ဖတ်တတ်ဖို့ အထူးလိုအပ်ပါလိမ့်မည်။ ရွတ်ပါဆို၍ ရွတ်သာရွတ်နေရသည်။ အက္ခရာမှားခြင်း၊ အဖြတ်အတောက်မှားခြင်း၊ အက္ခရာပါဠိမှန်ကန်အောင် မသိအောင် မရွတ်တတ်ပါကလည်း လိုရာအကျိုး၊ လိုရာဆန္ဒ၊ လိုရာသိဒ္ဓိတို့ကို ရနိုင်လိမ့်မည်မဟုတ်တော့ပေ။ ထို့ကြောင့် ရွတ်ဖတ်သရဇ္ဈာယ်ကြရာမှာ ပါဠိအက္ခရာတို့ကို အမှန်ကန်ဆုံး တိတိကျကျဖြစ်အောင် ရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။ ဂါထာ အဖြတ်အတောက်မှန်ကန်စွာ ရွတ်ဖတ်ဖို့လည်း အရေးကြီးပါသည်။ အက္ခရာပါဠိများကို ရောရောထွေးထွေး ဗလုံးဗထွေး ရွတ်ဖတ်တာမျိုးမဟုတ်ဘဲ ကြည်ကြည်လင်လင် ပီပီသသ ရွတ်ပွားသရဇ္ဈာယ်နိုင်ဖို့လည်း အထူးအရေးကြီးလှပါသည်။ (အထူးသတိပြုပါလေ)။

### အထူးမှတ်ချက်

ဤနေရာ၌ အထူးမှတ်ချက်တစ်ခုကို ဆိုပါဦးအံ့ . . ဂါထာအက္ခရာများ ဂါထာအပုဒ်များကို ရေးသားသည့်အခါ ပါဠိအက္ခရာ အဖြတ်အတောက်များကို (အစက်) ကလေးများခံ၍ သော်လည်းကောင်း၊ ပုဒ်မ၊ ပုဒ်ထီး၊ တစ်ချောင်း၊ နှစ်ချောင်း စသည်ဖြင့်တား၍ မှန်ကန်စွာပြသထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့အချို့သော ပုဂ္ဂိုလ်များက ဤသို့ပင် နားမလည် မိမိပါးစပ်ကတွေ့ရာ အာတွေ့ရာ အစက်ကိုကျော်၍ ပိုင်းဖြတ်ထားသော အမှတ်များကိုကျော်လွန်၍ အဖြတ်အတောက်များယွင်းစွာ ရွတ်ဖတ်နေသည်များကိုလည်း တွေ့ဆုံရတတ်ပါသည်။ မိမိအိမ်မှာ အမြဲတန်းဆွမ်းခံကြွနေသော ရဟန်းတစ်ပါးပါးကို မေးလျှောက်လျှင်ပင် ရနိုင်သေးသည်ကို သတိပြုသင့်ပါသည်။ သို့မဟုတ် မိမိတို့နှင့် ရင်းနှီးအကျွမ်းတဝင်ရှိလှသော ရွာဦးကျောင်း ရွာထိပ်ကျောင်းမှ ဆရာတော်တစ်ပါးပါးကို မေးမြန်းလျှောက်ထားပြီး လေ့ကျင့်မှုများပေးပါကလည်း လွယ်ကူချောမောစွာ ရရှိနိုင်ပါသေးသည်ကို သတိပြုသင့်လှ၏။

ထို့ပြင် ပုံနှိပ်ထုတ်ဝေပြီး ဓမ္မဒါန ပြုချင်ကြသော ပုဂ္ဂိုလ်များ အလှူရှင်များတို့ကလည်း ဂါထာတော် (၄) ပုဒ်ကို ရေးသား၍ ပုံနှိပ်စက်မှာ သွားအပ်ကြသော်လည်း မှင်ချောင်း ဘောပင်နှင့် ကူးယူရေးသားရာ၌ အသတ်အငင် အဆွဲအငင်သတ်တာ လွန်သွား၍လည်းကောင်း၊ သော့တာ ဆွဲတာ ငင်တာ ဆက်သွား၍ လွန်သွား၍လည်းကောင်း ဖြစ်တတ်ကြပါသည်။ ထိုအခါ မဏိဇောတ ပဋ္ဌာန်းမြားဂါထာတော်များတွင် (သဃန္တဒွေါ - ခတ္တိယော - တပတိ) ပုဒ် အက္ခရာများတွင် (တ္တိ) မှန်းမသိ (တ္တိ) မှန်းမသိ ရောရောထွေးထွေး ဖြစ်လာတတ်ပါသေးသည်။



အောက်က စာစီသော ကလေးများကလည်း ယခုခေတ်လူငယ်များက နားမလည်တာ မကျွမ်းကျင်တာလည်းပါဝင်ပါလိမ့်မည်။ ဤခေတ်၊ ဤအခါ ခေတ်လူငယ်များမှာ ပါဠိအက္ခရာများကို တွေ့နေကျ၊ ထိတွေ့နေကျမဟုတ်ခဲ့ရင်၊ လုပ်နေကျ ကိုင်တွယ်နေကျမဟုတ်ခဲ့ရင် (တ္တိ)လား (တ္တိ)လား မသဲမကွဲ ဖြစ်လာတတ်ပြီး (တ္တိ) ပဲနဲ့တူတယ် ဆိုပြီး စာစီပြီးရိုက်နှိပ်လိုက်တော့ (အမှား) ဖြစ်ကုန်တာလည်း အတော်များများတွေ့ခဲ့ရ၏။

အချို့ဆိုပါလျှင် ပုံနှိပ်ပြီး ဖြစ်နေပေပြီ။ အက္ခရာ အသတ်အရစ်မှားနေတာလည်း တွေ့နေရနေပြီ။ သို့ပေမဲ့ အမှန်အကန်ပဲထင်ပြီး ဘုန်းကြီးထံ ရိုက်နှိပ်ပြီး လာကပ်လှူထားတာမျိုးလည်း အများကြီးပင် ရှိခဲ့ဖူးပါသည်။ ပြန်ပြင်လို့ကလည်းမလွယ်၊ အမှန်အကန် ဂါထာ (၄) ပုဒ်တို့ကို ပေးစရာကုန်သွား၍ ပေးစရာကလည်း နောက်ထပ်မရှိ၊ ရှိတာတွေက အက္ခရာ အမှားတွေနဲ့ ပုံနှိပ်ထားတာပဲရှိတော့တာ၊ အတင်းအဓမ္မတောင်းနေပြန်တော့လည်း (ဒီအက္ခရာကို ဒီလိုရွတ် ဤအတိုင်းတော့ မရွတ်လေနဲ့ ဒီနေရာလေးကအက္ခရာ အရေးအသားမှားနေတယ်။ နင်တို့ ပြန်ပြင်ကြဦး ပြင်ပြီးမှ ရွတ်ဟဲ့) ဟု ပြောရတာလည်းရှိခဲ့ပါ၏။ မိမိမှာ အရေးကြီးနေသော ကိစ္စများ ရှုပ်ထွေးနေသည့်အခါ မညှန်ကြားမိတာ မပြောမိတာများလည်း

www.burmeseclassic.com

www.burmeseclassic.com



အများကြီးပင် ဖြစ်ခဲ့ရပါသေး၏။ သတိပြုကြပါလေ။ အချို့အချို့သော ပုဂ္ဂိုလ်များသည် ဆရာတော်က (ဟေ့ကောင် ဒီစာသား၊ ဒီအက္ခရာက မှားနေတယ်ကွ ဒီအမှားအတိုင်း မင်းတို့ ရွတ်ဖတ်သရဇ္ဈာယ်နေခဲ့ရင် ပါဠိအက္ခရာမှားနေပါက အနက်အဓိပ္ပာယ်များလည်း မှားကုန်တော့မပေါ့ကွာ။ ဒီတော့ မင်းတို့ ပြန်ပြီး ပုံနှိပ်စက်မှာ ပြန်ပြင်ပြီးရိုက်ဦး၊ ဒီအတိုင်းကတော့ မဟုတ်သေးဘူးကွ) ဟု ပြောလိုက်လည်း နောက်ဆုံးယူလာတော့လည်း ထိုနည်းလည်းကောင်းပင်။

◈ ◈ ◈

# (၃)
# ဤဂါထာတော် (၄)ပုဒ်စလုံး၏ အနက် အဓိပ္ပာယ်အဖွင့် သဘောတရားများ

(က) ပုဒ်ဖြစ်သော မဏိဇောတဂါထာ ပထမပုဒ်ကို တစ်နည်းအားဖြင့် သဗ္ဗဇေယျမင်္ဂလာဂါထာတော်ဟုလည်း လောကီကျမ်းများမှာ ဆိုထားပါသေး၏။ ဂါထာတော်၏ သဘောတရား အဓိပ္ပာယ်မှာ နေမင်းသည် နေ့အခါ နေ့ဘက်များတွင် ထွန်းလင်းတောက်ပနိုင်၏။ ညဘက်ရောက်သည့်အခါ နေမင်း၏ အလုပ်မဟုတ်တော့သည့်အတွက် ညဘက်ကို နေမင်းသည် မလင်းနိုင်။ လင်းခွင့်မရဟု မှတ်ယူရပါမည်။ ထိုနည်းတူစွာ လမင်းသည်လည်း ညဘက်ရောက်ခဲ့လျှင် ည

www.burmeseclassic.com

www.burmeseclassic.com



အခါများတွင် ထွန်းလင်းတောက်ပနိုင်ပါသည်။ ထွန်းလင်း တောက်ပခွင့်လည်း ရနိုင်ပါသည်။ နေ့ဘက်သို့ ရောက်လျှင်မူ မထွန်းလင်းမတောက်ပနိုင်တော့ပေ။ လမင်း၏နေရာ အရာ ဌာနမဟုတ်တော့ပေ။ ထို့ကြောင့် လမင်းသည် နေ့ဘက်မှာ အားမရှိ၊ ညဘက်မှာသာ အားရှိ၏။ နေမင်းသည် နေ့ဘက် မှာသာ အားရှိ၏။ ညဘက်မှာ အားမရှိပါ။ ရှင်ဘုရင်သည် မင်းမြောက်တန်ဆာ (၅)ပါးကို ဝတ်ဆင်ထားပါလျှင် ရှင်ဘုရင် ၏ အရှိန်အဝါ ဂုဏ်ပါဝါ ရာဇဘိသေက မင်္ဂလာနှင့် ထွန်းလင်း တောက်ပနိုင်ပါ၏။ မင်းမြောက်တန်ဆာ (၅)ပါး မဝတ်ဆင်ထား ပါက ရာဇာတို့၏ အရောင်အလင်းမရှိနိုင်ပါ။ ရဟန္တာပုဂ္ဂိုလ်များ သည်လည်း ဈာန်မဝင်စားဘဲ နေသောအခါ သူလိုကိုယ်လို ရဟန်း အချင်းချင်းလိုလိုပင် ထင်မှတ်မှားနိုင်သည်။ ဈာန်သမာ ပတ်တို့ကို ဝင်စားနေပါမှ အရိယာပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်ဟု သိခွင့်ဖူးခွင့် ရနိုင်တော့၏။

သစ္စာလေးပါး တရားတော်တို့ကို သိမြင်တော်မူသည် ဖြစ်၍ သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် ဗုဒ္ဓဘုရားရှင်တို့မှာမူ နေ့ရော ညပါ ဘယ်ခါမလပ် စက္ကန့်မလပ် မိနစ်မလပ် နာရီ မလပ်အမြဲမပြတ် တန်ခိုးတော် ရောင်ခြည်တော်တို့ဖြင့် အမြဲ တစေ ထွန်းလင်းတောက်ပနေစေတော့၏။ ထို့ကြောင့် မဏိ



ဇောတ ပထမဂါထာဖြစ်သော သဗ္ဗဇေယျမင်္ဂလာဂါထာတော် သည် အမှောင်ကိုခွင်း၍ အလင်းကိုဆောင်နိုင်သော ဂါထာ တော်ဖြစ်၏။ မိမိအား အသုံးမပြုဘဲ ဘေးဖယ်ထားသော ကိစ္စများ၊ မိမိအားအထင်အမြင်လွဲမှား၍ နှိမ်ထားခံထားရသော ကိစ္စများတို့ကို ဤမဏိဇောတ သဗ္ဗဇေယျမင်္ဂလာဂါထာတော်ကို ရွတ်ပွားသရဇ္ဈာယ်ပေးခြင်းအားဖြင့် ကိစ္စမှန်သမျှ အမှုမှန်သမျှ အောင်မြင်ပြီးစီးမှုမှန်သမျှ အဆင်ပြေတိုးတက်စေရတော့၏။

ထို့ပြင် ဤသဗ္ဗဇေယျမင်္ဂလာဂါထာတော်ကြီးအား ရှေးပြား ငွေပြား ကြေးကမ္ဗဝါပြားတို့တွင် အစအဆုံး ညီညာစွာ ရေးသား စေပြီး ဗုဒ္ဓရုပ်ပွားတော်ထဲတွင် ဌာပနာစေ၍ ဤဂါထာတော်နှင့် ပင် ရွတ်ပွားသရဇ္ဈာယ်ပေးပါက ဗုဒ္ဓရုပ်ပွားတော်လည်း ရောင် ခြည်တော်လွှတ်နိုင်သည်ဟု ရှေးကျမ်းဂန်များ ရှေးဟောင်းပေမူ များတွင် အထူးပြသထားသည်များကို တွေ့မြင်ခဲ့ရဖူးသည်။ ထို့ကြောင့်ပင်လျှင် ဤမဏိဇောတ ပထမဂါထာတော်သည် (အလင်းဓာတ်)နှင့် ပြည့်စုံသော ဂါထာတော်ကြီးဖြစ်သော ကြောင့် ရာထူးတက်လွယ်၏။ အဆင့်တိုးတက်လွယ်၏။ ပညာ တတ်လွယ်၏။ စာမေးပွဲများအောင်မြင်လွယ်၏။ အောင်မြင်ခဲ့ပါ လျှင်လည်း အမှတ်အများဆုံး ဂုဏ်ထူးအများဆုံးပါဝင်ရနိုင်၏။ ပြောတိုင်း ဆိုတိုင်း တောင်းတိုင်းရနိုင်၏။ ကြံစည်တိုင်း တောင့်

www.burmeseclassic.com

www.burmeseclassic.com



တတိုင်း ဆုတောင်းတိုင်းရလွယ်၏။ ထင်ပေါ်ကျော်ကြား၏။ တေးသံရှင်များ သရုပ်ဆောင်များ ရုပ်ရှင်မင်းသား၊ မင်းသမီးများသည် အမြန်ဆုံး ထင်ပေါ်ကျော်ကြားလာရ၏။

မိမိဘဝ မိမိနေရာ မိမိဌာနများသည် လှပတင့်တယ်နေရ၏။ ထင်ပေါ်ကျော်ကြားလာရ၏။ မိမိ၏ လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများတွင် မိမိသည် ရေပန်းအစားဆုံး ထင်ပေါ်ကျော်ကြားဆုံး လူသိအများဆုံး လူချစ်လူခင်အပေါ်များဆုံးလည်း ဖြစ်နေရတတ်၏။ မိမိ၏ ဆရာသမားများ မိမိအထက် အာဏာပိုင်အကြီးအကဲများသည် မိမိအား အထူးသိမြင်ခြင်းကို ခံစားရတတ်၏။ မိမိအား အပြစ်မှ အမြဲတမ်းခွင့်လွှတ်တတ်၏။ ကူညီမစ စောင့်ရှောက်ခြင်းကိုလည်း ခံစားရနိုင်ပါသည်။ (ပတ္တမြားမှန်လျှင် နွံမှာမနစ်) ဆိုသော စကားသည် ဤမဏိဇောတပတ္တမြားဂါထာတော်၏ ပထမအပုဒ်ကိုပင် ဆိုလိုရင်းဖြစ်ပါလိမ့်မည်ဟု အကျွန်ုပ်ထင်မိခဲ့ပါ၏။ ဤမဏိဇောတပတ္တမြား ရတနာဂါထာတော် (က) အပုဒ်ကို အမြဲရွတ်ပွားသရဇ္ဈာယ်ပေးနေပါက အမှုပြဿနာမှန်သမျှ အနိုင်ရစေ၏။ တရားတပေါင်၊ ရင်ဆိုင်ရမှုမှန်သမျှ အနိုင်ရနိုင်၏။ ခက်ခဲထစ်ငေါ့နေသော ကိစ္စပြဿနာကြီးမှန်သမျှတို့ကိုလည်း လွယ်ကူချောမောစွာ အောင်မြင်ပြီးစီးရ၏။ ပြဿနာအမျိုးမျိုးတို့ကို



လည်းကောင်း၊ ကိစ္စအမျိုးမျိုးတို့ကိုလည်းကောင်း၊ အမှုအမျိုးမျိုးတို့ကိုလည်းကောင်း အောင်မြင်စေရ၏။ ထို့ပြင် စစ်ချီ၊ စစ်တက်၊ စစ်ထွက်ကိစ္စများ သူပုန်၊ ရန်သူ၊ သူခိုး၊ ဓားပြများ၊ သောင်းကျန်းသူများတို့ကို နှိမ်နင်းရာ၌လည်း ဤ (က) ပုဒ်ဂါထာသည် အလွန်တန်ခိုးကြီးလှတော့၏။

## အထူးမှတ်ချက်

နေမင်းသည် နေ့ဘက်တွင် ထွန်းလင်းပေးရမည့် တာဝန်ရှိ၏။ ထို့ကြောင့် နေမင်းသည် နေ့ဘက်တို့ကို လင်းနေသ၍ တောက်ပနေသ၍ ဤကမ္ဘာကြီးသည်လည်းကောင်း၊ ဤစကြဝဠာကြီးသည်လည်းကောင်း၊ မပျက်စီးသေးရာ။ ထိုအခါ နေမင်းသည် နေ့ဘက်တွင် ထွန်းလင်းတောက်ပပေးနေသည် သာမက ညဘက်ပါ နေထွက်နေပါက ဤကမ္ဘာကြီးသည် ပျက်စီးကြရ၏။ ဤလောက ဤစကြဝဠာကြီး သည်လည်း ပျက်စီးကြရတော့၏။ အဘယ်ကြောင့်ဆိုသော် နေပတ်လမ်းကြောင်း လပတ်လမ်းကြောင်းဖောက်ချော်နေမှုကြောင့် စကြဝဠာထဲတွင် ဂြိုဟ်တာရာ အချင်းချင်း တိုက်မိခိုက်မိပြီး အကုန်မီးလောင်၍ ဂြိုဟ်တာရာများ ပျက်စီးကြေမွပျက်ကျရကုန်တော့၏။ ထို့အတူ လမင်းသည် ညဘက်ကို ထွန်းလင်းပေးရမည့်

တာဝန်ရှိပါ၏။ ထို့ကြောင့် လမင်းသည် ညဘက်ကို ထွက်ပေါ် ထွန်းလင်းရပါမည်။ ဤသို့ထွန်းလင်းနေသမျှ ဤကမ္ဘာကြီးသည် လည်းကောင်း၊ ဤလောကကြီးသည်လည်းကောင်း၊ ဤစကြဝဠာကြီးသည်လည်းကောင်း မပျက်စီးနိုင်သေးပါ။ အကောင်းပကတိအတိုင်း ရှိနေသေးရာ၏။ အကြင်အခါ၌ လမင်းသည် ညဘက်မှာ လင်းထိန်၍ လသာ၍ ထွန်းလင်းတောက်ပနေရုံတင်မက နေ့ဘက်များပါ နေမထွက်ရဘဲ လမင်းကပင် ဆက်လက်ထွက်နေပါက လသာနေပါက ဤကမ္ဘာကြီးသည်လည်းကောင်း၊ ဤလောကကြီးသည် လည်းကောင်း၊ ဤစကြဝဠာကြီးသည်လည်းကောင်း မတည်မြဲနိုင်တော့။ အားလုံးပျက်စီးပေးရတော့၏။ အဘယ်ကြောင့်ဆိုသော် နေပတ်လမ်းကြောင်း လပတ်လမ်းကြောင်း ဂြိုဟ်တစ်လုံးနှင့် တစ်လုံးတိုက်မိခိုက်မိပြီး အချင်းချင်းထိတွေ့ ကြေမွ၍ မီးလောင်ကြေမွကြရကုန်တော့၏။

ဤကား မဏိဇောတ ပတ္တမြားဂါထာတော်ကြီး (၄)ပုဒ်တို့တွင် ပထမဦးဆုံးသော (က)ပုဒ်၏ ထူးခြားချက် အားသာချက် အဓိပ္ပါယ်အဖွင့်ဖြစ်ပါ၏။ ထို့ကြောင့် နေနှင့်လ အသွားအလာမှန်နေသမျှ ဤလောက ဤကမ္ဘာကြီးသည် ပျက်စီးခြင်းမရှိ၊ ပုက္ခရောက်ခြင်းမရှိနိုင်ဟု သိမှတ်ကြကုန်ရာ၏။ ထိုအခါ



နေသွားလမ်းကြောင်း လသွားလမ်းကြောင်း အသွားအလာမှားလာခဲ့ပြားအံ့။ ထိုအခါ ဤကမ္ဘာလောကသည် မပျက်စီးချင်လည်းမရ။ ပျက်စီးပေးရတော့သည်ဟု သိမြင်ကြပါလေ။

(ဥပမာ) ဆိုပါဦးအံ့၊ လူ့အသုံးအဆောင်များ ဗီရိုသေတ္တာ ခုတင် စသည်များတို့ကို သစ်သားများဖြင့် အကြမ်းထည်တည်ဆောက်ပြီးသည်နောက် ချောသွားအောင် ကော်ပတ်စားခြင်း၊ တိုက်ပေးခြင်း ပြုရပါမည်။ မိမိစိတ်တိုင်းကျ ချောမွတ်နေအောင် ကော်ပတ်တိုက်စားပြီးပါက လှပတင့်တယ်အောင် အရောင်တင်ပွတ်တိုက်ပေးခြင်း၊ အရောင်တင် ဆေးသုတ်ပေးနိုင်လေ မိမိလုပ်ထားသော ဗီရို၊ ခုတင်၊ သေတ္တာတို့သည် လှပတင့်တယ်၍ ကောင်းလေဟု မှတ်ယူရပါမည်။ ထို့အတူ ဤမဏိဇောတ ပတ္တမြားဂါထာတော်များကိုလည်း မိမိလုပ်ထားသော ပရိဘောဂပစ္စည်းများ အနုပညာပစ္စည်းများ အမြဲတမ်းလှပတင့်တယ်နေအောင် ပါလစ်အရောင်ပွတ်တိုက်ပေးနေသကဲ့သို့ ဂါထာတော်ကြီး (၄) ပုဒ်တို့ကို အမြဲတမ်း မပျက်မကွက်ရွတ်ပွားသရဇ္ဈာယ်ပေးနေလေ မိမိဘဝ၊ မိမိလောကကို အလှဆင်ပေးနေသည်နှင့် အလွန်တူလှတော့၏ဟု သိမှတ်ကြပါလေ။ မဏိဇောတ ပတ္တမြားဂါထာတော် (၄) ပုဒ်သည် မိမိဘဝ တစ်ခုလုံးတို့ကိုလည်း အလှဆင်နိုင်ပါ၏။ ဘဝတစ်ခုလုံးနှင့် လောကကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးတို့ကိုလည်း အလှူဆင်နိုင်ပါသေး၏ဟု မှတ်ကြပါလေ။

ထို့ကြောင့်ပင်လျှင် ဤမဏိဇောတိ ပတ္တမြားဂါထာတော်၏ (က) အပုဒ် သဗ္ဗဇေယျမင်္ဂလာဂါထာတော်သည် ရန်သူမျိုး(၅)ပါးတို့ကို အောင်မြင်နိုင်၏။ ရန်သူမျိုး (၅)ပါး တို့၏ အန္တရာယ်များမှလည်း ကာကွယ်ပေးနိုင်၏။ အတိုက်အခိုက် အဖုအထစ် အခက်အခဲများ၊ ဘေးကျပ်နံကျပ်ကိစ္စမျိုးများ၊ မလိုမုန်းထားမှုများ၊ မချစ်မနှစ်သက်မှုများ၊ ရန်ငြိုးဖွဲ့မှုများ၊ မကောင်းကြံစည်မှုများအားလုံးတို့ကို တိုက်ခိုက်နှိမ်နင်းနိုင်သောစွမ်းအားနှင့်လည်း ပြည့်စုံနေတော့၏။ မိမိ၏ ခန္ဓာကိုယ်ပေါ်တွင် ဖြစ်ပေါ်နေတတ်သော အရေပြားနှင့် ပတ်သက်သော ရောဂါဝေဒနာများ၊ အနာကြီးရောဂါဝေဒနာများ၊ ကင်ဆာရောဂါဝေဒနာများ၊ မြစ်ပွားနာများ၊ ပွေး၊ ညှင်း၊ တင်းတိတ်၊ ဝဲ၊ ယားနာ ကိုယ်သားကိုယ်ရေ မကောင်းခြင်း၊ သွေးလေမညီမျှ၍ ပင်ပန်းနွမ်းနယ်ခြင်း၊ နှလုံးရောဂါ၊ အဆုပ်ရောဂါခံစားနေရခြင်း စသော ရောဂါဝေဒနာများစွာတို့ကိုလည်း ဤသဗ္ဗဇေယျမင်္ဂလာဂါထာတော်ကြီးသည် စိစိညက်ညက်ကျေမွသွားအောင် ရောဂါဝေဒနာမျိုးစုံတို့ကို နိုင်နင်းတော့၏။ အမြန်ဆုံးလည်း ပျောက်ကင်းချမ်းသာစေရ၏ဟု မှတ်သားထားကြပါလေ။



(ခ) အပုဒ်ဖြစ်သော မဏိဇောတ ဒုတိယဂါထာတော် သည် မင်္ဂလသုတ်တော်မှ ထုတ်နုတ်ထားသော ဂါထာတော်မြတ်ဖြစ်ပါသည်။ ဤဂါထာတော်ကို အချို့သော ကျမ်းစာပေစာများတွင်မူ လောကစံဂါထာတော်ဟုလည်း ခေါ်ကြပါသေး၏။ အချို့ ဆရာကြီးများ ဆရာတော်ကြီးများတို့ကလည်း (ဖုဋ္ဌသ) ဂါထာတော်ဟုပင် အတိုကောက်ခေါ်ကြသေး၏။ (ဤမဏိဇောတ ပတ္တမြားဂါထာတော်ကြီး၏ (က) ပုဒ်နှင့် (ခ) ပုဒ် နှစ်ပုဒ်စလုံးတို့သည် လောကုတ္တရာ၊ ဗုဒ္ဓဘုရားရှင်၏ ဟောကြားထားတော်မူခဲ့သော ဗုဒ္ဓစာပေကျမ်းဂန်များမှ ဆင်းသက်လာခဲ့ခြင်းကြောင့် ဤလောကုတ္တရာဂါထာတော် (၂)ပုဒ်စလုံးသည် ရွတ်ပွားသရဇ္ဈာယ်ဖို့သာ အထူးလိုအပ်လှပါ၏။ ရွတ်ပွားသရဇ္ဈာယ်နေသည်နှင့်အမျှ အာမခံချက် အပြည့်အဝရှိနေပါသည်။)

မဏိဇောတ ပတ္တမြားဂါထာတော် (က) ဂါထာတော်နှင့် ဒုတိယ (ခ) ဂါထာတော် (၂) ပုဒ်စလုံးတို့တွင် (က) အပုဒ်ကို ရွတ်ပွားသရဇ္ဈာယ်ပြီးပါက (ခ)အပုဒ်ကို တစ်ဆက်တည်း ရွတ်ပွားသရဇ္ဈာယ်ရပါမည်။ ဤသို့ ရွတ်ဆိုပွားများပေးပါက (က)အပုဒ်၏ တန်ခိုးစွမ်းအား သိဒ္ဓိသတ္တိတို့ကို ဒုတိယ (ခ) ဂါထာတော်၏ တန်ခိုးစွမ်းအား သိဒ္ဓိသတ္တိများက လိုအပ်လာပါလျှင်

www.burmeseclassic.com

www.burmeseclassic.com



အားဖြည့်ကူညီမှုပေးနိုင်ပါသည်။ ထိုနည်းတူစွာပင် ဒုတိယ (ခ) အပုဒ် ဂါထာတော်တွင် လိုအပ်လျက် ရှိနေသော တန်ခိုး စွမ်းအားသိဒ္ဓိ၊ သတ္တိများက အထူးလိုအပ်ချက်ရှိနေခဲ့ပါလျှင်လည်း ပထမ(က)ပုဒ် ဂါထာတော်ကြီးက ပါရမီဖြည့်ဖက်အနေဖြင့် ထောက်ပံ့ပေးနိုင်သည်။ ပံ့ပိုးပေးနိုင်သည်။ ကူညီ၍ အားဖြည့်ပေးနိုင်သည်ဟု သိမှတ်ထားရပါမည်။

ထို့ကြောင့် မဏိဇောတ ပတ္တမြားဂါထာတော် (က)နှင့် (ခ) (၂) ပုဒ်စလုံးသည် ရွှတ်ဖတ်သရဇ္ဈာယ်နေသော ပုဂ္ဂိုလ်များတွင် (အာမခံချက်ပေးနေပါလိမ့်မည်) ဂါထာတော် (၂) ပုဒ်စလုံးသည် တစ်ပုဒ်နှင့်တစ်ပုဒ် သဟဇာတပစ္စည်း၊ အညမညပစ္စည်း၊ နိဿယပစ္စည်းအားဖြင့် အကျိုးပြုနိုင်သည်တို့ကို အထူးသတိပြုသိထားကြပါလေ။ ရွှတ်ဖတ်သရဇ္ဈာယ်နေသော ပုဂ္ဂိုလ်တို့၏ အထူးဝိသေသအားဖြင့် အရေးအကြီးဆုံး အလိုအပ်ဆုံးကိစ္စပြဿနာအဝဝတို့တွင် ရွှတ်ဖတ်သရဇ္ဈာယ်နေသော ပုဂ္ဂိုလ်၏ လိုလားအပ်သော အလိုရှိနေသော တောင့်တနေသော ကိစ္စများအတိုင်း အောင်မြင်ပြီးစီးသွားအောင်၊ လိုအင်ဆန္ဒများ ပြည့်ဝသွားအောင် အားလုံးကိစ္စများ အလိုအလျှောက်ပြီးစီး အောင်မြင်သွားအောင် သိဒ္ဓိများ၊ တန်ခိုးများ စွမ်းအားများ သတ္တိများကို အမြန်ဆုံးထောက်ပံ့ပေးနေပါလိမ့်မည်။ အမြန်ဆုံး



ကူညီဖြည့်ဆည်းပေးနေပေလိမ့်မည်။ ထို့ကြောင့် ဤဂါထာတော် (၂) ပုဒ်စလုံးသည် အာမခံချက်ရှိသည်ဟု မှတ်ပါလေ။

ဤဂါထာတော် (၂)ပုဒ်စလုံးတို့၏ စွမ်းအား၊ သိဒ္ဓိ၊ တန်ခိုး သတ္တိတို့၏ အာမခံချက်ပေးပုံပေးနည်းမှာ (ဥပမာ) ဆိုပါစို့ ငွေရေး၊ ကြေးရေးရပေါက်ရလမ်းပိတ်ဆို့နေ၍ ဝင်ငွေမရှိသော လူတစ်ယောက်သည် ဗုဒ္ဓဘုရားရှင်၏ ရှေ့တော်တွင် (၅) ပါးသော သီလတော်မြတ်တို့ကို ခံယူဆောက်တည်စေ၍ (ငါ့ဘဝမှာ ဗုဒ္ဓဘုရားရှင်ကလွဲ၍ သိနိုင်သည့် ပုဂ္ဂိုလ်ကူညီမစနိုင်မည့်ပုဂ္ဂိုလ် ငါမမြင်တော့ပါ၊ ဗုဒ္ဓဘုရားရှင်သည်သာ ငါ၏ ဒုက္ခ၊ ငါ၏ ဆင်းရဲမှုတို့ကို ဧကန်မုက္ခ ကယ်တင်ပေးနိုင်ပေလိမ့်မည်။) ဟု ဆင်ခြင်သုံးသပ်၍ ဤမဏိဇောတ ပတ္တမြားဂါထာတော် (က)အပုဒ်နှင့် (ခ) အပုဒ် (၂) ပုဒ်စလုံးကို တစ်ထိုင်တည်းနှင့်အပြီး (၁၀၈) ခေါက်စီရအောင် ရွှတ်ပွားသရဇ္ဈာယ်ပေးပါက ထိုဂါထာတော် (၂) ပုဒ်စလုံး၏ သိဒ္ဓိတန်ခိုးများ၊ စွမ်းအား သတ္တိတန်ခိုးများသည် ထိုရွှတ်ပွားသရဇ္ဈာယ်နေသော ပုဂ္ဂိုလ်အား အပူအပင်၊ အကြောင့်အကြ၊ သောက၊ ဗျာပါဒများ ကင်းဝေးစေပြီး စိတ်ဓာတ်တက်ကြွလာကာ အားရကျေနပ်စွာ ဝမ်းသာအားရတက်ကြွစွာ ပီတိအဟုန်များ ဖြစ်ပေါ်ခံစားလာရပြီး ရွှတ်ဖတ်သရဇ္ဈာယ်ပွားများနေသော ပုဂ္ဂိုလ်၏ အထူး

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်နေသော ငွေရေးကြေးရေးကိစ္စများ အလိုလို လာဘ်ပွင့်လာစေရတော့၏။

(ဂါထာတော်တစ်ပုဒ်တည်းနှင့်ပင် ကောင်းကျိုးချမ်းသာ မင်္ဂလာသုခအဖြာဖြာတို့ကို ပေးစွမ်းနိုင်ပါလျက်နှင့် ကိစ္စပြဿနာအဝဝတို့ကို ဂါထာတော်တစ်ပုဒ်တည်း၏ စွမ်းအား သိဒ္ဓိသတ္တိမျိုးဖြင့် အောင်မြင်ပြည့်စုံနိုင်ပါလျက်နှင့် ဂါထာတော် (၂)ပုဒ်စလုံးတို့၏ စွမ်းအားတော် သိဒ္ဓိတော် တန်ခိုးတော် သတ္တိတော်တို့သည် မအောင်မြင်နိုင်သော ကိစ္စဟူ၍ မရှိနိုင်။ မပြီးစီးနိုင်သော ကိစ္စမျိုးဟူ၍ မရှိတော့နိုင်။ မဖြေရှင်းနိုင်သော ကိစ္စအမှုဟူ၍ မရှိနိုင်တော့ပေ။ မတိုးတက် မကြီးပွားနိုင်တာများလည်း မရှိနိုင်တော့ချေ။ အားလုံးပြီးစီးနိုင်တော့၏။)

ထို့ကြောင့်ပင်လျှင် ဤဂါထာတော် (၂)ပုဒ်စလုံးသည် ဘဝအာမခံချက်တို့ကို ပေးစွမ်းနိုင်ပါသည်။ တိကျခိုင်မာသော ရဲရင့်ပြတ်သားသော ဘဝအာမခံချက်တို့ကို ဖြည့်စွမ်းပေးပါလိမ့်ဦးမည်ဟု မှတ်ကြပါလေ .. ဤကား မဏိဇောတ ပတ္တမြားရတနာ ဂါထာတော် (၂) ပုဒ်၏ အစွမ်းပင်တည်း။

ဤမဏိဇောတိ ပတ္တမြားဂါထာ၏ ဒုတိယ (ခ) ဂါထာတော်ဖြစ်သော လောကစံဂါထာတော်သည်လည်း (သိသူဖော်စား၊ မသိသူသွား) ဟူသော စကားနှင့်ညီညွတ်သော ဂါထာကောင်းတစ်ပုဒ်ဖြစ်ပါသည်။ ဤလောကစံဂါထာတော်သည်လည်း အလွန်အမင်း တန်ခိုးကြီးသော စွမ်းအားသတ္တိနှင့် ပြည့်စုံသော တန်ခိုးထက်မြက်သော ဂါထာတော်ပင်ဖြစ်ပါသည်။ ဤလောကစံဂါထာတော်ကြီးနှင့် ပတ်သက်၍ လူအတော်များများ အကုန်အစင် မသိမမြင်နိုင်သေးသလို ဆရာတော်တော်များများသည်လည်း လောကစံဂါထာတော်ကြီး၏ စွမ်းရည်သတ္တိများတို့ကို အစုံအလင် မသိရှိနိုင်သေးပေ။

ပေါက်ဝိဇ္ဇာဆရာတော်ကြီးများကိုယ်တော်တိုင် အမိန့်ရှိတော်မူ၍ အကျွန်ုပ်ကိုယ်တိုင် နားမှကြားသိခဲ့ရဖူးသည်မှာ (မကောင်းကြံစည်မှုမှန်သမျှ မကောင်းကျိုးမှန်သမျှ မကောင်းတဲ့ကိစ္စ မကောင်းတဲ့ပြဿနာမှန်သမျှတို့ကို အကောင်းဘက်သို့ ကောင်းကျိုးချမ်းသာ မင်္ဂလာရှိတဲ့ဘက်သို့ အလိုလို အလိုအလျောက် ပြောင်းလဲပေးနိုင်စွမ်းရှိသော ဂါထာကို ထုတ်ဖော်ပြပါဟုဆိုပါလျှင် လောကစံဂါထာတော်ကိုပင် ထုတ်ပြရမှာဖြစ်ပါသည်။) ဟု အမိန့်ရှိခဲ့ဖူးသည်ကို နာခံမှတ်သားခဲ့ဖူးပါ၏။ ထို့ကြောင့် လောကစံဂါထာတော်မှတ်သည် ရွတ်ဖတ်သရဇ္ဈာယ်ပွားများနေသော ပုဂ္ဂိုလ်အား ဘေးဥပါဒ် အန္တရာယ်အမျိုးမျိုးမှ ဖယ်ရှားသုတ်သင်ပေးနိုင်၏။ ဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ် အန္တရာယ်မှန်သမျှတို့ကိုလည်း ပပျောက်သွားအောင် လွှင့်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားအောင် တိုက်ထုတ်နိုင်သော စွမ်းရည်သတ္တိနှင့်လည်း ပြည့်စုံတတ်ပါသည်။ အမှုကိစ္စအမျိုးမျိုး၊ ပြဿနာအမျိုးမျိုး၊ ဒုက္ခအမျိုးမျိုး၊ ကိစ္စအမျိုးမျိုးတို့ကိုလည်း နှိမ်နင်းနိုင်သော တန်ခိုးစွမ်းအား သတ္တိနှင့်လည်း ပြည့်စုံနေသော ဂါထာတော်ဖြစ်ပါသည်။ အမှုမှန် ကိစ္စမှန် ပြဿနာအမှန် စသည်ဖြင့် မှန်သည့်ဘက်မှ တရားသူကြီးသဖွယ် ဆောင်ရွက်ပေးနိုင်သော ဂါထာတော်ကြီးလည်း ဖြစ်ပါသည်။ ဒုက္ခမှန်သမျှ၊ သောကဗျာပါဒမှန်သမျှ၊ အတိုက်အခိုက်မှန်သမျှ၊ အထစ်အငေါ့၊ အခက်အခဲမှန်သမျှ၊ ဘေးအမျိုးမျိုး၊ ရန်အမျိုးမျိုးမှန်သမျှတို့ကိုလည်း ဖယ်ရှားသုတ်သင်နိုင်စွမ်း ရှိသော ဂါထာတော်လည်း ဖြစ်ပါသည်။ ဤဂါထာတော်ကြီးကို ရွတ်ဖတ်ပွားများ သရဇ္ဈာယ်ပေးခြင်းအားဖြင့် လောကဓံတရားကို ကြံ့ကြံ့ခံနိုင်စွမ်းရှိနေသော ဂါထာတော်ကြီးလည်း ဖြစ်ပါသည်။

လောကဓံတရားကို မသိမမြင်သေးသ၍ သူတော်ကောင်းတရားကို မသိမမြင်နိုင်သေးပေ။ လောကဓံတရားကို မခံစားဖူးသေးသ၍ လောကအကြောင်း၊ ဘဝအကြောင်းကို မသိမမြင်နိုင်သေးပါ။ လောကဓံတရားကို ခံစားဖူးသူသည် လောကနှင့်ဘဝအကြောင်းကို ကောင်းကောင်းနားလည် သွား၏။ လောကဓံတရားကို ခံစားဖူးသူသည် တရားဓမ္မလမ်းကြောင်းအတိုင်း



အမှန်ကိုတက်လှမ်းနိုင်၏။ လောကဓံတရားကို ခံစားဖူးသူသည် မေတ္တာကမ္မဋ္ဌာန်းအားထုတ်ရာတွင် အထောက်အကူ ဖြစ်စေ၏။ လောကဓံတရားကို ခံစားဖူးသူသည် လောကတွင် နေတတ်၊ ထိုင်တတ် ကျင့်ကြံအားထုတ်တတ်သွား၏။ လောကဓံတရားအရိုက်အပုတ်ခံရသူသည် ဘဝတွင် ကိုယ်ချင်းစာနာတတ်သွား၏။ အမှန်ကိုသိသွား၏။ ဤလောကဓံတရားတို့ကို ကြံ့ကြံ့ခံနိုင်ရည်ရှိလာအောင် စွမ်းဆောင်ပေးနိုင်သော ဂါထာတော်ကြီးမှာ မင်္ဂလသုတ်တော်မှ ဆင်းသက်လာခဲ့သော (ဖုဋ္ဌဿ) ဂါထာတော်ကြီးပင် ဖြစ်ပါသည်။ ဤဖုဋ္ဌဿဂါထာတော်ကြီးသည် အပူမှန်သမျှတို့ကို ကင်းဝေးပပျောက်စေ၍၊ စိတ်ရောကိုယ်ပါ အေးမြကြည်လင်စေတတ်ပါသည်။ ဤဖုဋ္ဌဿဂါထာတော်ကြီးသည် နက်မှောင်နေသော ဘဝမျိုးမှ ဖြူစင်သန့်ရှင်းနေသော ဘဝမျိုးတို့ကိုလည်း ဖန်တီးပေးနိုင်စွမ်းလည်းရှိပါသည်။

ဤဖုဋ္ဌဿဂါထာတော်ကြီးသည် သံသရာဝဋ်ဆင်းရဲဒုက္ခ၏ အညစ်အကြေးများသဖွယ်ဖြစ်သော ကိလေသာ အညစ်အကြေးများ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော အညစ်အကြေးများကို မရှိအောင်ပြု၍ စင်ကြယ်အောင်ပြု၍ တစ်ဖက်မှာလောကဓံတရားကို ကြံ့ကြံ့ခံရင်း ဖုဋ္ဌဿဂါထာတော်မြတ်ကြီးကို အမှီသဟဲ ဥပနိဿယပြု၍ ဝိပဿနာတရားကို တက်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ခြင်းအားဖြင့် မိမိဘဝတွင် လောကဓံတရားတို့ကို နိုင်နင်းအောင်တော်မူ၍ ကိလေသာတည်းဟူသော အညစ်အကြေးများ မြူမှုံမျှဖြင့် မကပ်ရောက်သော အရိယာအရဟန္တပုဂ္ဂိုလ်အထိ တက်၍ တက်၍ ပွားများသရဇ္ဈာယ်အားထုတ်ပိုင်ခွင့်လည်း သိရမြင်ရကြားရ အားထုတ်ခွင့်လည်း ရရှိသွားနိုင်ပေလိမ့်မည်။

ထို့ပြင် ဤဖုဋ္ဌသဂါထာတော်ကြီးသည် ရေဘေး၊ လေဘေး၊ မီးဘေး၊ အဆိပ်ရှိသော သတ္တဝါများ၏ဘေး၊ အစွယ်ရှိသော သတ္တဝါများ၏ဘေး၊ ဦးချိုရှိသော သတ္တဝါများ၏ဘေး၊ ငတ်မွတ်ခေါင်းပါးသောဘေး၊ လက်နက်၊ ခဲယမ်း မီးကျောက်တို့၏ ပစ်ခတ်တိုက်ခိုက်သောဘေး၊ သတ္တဝါများအား ရက်စက်သတ်ဖြတ်သောဘေး၊ ရောဂါအနာဝေဒနာများ နှိပ်စက်သော ရောဂါအနာဘေးများ၊ မိုးကြိုးလောင်မီးဘေး စသော ဘေးအမျိုးမျိုး ဥပါဒ်အန္တရာယ်အမျိုးမျိုးတို့မှလည်း ကင်းဝေးပပျောက်၍ ထိုဘေးဥပါဒ်အန္တရာယ်များကို ပယ်ရှားသုတ်သင်နိုင်စွမ်းလည်း ရှိပါသည်။ လုံးဝနောက်ထပ်မလာနိုင်အောင် မကပ်ရောက်နိုင်အောင် မရှိအောင်လည်း စွမ်းဆောင်ပေးနိုင်သော ဂုဏ်သတ္တိ စွမ်းအားနှင့်လည်း ပြည့်စုံနေသော ဂါထာတော်မြတ်ဖြစ်ပါသည်။

ဤဖုဋ္ဌသဂါထာတော်ကြီးအား ရွတ်ပွားသရဇ္ဈာယ်နေ၍



အားကိုးအားထားပြုကာ ရွတ်ပွားနေသ၍ ကာလပတ်လုံး ဆင်းရဲဒုက္ခကြောင့် မကြောက်ရွံ့မတုန်လှုပ်တော့ပေ။ စိုးရိမ်စရာကြောင့်ကြစရာ ပူပန်စရာ လန့်စရာ ထိတ်စရာများကြောင့်လည်း မကြောက်ရွံ့ မတုန်လှုပ်တော့ပေ။ ဘေးအမျိုးမျိုးရန်အသွယ်သွယ် အန္တရာယ်အပေါင်းတို့ကို ကြုံတွေ့နေရပေမဲ့ မကြောက်ရွံ့မတုန်လှုပ်တော့ပေ။ ရောဂါဝေဒနာ အနာများနှင့် ပြည့်နှက်နေ၍ ဝေဒနာများကို ခံစားနေရသော်လည်း မကြောက်ရွံ့ မတုန်လှုပ်တော့ပေ။

ထို့ပြင်လည်း ဤမဏိဇောတ ပဋ္ဌာန်းဂါထာတော်၏ ဒုတိယ (ခ) ဂါထာတော်ဖြစ်သော ဤဖုဋ္ဌသဂါထာတော်ကြီးသည် (သမားတော် ဇီဝကနှင့်လည်း အသွင်သဏ္ဌာန်တူလှ၏။ ဆေးဘက်တွင် ကျွမ်းကျင်လိမ္မာသော သိဒ္ဓိအမျိုးမျိုးတို့ကို ပေါက်မြောက်ပြီးဖြစ်သော ဆေးဝိဇ္ဇာတစ်ပါးကဲ့သို့လည်း အသွင်သဏ္ဌာန် တူလှသေး၏။) အဘယ်ကြောင့်ဆိုသော် ဤမဏိဇောတ (ခ) ဂါထာတော်ကြီးသည် ရောဂါမှန်သမျှတို့ကို ဖယ်ရှားသုတ်သင်နိုင်သော သိဒ္ဓိမျိုး၊ သတ္တိမျိုးလည်းရှိနေသောကြောင့် ဖြစ်ပါသည်။ လောကလူသား၏ ဆရာဝန်များ သမားတော်ကြီးများ ပါရဂူများကုသ၍ မရနိုင်တော့သော ခက်ခဲသည့်၊ ဒဏ်နှင့်မကင်းကြသည့်၊ အကုသိုလ်နှင့်မကင်းကြ

www.burmeseclassic.com

www.burmeseclassic.com



သည့် လောကနှင့် ဘဝကပေးအပ်၍ ခံနေကြရသည့် ဘဝဒဏ်ရာ၊ ဒဏ်ချက်များနှင့် ပြည့်နှက်နေသည့်ရောဂါများ၊ အနာများ၊ ဝေဒနာများတို့ကိုလည်း ကုသကယ်မနိုင်သော၊ စွမ်းရည်သတ္တိမျိုးနှင့်လည်း ပြည့်စုံနေသော ဂါထာတော်ကြီး ဖြစ်ပါသည်။

## အထူးမှတ်ချက်

ရိုးရိုးဖြစ်သော သွေးကြောင့်ဖြစ်သော ရောဂါအနာများ၊ လေကြောင့်ဖြစ်သော ရောဂါအနာများ၊ ပထဝီကြောင့်ဖြစ်သော ရောဂါအနာများ၊ သည်းခြေကြောင့်ဖြစ်သော ရောဂါအနာများ၊ သလိပ်ကြောင့်ဖြစ်သော ရောဂါအနာများ၊ အာပေါဓာတ်ကြောင့်ဖြစ်သော ရောဂါအနာများ၊ တေဇောဓာတ်ကြောင့်ဖြစ်သောရောဂါအနာများအား သမားတော်ပါရဂူများဖြင့် ကုသရမှုသည် ပျောက်ကင်းချမ်းသာနိုင်ပါ၏။ တောဆေးများနှင့်ကုကု၊ ခေတ်မီဆေးဝါးများဖြင့်ကုကု အချိန်တန်လျှင် ပျောက်ကင်းချမ်းသာနိုင်ပါသည်။ ဗုဒ္ဓဒဏ်သင့်နေမှု၊ ဓမ္မဒဏ်သင့်နေမှု၊ သံဃာ့ဒဏ်သင့်နေမှု၊ မိဘဒဏ်သင့်နေမှု၊ အာစရိယဒဏ်သင့်မှု၊ ခင်ပွန်းကြီးဆယ်ပါး တစ်ပါးပါးကို စော်ကားမှု၊ အကုသိုလ်အားကြီးမှု စသည်တို့ကြောင့် ဖြစ်သော ရောဂါအနာ၊



ဝေဒနာမျိုးကိုမူ မည်သည့်သမားတော် ပါရဂူမျိုးမှာမှ မတတ်နိုင်ချေ။ ရောဂါအနာများ မပျောက်ကင်းနိုင်ချေ။ ဘိုးရင်း ၇၄၇ လေယာဉ်ပျံကြီးဖြင့် အမေရိကန်နိုင်ငံအထိ သွားကုလည်း ငွေကုန်ရုံကလွဲ၍ ရောဂါဝေဒနာများ မပျောက်ကင်းနိုင်ပါ။ ကုသိုလ်ကောင်းမှုမျိုးများကို ဆောင်ရွက်လုပ်ကိုင်ပြီး ဘုရားကုကုပါမှ ပျောက်ကင်းနိုင်ပါသည်။ သို့မဟုတ် သစ္စာအဓိဋ္ဌာန်ပြု၍ ဤမဏိဇောတပဋ္ဌာန်းဂါထာတော် (၁) အပုဒ် ဖုဋ္ဌသဂါထာတော်ဖြင့် ကုသကယ်မနိုင်လျှင်လည်း ဤဖုဋ္ဌသဂါထာတော်သည် အစွမ်းအာနိသင် ထက်မြက်လှ၏ဟု မှတ်ယူပါလေ။

(ဥပမာ နမူနာပြဦးအံ့) . . မိမိ၏ ခန္ဓာကိုယ်တွင် ကုသရခက်ခဲနေသော၊ မပျောက်ကင်းနိုင်လွန်းသော ရောဂါအနာစွဲကပ်နေသည်ဆိုပါစို့။ သမားတော်လည်းစုံပြီ၊ ပါရဂူလည်းစုံသွားပြီ၊ ဆေးတွေလည်းစုံနေပြီ၊ ငွေလည်း အတော်ကုန်နေပြီဒါဆိုလျှင် ဘာလုပ်မလဲ။ ဗုဒ္ဓဘုရားရှင်၏ ကုထုံးနှင့်ကုရပါတော့မည်။

ပထမဦးစွာ ဗုဒ္ဓဘုရားရှင်အား ရည်စူး၍ ငှက်ပျော (၃) ဖီးနှင့် အုန်းသီး (၁)တစ်လုံးနှင့် ဘုရားပွဲတစ်ပွဲ ပြင်ပါ။ ကန်တော့ပွဲထဲမှာ ကွမ်း(၃)ယာ၊ လက်ဖက် (၃) ကတော့၊ မင်္ဂလာရှိသော ပန်း (၃) ပွင့်ထည့်၊ အမွှေးတိုင် တစ်ထုပ်ထည့်၊ ဖယောင်း

www.burmeseclassic.com

www.burmeseclassic.com



တိုင်တစ်ထုပ်ထည့်၊ အမွှေးတိုင်မီး၊ ဖယောင်းတိုင် မီးထွန်းညှိ၍ ဗုဒ္ဓဘုရားရှင်အား ပင့်ဖိတ်၍ ဘုရားကို ကပ်လှူပူဇော်ထားပါ။ ဘုရားပွဲ၏ တစ်ဖက်တစ်ချက်မှာ သာသနာစောင့် နတ်မင်းကြီးများပွဲ (၁) ပွဲ၊ ဆေးဝိဇ္ဇာများအတွက်က ကန်တော့ပွဲ (၁) ပွဲ စုစုပေါင်းပွဲ (၃)ပွဲ ပြင်ရပါမည်။ သာသနာစောင့်နတ်မင်းကြီးများအား ပင့်ဖိတ်၍ သာသနာပွဲကို လှူဒါန်း ရောဂါအနာပျောက်ကင်းဖို့ကို ဆုတောင်းပါ။ ဆေးအတတ်ဖြင့် ထွက်ရပ်လမ်း ပေါက်မြောက်အောင်မြင် ပြီးစီးကြကုန်သော ဆေးဝိဇ္ဇာများကို ပင့်ဖိတ်၍ ကန်တော့ပွဲကို လှူဒါန်းပါ။ ရောဂါအနာပျောက်ကင်းဖို့ကို ဆုတောင်းပါ။ (ပင့်ဖိတ်၍ ဆုတောင်းခဲ့လျှင် အမွှေးတိုင် ဖယောင်းတိုင်မီးတို့ကို ပူဇော်ပြီးမှ ဆုတောင်းရမည်ကို သတိပြုပါ)။

ထို့နောက် ဗုဒ္ဓဘုရားရှင်အား ပင့်ဖိတ်၍ (၅) ပါးသော သီလတော်မြတ်တို့ကို ခံယူဆောက်တည်ပြီးနောက် (ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူထသော ဗုဒ္ဓမြတ်စွာဘုရား တပည့်တော်ရှိသေစွာလျှောက်ထားပါ၏။ ဘုရားတပည့်တော်သည် နေ့စဉ် (၅)ပါးသော သီလတော်မြတ်တို့ကို ခံယူဆောက်တည်ပါမည်ဘုရား။ ထိုသို့ (၅) ပါးသော သီလတော်မြတ်တို့ နံနက်/ည ခံယူဆောက်တည်၍ ဗုဒ္ဓဘုရားရှင် ဟောတော်



မူခဲ့သော (လောကခံဂါထာဟု ခေါ်ဆိုသော ဖုဋ္ဌဿဂါထာတော်ကြီး) ကို တစ်ထိုင်တည်းနှင့် ကြိယာပုတ်တစ်ပါးတည်းဖြင့် နံနက် အရုဏ်တက်အချိန်မှာ (၁၀၈) ခေါက်၊ နေမွန်းလွဲအချိန်မှာ (၁၀၈) ခေါက်၊ ညပိုင်းမှာ (၁၀၈) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ပါမည်ဘုရား။ ဤသစ္စာအဓိဋ္ဌာန်စကားကို သစ္စာပြုဆိုပါ၏ ဘုရား။ ဤမှန်ကန်သော သစ္စာစကားကြောင့် တစ်ရက်တာအတွက် ဖုဋ္ဌဿဂါထာတော်အား (၁၀၈) ခေါက်၊ (၃) ကြိမ်တိတိ ရွတ်ဆိုပွားများရသော ကုသိုလ်ကောင်းမှုကြောင့်၊ ဖုဋ္ဌဿဂါထာတော်ကြီး၏ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့် တပည့်တော်၌ ခံစားနေရသော ရောဂါအနာတို့သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ အမြန်ဆုံးပျောက်ကင်းချမ်းသာလာပါစေသတည်းဟု ဆုတောင်း၍ ဤလောကခံဂါထာတော်ဖြစ်သော ဤဖုဋ္ဌဿဂါထာတော်ကြီးကို တစ်ရက်မှာ (၃) ကြိမ် ရွတ်ပွားသရဇ္ဈာယ်ပေးရပါမည်။ (၁) ကြိမ်လျှင် ဂါထာတော် (၁၀၈) ခေါက်စေ့အောင် ရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။ ဤကဲ့သို့လျှင် သစ္စာပြုအဓိဋ္ဌာန်ပြု၍ ဖုဋ္ဌဿဂါထာတော်ကြီးကို ရိုသေလေးစားစွာ ယုံကြည်အားကိုးစွာ ရွတ်ပွားသရဇ္ဈာယ်ပေးခြင်းဖြင့်ပင် တစ်ပတ်ပြီးတစ်ပတ်၊ တစ်လပြီးတစ်လ၊ ရောဂါဝေဒနာများ သက်သာပျောက်ကင်းနိုင်လာပါ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ (အချို့ပုဂ္ဂိုလ်များ၊ အချို့ဆရာများသည် ဗုဒ္ဓဘုရားပွဲတော်ရှေ့နားတွင် သောက်တော်ရေသန့်တစ်ဖန်ခွက်ကို သစ္စာပြုဘုရားကိုကပ်လှူ၍ ရောဂါအတွက် ဆုတောင်းထား၍ ဂါထာတော်ကြီးကို ရွတ်ပွားသရဇ္ဈာယ်ပါသည်။ ရွတ်ပွားသရဇ္ဈာယ်၍ ပြီးစီးပါက ပြုလုပ်သမျှသော ကုသိုလ်ကောင်းမှုများအတွက် (အမျှ) ပေးဝေပြီးမှ ရောဂါအနာများ ပျောက်ကင်းစေရန် အတွက် ကပ်လှူထားပြီးသော သောက်တော်ရေသန့်ခွက်အား စွန့်ယူ၍ သောက်ပေးရပါမည်။ အနာရှိခဲ့လျှင်လည်း ထိုအနာများကို ထိုရေသန့်နှင့်ပင် ပွတ်ပေးဆေးကြော သုတ်သင်ပေးရပါမည်။

ဤကား မဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီးတွင် (ခ) အပုဒ် ဒုတိယ ဖုဋ္ဌသဂါထာတော်ကြီး၏ အညွှန်းတစ်မျိုး အသုံးတစ်မျိုးပင် ဖြစ်ပါသည်။ ဤမဏိဇောတ ပတ္တမြားဂါထာတော်ကြီး၏ (ခ) ဒုတိယပုဒ်ဂါထာ၏ အညွှန်းသည် မဟာသမုဒ္ဒရာကဲ့သို့ အပြောကျယ်ဝန်းလှတော့၏။ ထို့ကြောင့် ပညာရှင်ကြီးများ ကြိုးစား၍ ကြံစည်ဖော်ထုတ်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါ၏။

ဤမဏိဇောတ ပတ္တမြားဂါထာတော် (၄) ပုဒ်တို့တွင် တတိယဂါထာ (ဂ)နှင့် စတုတ္ထဂါထာတော် (ဃ) (၂) ပုဒ်စလုံး



တို့သည် လောကီဘက်မှ ဆင်းသက်ပေါက်ဖွားလာခဲ့သော ဂါထာတော် (၂) ပုဒ်ဖြစ်ပါသည်။ လောကုတ္တရာဘက်မှ ဆင်းသက်လာခဲ့သော ဂါထာတော်များ မဟုတ်ပါချေ။ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ပါဠိစာပေများမှ ကျမ်းဂန်များမှ ထုတ်နုတ်ဖော်ပြထားသော ဂါထာတော်ကြီး (၂) ပုဒ်သည် ဗုဒ္ဓဘုရားရှင်၏ နှုတ်ခမ်းတော်မှ စကားတော်မှ ဆင်းသက်လာခဲ့ခြင်းကြောင့် ဘဝတစ်ခုအတွက် လောကတစ်ခုအတွက် တစ်သံသရာအတွက် (ဘဝအာမခံချက်ရှိနေသည်တို့ကို) တွေ့မြင်နေရပါမည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောကြားထားခဲ့သော တရားများဖြစ်နေသောကြောင့် ဖြစ်၏။ လောကီဆရာကြီးများ၊ ဆရာတော်ကြီးများ၊ ဝိဇ္ဇာ၊ ဇော်ဂျီများသည် (ဗုဒ္ဓဘုရားရှင်မဟုတ်ခဲ့ပါပေ) ပညာရပ်ကို ပေါက်မြောက်ပြီး တန်ခိုးဈာန်၊ အဘိညာဉ်ရပြီး သိဒ္ဓိပေါက်ပြီးဖြစ်သော လောကီဆရာကြီးများကိုသာ ဆိုလိုရင်းဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်များသည် သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်တို့နှင့် တန်ခိုးကမ္မဇိဒ္ဓိချင်း၊ သိဒ္ဓိချင်း သူမသာ/ ကိုယ်မသာရှိကြပါသည်။ (ဗုဒ္ဓဘုရားရှင်၏ ကျောင်းတိုက်ထဲတွင် ရေချိုး၊ ရေခပ်၊ ဆွမ်းချက်၊ ကနုတ်ဆေး၊ ကုဋီဆေး စသည်ဖြင့် ကျောင်းတိုက်တစ်တိုက်၏ ဝေယျာဝစ္စ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ဆောင်ရွက်လုပ်ကိုင်နေရသော ကပ္ပိယကျောင်းသား အဆင့်နှင့် အလားသဏ္ဍာန်တူလှတော့၏) ဟု မှတ်ယူကြပါလေ။

ဗုဒ္ဓဘုရားရှင်၏ အထံတော်မှ သက်ဆင်းတော်မူခဲ့သော စကားများ ပါဠိတော်များ ဂါထာတော်များသည်သာ (အာမခံချက်) ရှိသည်သာ ဖြစ်တော့၏။ လောကီကျမ်းဂန်များမှသော်လည်းကောင်း၊ လောကီဘက်တွင် ပေါက်မြောက်ခဲ့ဖူးသော ဆရာကြီးများသက်ဆင်းလာခဲ့သော ဂါထာတော်များ၊ မန္တန်တော်များသည် (လောကသစ္စံ - နသစ္စံ) ဟု ဆိုထားသည့်အတိုင်း မှန်တာလည်း ရှိနိုင်၏။ မှားတာလည်း ဖြစ်နိုင်ပါ၏။ ထို့ကြောင့် (အာမခံချက်မပေးနိုင်ပေ) ယုံကြည်ချက်နှင့် ကြိုးစားအားထုတ်မှုသာ ပဓာနဟု သိမှတ်ကြကုန်ရာ၏။

ကာလီ ဒါသ ဆရာကြီးလက်ထက်ကပင် စတင်၍ အသုံးပြုခဲ့သည်ဟု သိရှိထားရသော မဏိဇောတ ပတ္တမြားဂါထာတော် (၄) အပုဒ်ကို ရတနာဒီပံ အရံဂါထာတော်အနေဖြင့်လည်း တွေ့ခဲ့ရဖူးပါသည်။ ကုန်လွန်ပြီးခဲ့သော နှစ်ပေါင်း (၄၀)ခန့်ကပင်လျှင် အကျွန်ုပ်ကိုယ်တိုင်ပင် များစွာအသုံးပြုခဲ့ဖူးပါသည်။ ဤကာလီဒါသ ဆရာ၏ ရတနာဒီပံ နတ်ချစ်ဂါထာတော်သည် (အစွမ်းသတ္တိ ထက်မြက်သည်မှာ အမှန်အကန်ပင် ဖြစ်ပါသည်)



ကာလီဒါသ ဆရာကြီးမှ စတင်၍ လျှို့ဝှက်လာခဲ့သော ဂမ္ဘီရသိုက်ဝင် ရတနာဒီပံဂါထာပင် ဖြစ်နေတော့၏။ ရှေးရှေးသော သိဒ္ဓိပေါက်၊ မဟိဒ္ဓိပေါက်၊ ပညာပေါက်၊ ဆရာ့ ဆရာကြီးများ အထူးလျှို့ဝှက်ထားသော၊ မဖော်ပြထားသော၊ အဓိပ္ပာယ်မဖွင့်သော ဂါထာတော်လည်း ဖြစ်ပါသည်။

ဤတွင် အကျွန်ုပ်၏ ကျေးဇူးရှင် ဓမ္မသိဒ္ဓိပါရဂူလေးကျွန်းပိုင်ဆရာတော်ကြီးက အမိန့်တော်ချမှတ်ခဲ့သည်မှာ (ဤရတနာဒီပံ အရံဂါထာတော်ကြီးကို ဆရာ့ ဆရာကြီးများက မသူတော်လက်ထဲရောက်သွားမှာစိုး၍ လူယုတ်မာတွေ မဟုတ်တာလုပ်မိစီရင်မိမှာစိုး၍ လျှို့ဝှက်ထားသော တန်ဖိုးမဖြတ်နိုင်သည့် အစွမ်းထက်မြက်သည့် ဂါထာတော်ကို မင်းကဖော်ကောင်လုပ်ပြီး မင်းဖော်ပြီးဖြန့်ပြလိုက်ရင် ဆရာ့၊ ဆရာကြီးများ၏ အပေါ်မှာ မင်းသစ္စာဖောက်သလို ဖြစ်သွားမှာပေါ့ကွာ။ ဆရာ့ဆရာကြီးများ လျှို့ဝှက်ထားတာ။ ဒါအကြောင်းရှိလို့ပေါ့ကွ။ ဒီတော့ မင်းလည်း ဂါထာတော်ကိုပဲပြ၊ အနက်အဓိပ္ပာယ် သဘောတရားတွေကို မပြလိုက်နှင့်။ လျှို့ဝှက်ထားသော ပညာရပ်များသည် လျှို့ဝှက်ထားသည်သာ အကောင်းဆုံးပဲ) ဟုဆိုပါသည်။

ဆိုလိုသည်မှာ ဤမဏိဇောတ ပတ္တမြားဂါထာတော် (၄)အပုဒ်သည် နတ်ချစ်သော အချစ်ဂါထာတော် မဟုတ္တာ

www.burmeseclassic.com

www.burmeseclassic.com



သက်ဝင်နိုင်သော ဂါထာတော်ဖြစ်သောကြောင့် သူတော်ကောင်း သူမြတ်လောင်းတို့သည် ကတိသစ္စာမှန်ကန်စွာဖြင့် (ကုသိုလ်တရားမပျက်စေဘဲ ကုသိုလ်ကောင်းမှုတရားများကို ရှေ့ရှု၍ စီရင်ဆောင်ရွက်ပါက အပြစ်မဖြစ်နိုင်သော်လည်း လူယုတ်မာလက်ထဲ ရောက်သွားခဲ့လျှင်လည်းကောင်း၊ အောက်လမ်းဆရာ လက်ဝဲဆရာများ၏ လက်ထဲရောက်ရှိသွားပါက မိန်းမများအတွက် အမျိုးသမီးများအတွက် လောကကြီးသည် ရင်ပူစရာ ရင်လေးစရာ ဖြစ်လာနိုင်သောကြောင့် ဤကာလီဒါသ၏ ရတနာဒီပံ အချစ်ဂါထာတော်ကြီးကို (လျှို့ဝှက်)ကြခြင်း ဖြစ်နိုင်ပါလိမ့်မည်။ အကျွန်ုပ်လည်း ဖော်ပြပိုင်ခွင့်မရှိ။ မိမိဘာသာ ကြံစည်၍ ယူကြပါလေ။

ဤရတနာဒီပံအချစ် ဂါထာတော်ကြီးအား နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ပေးနိုင်ပါက ခုနစ်ရက်သား/ခုနစ်ရက်သမီးတို့ ချစ်ခင်မြတ်နိုးလာကြရကုန်တော့၏။ ဆရာတပည့်များ သားသမီးများနှင့် မိဘများ၊ အဘိုး၊ အဘွားများနှင့် မြေးမြစ်များ စည်းလုံးချစ်ခင်မြတ်နိုးကြင်နာကြရကုန်၏။ တစ်အိမ်ထောင်စုနှင့် တစ်အိမ်ထောင်စု၊ တစ်မိသားနှင့်တစ်မိသား၊ တစ်ဆွေမျိုးနှင့်တစ်ဆွေမျိုး၊ လူအဖွဲ့အစည်းအချင်းချင်း လူအဖွဲ့အစည်းတစ်ခုနှင့်တစ်ခု စည်းလုံးစွာ ချစ်ခင်ကြင်နာစွာ ချစ်ခင်နှစ်



သက်လာကြရ၏။ လင်မယားအချင်းချင်း ချစ်သူသမီးရည်းစားအချင်းချင်း မကွဲမကွာ ခွဲခြားမရ၊ ရေကိုသားသော်၊ အကြားမထင်သလို တစ်ဦးနှင့်တစ်ဦး အထူးချစ်ခင်ခြင်း၊ အထူးကြင်နာခြင်း၊ အထူးယုယခြင်း၊ အထူးစည်းလုံးညီညွတ်စွာ ချစ်ခင်နှစ်သက်ကြရကုန်တော့၏။ တစ်ရွာနှင့်တစ်ရွာ၊ တစ်မြို့နှင့် တစ်မြို့၊ တစ်ဒေသနှင့် တစ်ဒေသ၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ ရန်မီးမပွား၊ ပဋိပက္ခမရှိ ခိုက်ရန်ဒေါသမရှိ၊ အမြဲစည်းလုံးခြင်း၊ အမြဲချစ်ကြည်ခြင်း၊ အမြဲချစ်ခင်ခြင်း၊ အမြဲညီညွတ်ခြင်း ရှိလာကြရတော့၏။ အလုံးစုံကုန်သော တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ အိမ်စောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်၊ ဒေဝကိန္နရီ-ဒေဝ ကုမ္မာရီ၊ ဒေဝက္ကန္ဒီ၊ ဘုမ္မက္ကတ္ထိ၊ ရုက္ခက္ကတ္ထိ၊ အာကာသက္ကတ္ထိ၊ စတုလောကပါလနတ်များ၊ သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်မင်းများကစ၍၊ မိမိအား ချစ်ခင်လေးစားလာရ၏။ နတ်များ မိမိအား မမုန်းနိုင်၊ အမုန်းမရှိ၊ ပဋိပက္ခမရှိ၊ အဆင်မပြေပါဘူးဆိုတာမရှိ၊ အားလုံးပင် ချစ်ခင်မြတ်နိုးလေးစားလာရကုန်၏။ အားလုံးပင် မေတ္တာသက်ဝင် ကြင်နာချစ်ခင် ဖြစ်လာကြရကုန်၏။ အလုံးစုံသော အဆိပ်ရှိသော သတ္တဝါများ၊ အခြားအခြားသော သားရဲတိရစ္ဆာန်များ၊ ကျား၊ ဆင်၊ မြွေ၊ ကင်း၊ သန်း၊ ကြွက်၊ နွား

www.burmeseclassic.com



တိရစ္ဆာန်များပါမကျန် မိမိအား ရတနာဒီပံ အချစ်ဂါထာတော်ကြီး၏ သိဒ္ဓိတော်တို့ကြောင့် အထူးသက်ဝင်၊ အထူးမေတ္တာဝင်၍ ချစ်ခင်ကြည်ဖြူလာကြရကုန်တော့၏။

ဤကား မဏိဇောတပတ္တမြားဂါထာတော် (ဂ)အပုဒ်၏ ရတနာဒီပံအချစ်ဂါထာတော်၏ သဘောတရား အဓိပ္ပာယ် အဖွင့်ပင်ဖြစ်ပါသည်။ ထို့နောက် မဏိဇောတပတ္တမြားဂါထာ (ဃ)ပုဒ်ဖြစ်သော စတုတ္ထဂါထာတော်ကတော့ ရှင်းပါသည်။ သူလည်း နတ်ချစ်ဂါထာတော်တစ်မျိုးပင် ဖြစ်ပါသည်။ (အနက်အဓိပ္ပာယ်တို့မှာ ပေါ်လွင်ထင်ရှားပြီး) ဖြစ်ပါ၍ အထူးမချဲ့လိုတော့ပေ။ ဤမဏိဇောတ ပတ္တမြားဂါထာတော်၏ နောက်ဆုံး စတုတ္ထအပုဒ်၏ ပိုင်ရှင်မှာ သူရဿတီနတ်သမီးပင် ဖြစ်ပါသည်။ ဤစတုတ္ထဂါထာတော်ကြီးကို အမြဲတမ်း ရွတ်ဖတ်သရဇ္ဈာယ်ပေးပါက (သူရဿတီနတ်သမီး) စောင့်ရှောက်ပေးနေသည်နှင့်မခြား ရှိနေလေတော့၏။ သူရဿတီနတ်သမီး၏ အစောင့်ဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်နေလင့်ကစား သူရဿတီနတ်သမီး တစ်ပါးတည်းသာ မိမိအား စောင့်ရှောက်နေသည်ဟု မထင်မှတ်အပ်ပေ။ သူရဿတီနတ်သမီး၏ အောက်တွင် နတ်သမီးများ နတ်ဒေဝီများရှိကြသေး၏။ သူရဿတီဒေဝီ၊ စန္ဒာဒေဝီ၊ စန္ဒီဒေဝီ၊ နရိန္ဒာဒေဝီ၊ ဣနရသီဒေဝီ၊ ဂဟပတိဒေဝီ၊



တဖင်မယ်ဒေဝီ၊ ရုက္ခါဒေဝီ၊ မာယာဒေဝီ၊ ပြာယာဒေဝီ၊ သိရိဒေဝီ၊ မဏိမေခလာဒေဝီ စသည်ဖြင့် ဒေဝီပေါင်း (၁၂)ပါးရှိကြကုန်၏။ သူရဿတီ နတ်သမီးက အစ်မကြီးတော့ အမိအရာဖြစ်တော့၏။

ထို့ကြောင့် ဤမဏိဇောတပတ္တမြားဂါထာတော်ထဲတွင် (ဃ)ပုဒ်၊ စတုတ္ထဂါထာတော်ကြီး၏ ထူးခြားချက် ဝိသေသလက္ခဏာမှာ သူရဿတီနတ်သမီး စောင့်ရှောက်နေသော သက်ဆိုင်နေသောဂါထာတော်ကို ရွတ်ပွားသရဇ္ဈာယ်ပေးနေပါက သူရဿတီနတ်သမီးတင်မက သူရဿတီနတ်သမီး အပါအဝင် ဒေဝီ(၁၂) ပါးစလုံး ဝိုင်းဝန်းကူညီ၍ မစ, စောင့်ရှောက်ကြရကုန်တော့၏ဟု မှတ်ကြပါလေ။ ဤကား မဏိဇောဏ ပတ္တမြားဂါထာတော်များတွင် နောက်ဆုံး စတုတ္ထပုဒ်၏ ထူးခြားချက်ပင် ဖြစ်ပါသည်။ ဤဂါထာသည်လည်း နတ်ချစ်ဂါထာတစ်မျိုးပင်ဖြစ်ပါ၍ ရွတ်ဖတ်သရဇ္ဈာယ်မှု အရှိန်ရလာခဲ့ပါလျှင် သူရဿတီနတ်သမီးသည် အိပ်မက်ထဲတွင် လာရောက်ပြသခြင်း စကားပြောခြင်း လိုအပ်တာများကို လမ်းညွှန်ပြသခြင်း ရှိနိုင်ပါသည်။ ထို့အပြင် (၇)ရက် သားသမီးများအားလုံး ချစ်ခင်မြတ်နိုးလာကြရကုန်၏။ နတ်ဒေဝတာမှန်သမျှ ချစ်ခင်မြတ်နိုးလာကြရကုန်၏။ တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊

www.burmeseclassic.com

www.burmeseclassic.com



ရုက္ခစိုးနတ်များ၊ ဘုမ္မစိုးနတ်များ၊ အိမ်စောင့်နတ်များ၊ ရွာစောင့်နတ်များ၊ မြို့စောင့်နတ်များ၊ လောကပါလနတ်များ၊ သမ္မာဒေဝနတ်များ အထူးချစ်ခင်မေတ္တာသက်ဝင်လာကုန်တော့၏။ အဆိပ်ရှိသော သတ္တဝါများ၊ အစွယ်ရှိသော သတ္တဝါများ၊ ရက်စက်ကြမ်းတမ်းသော သားရဲတိရစ္ဆာန်အများပင် မိမိအား ချစ်ခင်မေတ္တာသက်ဝင်လာရကုန်၏။

မင်းစိုးရာဇာများ၊ အထက်အာဏာပိုင် အဖွဲ့အစည်းများ၊ နယ်ပိုင်၊ မြို့ပိုင်၊ တိုင်းပိုင်၊ အာဏာပိုင်များသည်လည်း မိမိအား ရင်ဝယ်သားကဲ့သို့ ချစ်ခင်မေတ္တာသက်ဝင်လာရတော့၏။ ထိုသောအခါ မိမိသည် ပြောတိုင်းဆိုတိုင်း အောင်မြင်နိုင်၏။ တောင်းတိုင်းလည်း ရစေနိုင်၏။ ကြည့်လိုက်တိုင်း စကားပြောမိလိုက်တိုင်းလည်း ချစ်ခင်လေးစားမေတ္တာ သက်ဝင်လာရ၏။ လူ၊ နတ်၊ တိရစ္ဆာန်မှန်သမျှ ချစ်ခင်မြတ်နိုးကြကုန်၏။ စည်းစိမ်ဥစ္စာ ရတနာရွှေငွေပေါများ ကြွယ်ဝနိုင်၏။ ရာထူးအဆင့်/စီးပွားဥစ္စာ တိုးတက်စည်ကားလာရတော့၏။ အလုံးစုံသော လာဘ်လာဘမှန်သမျှ အလုပ်အကိုင် အကြံအစည်မှန်သမျှ၊ ရည်မှန်းချက်ဆန္ဒ အာသီသမှန်သမျှ တစ်နေ့ထက်တစ်နေ့၊ တစ်ပတ်ထက်တစ်ပတ်၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ်၊ တိုးတက်စည်ကား၍ အောင်မြင်ပြီးစီးလာရ



တော့၏။ သွားလေရာ၊ နေလေရာ၊ ထိုင်လေရာ၊ အိပ်လေရာတိုင်း၌ ခလုပ်မထိ၊ ဆူးမငြိ၊ ဘေးမသီ၊ ရန်မခ၊ ရောဂါမရှိ၊ အနာမရှိ၊ ပကတိ ကျန်းမာပျော်ရွှင်စွာဖြင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်ရနိုင်တော့သတည်း။ ။

## အထူးမှတ်ချက်

သူရဿတီနတ်သမီးဟု ဆိုလိုက်သည်နှင့် အမျိုးမျိုးဝေဖန်တိုင်းထွာတတ်ကြပါလိမ့်မည်။ ကျွန်ုပ်ဆိုလိုသည့်အချက်မှာ သူရဿတီနတ်သမီးသည် ကိုးကွယ်ဆည်းကပ်ရမည့်အရာမဟုတ်ပါ။ ကိုးကွယ်ဆည်းကပ်ရမည့်အရာသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး သရဏဂုံ သုံးပါးသာဖြစ်၏။ သရဏဂုံ (၃)ပါးကလွဲ၍ အခြားအခြားသော ပုဂ္ဂိုလ်များ၊ နတ်များကို ဘုရား၊ တရား၊ သံဃာအမှတ်ဖြင့် ကိုးကွယ်ဆည်းကပ်နေပါက (သရဏဂုံပျက်စီးတော့၏) အထူးသတိပြုပါလေ။ ထို့အတူ မိမိဘဝတွင် အားကိုးအားထားရာသည် (၁) ဒါနတရား (၂) သီလတရား (၃) ဘာဝနာတရားဟု မှတ်ပါလေ။ ထိုသို့ အားကိုးအားထားသင့်သော တရား (၃) ပါးကလွဲ၍ အခြားအခြားသော ကိစ္စများတို့ကို သွားရောက်ပြီး အားကိုးနေပါက အားကိုးမှား၍ အပါယ် (၄) ပါးသို့ ရောက်သွားနိုင်ကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



အထူးသတိပြုရပါမည်။ ထိုကိစ္စသည် သူရဿတီမဟုတ်၊ အတွင်း (၃၇) မင်းနတ်များ၊ အပြင် (၃၇) မင်း နတ်များ အပါအဝင် တောစောင့်တောင်စောင့် ရုက္ခစိုး၊ ဘုမ္မစိုး၊ စသည်များကို ဗုဒ္ဓဘုရားအမှတ်ဖြင့် ကိုးကွယ်ဆည်းကပ်နေပါက (သရဏဂုံပျက်စီး)၏ဟု မှတ်ပါလေ။

အဓိပ္ပာယ်ဆိုလိုရင်း အချက်မှာ သူရဿတီနတ်သမီးသည် ဟိန္ဒူဘာသာဝင်မှ ပြဋ္ဌာန်းထားသော နတ်သမီးဖြစ်ဖြစ်၊ အိန္ဒိယနိုင်ငံတော် တစ်ဝန်းတွင်း မွေးဖွားနေသော မိန်းကလေးများတွင် အများစုအားဖြင့် (ချစ်စနိုးဖြင့် နာမည်မှည့်သည့်အခါ သူရဿတီ) ဟု မှည့်ခေါ်တတ်ကြကုန်၏။ မည်သို့ပင်ဆိုစေ သူရဿတီ နတ်သမီးသည် ဂင်္ဂါမြစ်အဖျားမှ မြစ်လက်တက် ကလေးတစ်ခုနားတွင် နတ်ကွန်းနှင့် နေထိုင်သော နတ်သမီးပင်ဖြစ်ပါစေ၊ မြန်မာနတ်သမီးမဟုတ်မူ၍ ကုလားနတ်သမီးမို့ လို့ပဲပြောပြော အရေးကြီးသောအချက်မှာ အကျွန်ုပ်ဆိုလိုနေသောအချက်မှာ မိမိဘဝတစ်သက်တာတွင် စီးပွားရေးလုပ်ကိုင်ရာမှာလည်းကောင်း၊ ပညာရေးဆောင်ရွက်ရာမှာလည်းကောင်း၊ လူနေမှုအဆင်အတန်း မြင့်မားအောင်ဆောင်ရွက်ရာမှာလည်းကောင်း၊ စီးပွားရေး၊ ကြီးပွားရေး၊ ရောင်းရေးဝယ်တာမှာလည်းကောင်း၊ မိသားစုပျော်ရွှင်ရေးကျန်းမာရေး



စည်းလုံးညီညွတ်ရေးတို့တွင်လည်းကောင်း၊ သူရဿတီနတ်သမီးသည် အကူအညီပေးနိုင်မပေးနိုင်၊ စောင်မကြည့်ရှုနိုင်၏၊ မနိုင်၏။ အောင်မြင်အောင်ပြီးစီးအောင် စောင့်ရှောက်ပေးနိုင်၏၊ မပေးနိုင်၏၊ ဤအချက်သည်သာ အဓိကဖြစ်ပါသည်။ ဒါတွေလည်း လောကုတ္တရာတရားမဟုတ်ဘူးဟု အမြဲမှတ်သားထားပါ။ ယခုဖော်ပြနေခြင်းသည် လောကီသက်သက်သာ ဖြစ်သည်။ နိဗ္ဗာန်ရောက်ကြောင်းတရား အားထုတ်နေတာ မဟုတ်ပါ။ လောကီစီးပွားရေး ဝင်ငွေ၊ အလုပ်အကိုင် စားရေးသောက်ရေး၊ ကြီးပွားရေး၊ ချမ်းသာရေးတွင် (တစ်ကွေ့တစ်ထောင့်တစ်နေရာတွင်) လောကအတွက် အထောက်အပံ့၊ အထောက်အကူ၊ တဒင်္ဂတစ်ခဏအတွက်သာဆိုလိုရင်း အဓိပ္ပာယ်ဖြစ်ပါသည်။ မိမိတွင် အခက်အခဲကြုံတွေ့လာသည့်အခါ၊ အကျပ်အတည်းနှင့် ရင်ဆိုင်ရသည့်အခါ၊ ဒုက္ခပင်လယ်ဝေနေပြီး အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့်အခါ ကြီးမားသော၊ ကျယ်ဝန်းသော၊ ကြောက်စရာကောင်းလှသော၊ လောကဓံ ဒီလှိုင်းကြီးများ၏ ရိုက်ပုတ်ခြင်းကို ခံစားနေရသည့်အခါ ဤသူရဿတီ နတ်သမီးအား သူ့နည်းသူ့ဟန်၊ သူ့အစီအမံအတိုင်းဆောင်ရွက်၍ သူ့ဂါထာတော်ကို (၁၀၈) ခေါက်ရအောင် ပွားများကြည့်ပါ။ ဆောင်ရွက်ကြည့်ပါ။ ကိစ္စကြီးငယ်

www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှကို အလွယ်ဆုံးကို ဦးစားပေး၍ အကုသိုလ်ကင်းကာ မေတ္တာတရားကို ရှေးရှု၍၊ သူတော်ကောင်းစိတ်ဓာတ်ကို မွေး၍ အကူအညီတောင်းခံသည့်သဘော ကူညီပေးဖို့ မေတ္တာရပ်ခံသည့် သဘောသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဒါနပြုသည့်သဘော၊ ဆုတောင်းပေးသည့် သဘောသာဖြစ်ပါသည်။ မိမိအိမ်ရှေ့၊ ကျောင်းရှေ့ တောင်းစားသည့် သူတောင်းစားတစ်ယောက်လာ ရောက်တောင်းစားနေသည်ကိုပင် အယုတ်၊ အလတ်၊ အမြတ်မရွေး၊ ငွေကြေးတစ်မတ်၊ တစ်ကျပ်တော့ဖြင့် ပေးကမ်းဒါန ပြုရသေးတာပဲ။ ထမင်းစားသည်ဟု ဆိုရာ၌ ထမင်းချည်းတည်းစားနေရသည်မဟုတ်၊ ဟင်းတစ်ခွက်တော့ အနည်းဆုံးပါသေးတာပါပဲ။ များသောအားဖြင့်မူ ဟင်း(၃)ခွက် (၄)ခွက်တော့ပါနေကျဟု မှတ်ကြပါလေ။

ဤလောက၊ ဤကမ္ဘာတွင်လည်း ကိုးကွယ်ဆည်းကပ်ရမည့်မှာ (သရဏဂုံသုံးပါး) အားကိုးအားထားရမှာသည် (ဒါန၊ သီလ၊ ဘာဝနာ) ဤသည်များက လွဲ၍ ကျန်သော ဝိဇ္ဇာများ၊ ဇော်ဂျီများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ သူရဿတီဒေဝီများ၊ တောစောင့်တောင်စောင့်၊ သမ္မာဒေဝ သာသနာတော်စောင့်နတ်များသည် အခြံအရံသဘော၊ ထပ်လောင်းအားဖြည့် ကူညီမည့်သဘောသာဖြစ်၏။ (ကိုးကွယ်ဆည်းကပ်အားကိုး



ယုံကြည်ရမည့်အရာများ ကိစ္စများမဟုတ်ကြောင်းကို သိကြပါလေ။ မိမိပြုလုပ်သမျှသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ ကုသိုလ်များကို အမျှပေးဝေခြင်း မေတ္တာပို့သပေးခြင်းသည် သူတော်ကောင်း၊ သူမြတ်လောင်းတို့၏ ဓလေ့၊ အလေ့အကျင့်ဟု မှတ်ပါလေ၊ အကောင်းနှင့်အဆိုးကို သိမြင်တတ်ဖို့လိုပါ၏။ ကုသိုလ်၊ အကုသိုလ်တို့ကို ခွဲခြားတတ်ဖို့လိုပါ၏။ ကိုးကွယ်ရမည့်အရာ၊ မကိုးကွယ်ရမည့်အရာတို့ကို ခွဲခြား၍ သိမြင်တတ်ဖို့ လိုပါ၏။ ဒါဆိုပါလျှင် လောကီဘက်တွင် သူရဿတီနတ်သမီးအား (သူ့နေရာနှင့်သူ) အသုံးချ သုံးစွဲတတ်ဖို့သာ လိုရင်းတည်း)

◈ ◈ ◈

www.burmeseclassic.com

## (၄)
## မဏိစောတ ပတ္တမြားဂါထာတော် (၄)ပုဒ်၏ ထိုင္ဓိဝင်ကျင့်စဉ်

ရခိုင်ငှက်ပျော (၃) ဖီး၊ အုန်းသီး(၁)လုံးနှင့် ဘုရားပွဲ (၁)ပွဲ ပြင်ရပါမည်။ မင်္ဂလာရှိသော ပန်း(၃)ပွင့်၊ ကွမ်း(၃)ယာ၊ လက်ဖက်(၃)ကတော့၊ ဖယောင်းတိုင်(၁)ထုပ်၊ အမွှေးတိုင် (၁)ထုပ်ထည့်၍ (ရတနာသုံးပါးပွဲ သို့မဟုတ် ဘုရားပွဲဟု ဆိုလိုသည်။) ထိုပွဲကို အလယ်ဗဟိုတည့်တည့် ခပ်မြင့်မြင့်တွင် တည်ထားရပါမည်။ ထိုရတနာ(၃)ပါး၊ ဘုရားပွဲ၏လက်ယာ ဘက်တွင် သာသနာတော်စောင့်နတ်မင်းကြီးများအား ရည်စူး၍ ကန်တော့ပွဲ (၁) ပွဲကို ပြင်ထားရမည်။ "ဘုရားပွဲ၏ လက်ဝဲဘက် တွင်မူ သူရဿတီနတ်သမီး ပွဲ (၁) ပွဲကို ပြင်ထားရပါမည်။ အထူးသဖြင့် သိမှတ်ထားရမည်မှာ သာသနာတော်စောင့်



နတ်မင်းကြီးများပွဲနှင့် သူရဿတီနတ်သမီးပွဲစုစုပေါင်း နှစ်ပွဲ စလုံးသည် အလယ်ဗဟိုမှ ဗုဒ္ဓဘုရားပွဲနှင့် တစ်တောင်ခန့် နိမ့်ထားရမည်ကို အထူးသတိပြုကြပါလေ။ ဗုဒ္ဓဘုရားကန်တော့ ပွဲနှင့် တစ်တန်းတည်း မထားကောင်းဟု မှတ်ရပါမည်။ အနည်းဆုံး တစ်တောင်ခန့် နိမ့်ချထားပြီး ကန်တော့ပွဲပြင် ထားရမည်ဟု ဆိုလိုပါသည်။

(က) ဗုဒ္ဓဘုရားရှင်၏ ကန်တော့ပွဲရှေ့တွင် ကွမ်း(၁)ယာ၊ နံ့သာဖြူရေ(၁)ခွက်၊ ကျန်သောကန်တော့ပွဲများတွင်လည်း ကန်တော့ပွဲ၏ ရှေ့နားတွင် ကွမ်း(၁)ယာ၊ နံ့သာဖြူရေ(၁)ခွက် စီချထားရပါမည်။ ဘုရားပွဲရှေ့နားတွင်လည်း ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး အမွှေးတိုင်တို့ကို ပူဇော်ပေးရပါမည်။ ဆုလည်း တောင်းရပါမည်။ လိုရာဆုကို တောင်းပါလေ။

(ခ) ကျန်သော သာသနာတော်စောင့်နတ်မင်းကြီးများပွဲနှင့် သူရဿတီပွဲများတွင်မူ မုန့်ဖြူ (၅) ချပ်၊ မုန့်အနီ (၃) ချပ်၊ ယို (၃) မျိုးစီ၊ လက်ဖက် (၃) ပွဲစီ၊ ဖယောင်းတိုင်မီး၊ အမွှေးတိုင်မီး၊ ပန်း၊ ရေချမ်းတို့ကို လှူဒါန်းပူဇော်ထားရပါမည်။ လိုရာဆုကို လည်း တောင်းနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) မိမိ၏ မွေးနေ့နှင့် လပြည့်နေ့ကြုံကြိုက်သောအခါ၌လည်းကောင်း၊ တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့ ထို(၄)နေ့ တစ်နေ့နေ့သည် လပြည့်နေ့နှင့် တိုက်ဆိုင်ကြုံကြိုက်သောအခါ ဤသိဒ္ဓိဝင် အကျင့်ကိုပွားများအားထုတ်နိုင်ပါသည်။ စတင်၍ ကျင့်ကြံအားထုတ်ခွင့်ရပါမည်။ ပထမဦးစွာ မိမိသည် ရေမိုးချိုးခြင်း၊ ခန္ဓာကိုယ်အားသန့်စင်ခြင်း သန့်ရှင်းစင်ကြယ်သော အဝတ်ကိုဝတ်၍ ဗုဒ္ဓမြတ်စွာဘုရားကို အမှူးထား၍ ရတနာသုံးပါး၊ သရဏဂုံသုံးပါးတို့အား ပင့်ဖိတ်၍ ကန်တော့ပွဲ၊ ဆွမ်းပွဲ၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်စသည်များဖြင့် ကပ်လှူပူဇော်ပါ။

ထို့အတူ ဒုတိယအဆင့်အနေအားဖြင့် သာသနာတော်စောင့်နတ်မင်းကြီးများအား ပင့်ဖိတ်၍ ကန်တော့ပွဲ၊ ချိုချဉ်ပွဲ၊ ယိုပွဲ၊ လက်ဖက်ပွဲ၊ ပန်း၊ ဆီမီး၊ အမွှေးတိုင် ထွန်း၍ ပူဇော်လှူဒါန်းပါ။ ဒါနပြုပါ။

တတိယဆင့်အားဖြင့် သူရဿတီနတ်သမီးအား ပင့်ဖိတ်၍ ကန်တော့ပွဲ၊ ချိုချဉ်ပွဲ၊ ယိုပွဲ၊ လက်ဖက်ပွဲ၊ မုန့်ဖြူ/နီပွဲ၊ အမွှေးတိုင်မီး၊ ဖယောင်းတိုင်မီးတို့ကို ထွန်းညှိ၍ ပူဇော်လှူဒါန်းပါ။ ဒါနပြုပါ၊ ထို့နောက်တွင်ကား -



(ဃ) ဗုဒ္ဓဘုရားရှင်၏ ရတနာသုံးပါးပွဲရှေ့တော်တွင် (၅) ပါးသော သီလတော်မြတ်တို့ကို ခံယူဆောက်တည်ပါ။ ထို့နောက် သစ္စာပြု ဆုတောင်းရန်မှာ (ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူပေထသော မုနိတကာတို့၏ အထွတ်ကို ရောက်တော်မူကြပေကုန်သော ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့်တကွသောဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးနတ်တို့ဘုရား၊ တပည့်တော် (နေ့သား/သမီး နာမည်ထည့်)သည် မဏိဇောတပတ္တမြား ရတနာဂါထာတော်(၄)ပုဒ်တို့၏ သဗ္ဗသိဒ္ဓိတန်ခိုး၊ မဟိဒ္ဓိတန်ခိုး၊ ပညာတန်ခိုး၊ သစ္စာတန်ခိုး၊ အာဏာတန်ခိုးတို့ကို ရရှိပိုင်ဆိုင်ခွင့်ကို အလိုရှိပါ၍ ယနေ့ယခုအချိန်အခါမှစ၍ ကာမေသုမိစ္ဆာစာရကံနှင့် သုရာမေရယကံ ဤကံ(၂)ပါးတို့ကို ရာသက်ပန်ထာဝရ ဤရှပ်နာမ်နှစ်ပါး၊ တည်ရှိနေသ၍ ကာလပတ်လုံး ဤကံနှစ်ပါးတို့ကို မကျိုးမပေါက်၊ မလွန်ကြူးမိအောင် ထိန်းသိမ်းစောင့်ရှောက်ပါမည်ဘုရား၊ ပုထုဇဉ်တို့၏ သဘာဝအလျှောက် မသိ၊ မမြင်ခဲ့၍ လွန်ကြူးဖောက်ဖျက်ခဲ့သည်ရှိသော် အပြစ်မှခွင့်လွှတ်ပေးသနားတော်မူပါဘုရား။ သိလျက်၊ မြင်လျက်သားနှင့် မလွန်ကြူးမိအောင် မကျိုးမပေါက်အောင် စောင့်ထိန်းပါမည်ဟူ၍ သစ္စာအဓိဋ္ဌာန်ပြုပါ၏ဘုရား။ ထို့ပြင်တစ်ဝ နွားသား ဝက်သား၊ ဤအသား (၂) မျိုးတို့ကိုလည်း သိလျက်သားနှင့်

www.burmeseclassic.com

www.burmeseclassic.com



မြင်လျက်သားနှင့် မစားမသောက်ပါဘုရား။ ပုထုဇဉ်တို့၏ သဘာဝအလျောက် မသိခဲ့၍၊ မမြင်ခဲ့၍၊ စားသောက်မိသည် ရှိသော် ထိုအပြစ်တို့မှ ခွင့်လွှတ်ပေးသနားတော်မူပါဘုရား။ ရာသက်ပန်အသက်ထက်ဆုံး ဤအသား နှစ်မျိုးတို့ကို မစား မသောက်တော့ပါဟု သစ္စာအဓိဋ္ဌာန်ပြုပါ၏ဘုရား။ ဤမှန်ကန်သော သစ္စာတို့ကို ဆိုပါ၏ဘုရား။ ဤသစ္စာအဓိဋ္ဌာန် မှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကားကြောင့်၊ ဤမှန်ကန်သော သစ္စာအဓိဋ္ဌာန်၏ တန်ခိုးတေဇော်အာနုဘော်တို့ကြောင့် (ဤမဏိဇောတ ပတ္တမြားဂါထာတော်ကြီးလေးပုဒ်တို့၏ သစ္စသိဒ္ဓိတန်ခိုး၊ မဟိဒ္ဓိတန်ခိုး၊ ပညာတန်ခိုး၊ သစ္စာတန်ခိုး၊ အာဏာတန်ခိုး၊ ကုဿာသယသစ္စသိဒ္ဓိတန်ခိုးတို့သည် အကျွန်ုပ်၏ စက္ခုသောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနတို့တွင် အမြဲထာဝရ စွဲမြဲစွာတည်တံ့ခိုင်မြဲ၍ ထာဝရတည်ရှိကြပါစေကုန်သတည်း။ ပြောတိုင်း၊ ဆိုတိုင်း၊ တောင့်တတိုင်း၊ ဆုတောင်းတိုင်း၊ တမ်းတတိုင်း၊ ရည်မှန်းတိုင်း၊ ဆန္ဒရှိတိုင်း၊ တောင်းတိုင်း၊ ကုဿာသယမနောမယသိဒ္ဓိကဲ့သို့ လိုတရသော ပုဂ္ဂိုလ်ဖြစ်ရပါစေသတည်းဘုရား) ၃-ကြိမ် သစ္စာပြုဆုတောင်းရပါမည်။ ထို့နောက် . . .



(င) ရက်ပေါင်း(၅၄)ရက်တိုင်တိုင်စေ့အောင် အဓိဋ္ဌာန်ရက်သတ်မှတ်၍ ထို(၅၄)ရက်တိတိသည် (၅)ပါးသော သီလတော်မြတ်ကို နံနက်/ည ခံယူဆောက်တည်စေ၍ မိမိ၏ နှုတ်ခမ်းနှင့် အနီးဆုံးနေရာတွင် (ကွမ်းယာနှင့်နံ့သာရေ)ကို ထားရှိစေ၍ မိမိ၏ ခန္ဓာကိုယ်သည် သက်တောင့်သက်သာချောင်ချိစွာ၊ လွတ်လပ်စွာ၊ နေထိုင်တတ်သလို အချိန်ကြာကြာ နေထိုင်မှုကိုရွေးရှု၍ မဏိဇောတပတ္တမြားဂါထာတော်ကြီး၏ ပထမပုဒ်ကို(၁၀၈)ခေါက်ရအောင် ရွတ်ပွားသရဇ္ဈာယ်ရပါမည်။ (၁၀၈)ခေါက်စေ့ပြီးပါက ဒုတိယအပုဒ်ကို (၁၀၈)ခေါက်ရအောင် ရွတ်ပွားသရဇ္ဈာယ်ရပါမည်။ ဒုတိယပုဒ် (၁၀၈)ခေါက်စေ့ပြီးပါက တတိယပုဒ်ကို(၁၀၈)ခေါက်ရအောင် ရွတ်ပွားသရဇ္ဈာယ်ရပါမည်။ တတိယအပုဒ်(၁၀၈)ခေါက်စေ့ပြီးပါက နောက်ဆုံး စတုတ္ထအပုဒ်ကို (၁၀၈) ခေါက်ရအောင် ရွတ်ပွားသရဇ္ဈာယ်ပေးရပါမည်။ နောက်ဆုံး စတုတ္ထအပုဒ် (၁၀၈) ခေါက်စေ့ပြီးပါက အထက်ပါ ဆုတောင်းအတိုင်း ဆုတောင်း၍ သာသနာတော်စောင့်နတ်များ၊ သမ္မာဒေဝနတ်များ၊ တောစောင့်နတ်၊ တောင်စောင့်နတ်များ၊ ရုက္ခစိုး၊ ဘုမ္မစိုးနတ်များ၊ အာကာသစိုးနတ်များ၊ သူရဿတီနတ်သမီးနှင့်တကွ ဒေဝီ(၇)ပါး၊ ဒေဝီ(၉)ပါး၊ ဒေဝီ(၁၂)ပါး၊ အပါအဝင် အားလုံးသော

www.burmeseclassic.com

www.burmeseclassic.com



သုတ္တာဝါ ဝေနေယျများအားလည်းကောင်း၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့အားလည်းကောင်း ကောင်းမှုကုသိုလ်များအား (အမျှ) ၃ ကြိမ် ပေးဝေပါလေ။ မေတ္တာလည်း (၉) ကြိမ်စေ့အောင် ပို့သပေးပါလေ။

(စ) ထို့နောက် အထက်ပါဆုတောင်းအတိုင်း ဆုတောင်း၍ ဘုရားရှေ့မှ ကွမ်းယာ၊ သာသနာတော်စောင့်ပွဲမှ ကွမ်းယာ၊ သူရဿတီပွဲမှ ကွမ်းယာတို့ကို ဝါးစားရပါမည်။ နံ့သာရေကိုလည်းသောက်ပေးရပါမည်။

## မှတ်ချက်

ကွမ်းယာနှင့် နံ့သာရေတို့ကို စတင်၍ ဖန်တီးဆောင်ရွက်ရာ၌ မိမိစားသောက်နိုင်သော၊ စားသောက်၍ ရနိုင်သော၊ အဆင့်ကို ဆောင်ရွက်ထားရပါမည်။ သို့မှသာ အလွယ်တကူ စားသောက်နိုင်ပေလိမ့်မည်။ (ကွမ်းယာစားလျှင် အရည်ကို လုံးဝအပြင်သို့ ထွေးချပိုင်ခွင့်မရှိပါ။ ကွမ်းဖတ်နှင့် အရည်ကိုပါ မျိုချရမည်ကို အထူးသတိပြုပါလေ။ မမျိုချဘဲ၊ အပြင်ကိုထွေးထုတ်မိပါက သိဒ္ဓိဝင်ဓာတ်များ ပျက်စီးသွားရတော့၏။) အထူးသတိပြုပါလေ။ ကြိုးစား၍ အားခဲလာခဲ့သမျှ



သဲထဲရေသွန်သလို ဖြစ်တတ်၏။ သတိပြုပါလေ။ ထို့ကြောင့် မိမိသည် သိဒ္ဓိဝင်ဆေးအဖြစ် စားရမည့်ကွမ်းယာများကို အစထဲက မိမိနှင့်သင့်တော်အောင်၊ အဆင်ပြေအောင်၊ ခံနိုင်ရည်ရှိအောင် သေချာစွာကြိုတင်၍ ဆောင်ရွက်ထားရမည်ဟု မှတ်ပါလေ။ ထို့ပြင် နံ့သာရေကိုလည်း ဤအတိုင်းပင် မိမိသောက်လွယ်အောင်၊ မိမိသောက်မျိုရာမှာ မိမိနှင့် လိုက်လျောညီထွေ အဆင်ပြေအောင် အစကတည်းက ကြိုတင်၍ စီစဉ်ထားရမည်ကို သတိပြုပါ။ (ဤနေရာ၌ အထူးသိရှိစေလိုသည်မှာ အားလုံးရွတ်ဖတ်သရဇ္ဈာယ် ပြီးစီးသွား၍၊ လိုရာဆုကိုတောင်း၍ ကွမ်းယာနှင့် နံ့သာရေကို သောက်မျိုရာ၌ ကွမ်းယာကို နံ့သာရေတို့ကို တစ်ခုမကျန် စားရမည်ဟု မဆိုလိုပါ။ တစ်ဝက်၊ တစ်ချို့၊ စတီအနေဖြင့် ဝါးစားပေးလည်း ရပါသည်။ (မစားဘဲတော့နေ၍မရ စားကို စားရမည်သာ ဖြစ်ပါသည်။ ထို့အတူ နံ့သာရေကိုလည်း တစ်ဝက်တစ်ချို့ (စတီ) ဖြစ်ဖြစ် သောက်ကိုသောက်ပေးရပါမည်။ မသောက်၍ကား မဖြစ်နိုင်ပါ)။ ထို့ကြောင့် မိမိက ညာ[illegible]က်ကူ၍ နံ့သာရည်ကို အစကတည်းက ခပ်ကျဲကျဲသွေးထည့်ရပါမည်။ မပျစ်စေရ၊ နံ့သာမများစေရ။ ထို့အတူ ကွမ်းယာ-ယာရာ၌လည်း ကွမ်းသီးမများစေရ၊ ဆေးမထည့်ရ၊ ထုံးမများစေရ။ ဤသို့ ကြိုတင်၍

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ထားပါလျှင် အခက်အခဲ ပြဿနာသည် လုံးဝမရှိစေနိုင်တော့ပါဟု သိမှတ်ကြကုန်ရာ၏။

ဤသို့လျှင် နံ့သာရေနှင့် ကွမ်းယာတို့ကို စားသောက်ပြီးသည့်နောက်၌ ဗုဒ္ဓဘုရားရှင်၏ ရတနာသုံးပါး ကန်တော့ပွဲရှေ့တော်တွင် လက်အုပ်ချီမိုး၍ (ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူပေထသော မုနိတကာတို့၏ အထွတ်ကိုရောက်တော်မူကြပေကုန်သော ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့်တကွ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးနတ်တို့သည် တပည့်တော်၏ ဟဒယဝတ္ထုတည်နေရာအသည်းနှလုံးအိမ်၌ ကျောင်းတော်အမှတ်ဖြင့် တန့်ရပ်တည်နေကိန်းဝပ်စံပယ်တော်မူကြပါစေကုန်သတည်းဟု (၃)ခေါက်ဆိုပါ။

ဓတရဋ္ဌ၊ ဝိရုဠှက၊ ဝိရူပက္ခ၊ ကုဝေရဟု ဆိုအပ်သော လောကပါလနတ်များနှင့်တကွ သိကြားမင်းနှင့်တကွသော (၃၃) ကျိပ်သော သာသနာတော်စောင့် နတ်မင်းကြီးများအပေါင်းတို့သည်လည်း အကျွန်ုပ်အား သိဒ္ဓိတန်ခိုး၊ မဟိဒ္ဓိတန်ခိုး၊ ပညာတန်ခိုး၊ အာဏာတန်ခိုး၊ သစ္စာတန်ခိုးတို့အား သိဒ္ဓိဝင်အဖြစ်ပေးအပ်ချီးမြှောက်ကြကုန်သည်ဖြစ်၍ နေ့ညမပြတ်မလပ်၊ ကြပ်မတ်စွာ စောင့်ရှောက်ပေးတော်မူကြပါစေကုန်သတည်း။ ထိုနည်းတူစွာပင် လူတို့၏ သာယာချစ်ခင်နှစ်လိုဖွယ်ဖြစ်စေ



တတ်သော လူသားတို့၏ အကျိုးစီးပွားတို့ကို ကူညီမစစောင့်ရှောက်ပေးတတ်ကုန်သော ဘဝအတိတ်ပေါင်းများစွာကမယ်တော်အမိ တော်စပ်ခဲ့ကုန်သော မာတာအရှင်နတ်မိခင်ဖြစ်ခဲ့သော သူရဿတီနတ်သမီးသည်လည်းကောင်း၊ ဒေဝီ (၇) ပါး၊ ဒေဝီ (၉) ပါး၊ ဒေဝီ (၁၂) ပါးတို့သည်လည်းကောင်း အကျွန်ုပ်အား ရင်ဝယ်သားပမာ ကရုဏာတရား၊ မေတ္တာတရားရှေ့ထားကာ နေ့ညမပြတ် အထပ်ထပ်ပင် သိဒ္ဓိဝင်၍ သဗ္ဗသိဒ္ဓိတန်ခိုး၊ မဟိဒ္ဓိတန်ခိုး၊ ပညာတန်ခိုး၊ အာဏာတန်ခိုး၊ သစ္စာတန်ခိုးတို့ကို အကျွန်ုပ်အား သိဒ္ဓိဝင်စေ၍ ပေးအပ်ချီးမြှောက်စေသည်ဖြစ်၍ နေ့ညမပြတ်မလပ် ကြပ်မတ်စွာ စောင့်ရှောက်ပေးတော်မူကြပါစေကုန်သတည်း။ (၃) ခါဆိုပါ။

## အထူးမှတ်ချက်

သာသနာတော်စောင့် နတ်မင်းကြီးများဟူရာ၌ စတုလောကပါလနတ်မင်းကြီး (၄) ပါး အပါအဝင် သိကြားမင်းနှင့်တကွသော (၃၃) ကျိပ်သော နတ်မင်းကြီးများပါဝင်ကြပါသည်။ ထို့ပြင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၊ ကုသိုလ်တရားတို့ကို လိုလားတောင့်တကြကုန်သည်ဖြစ်၍၊ သရဏဂုံသုံးပါးတို့ကို ကြည်ညိုလေးမြတ်ကြကုန်သော အလုံးစုံသော

www.burmeseclassic.com

www.burmeseclassic.com



သမ္မာဒေဝနတ်မင်းများ၊ အလုံးစုံသော သိကြား၊ နတ်၊ ဗြဟ္မာများ ပါဝင်နေကြကုန်ဟော့၏။ ဤသည်ပင်လျှင် သာသနာတော် စောင့်နတ်မင်းကြီးများဟု ရည်ညွှန်း၍ ခေါ်ဝေါ်ကြရကုန်၏ဟု သိမြင်ထားကြပါလေ။ သာသနာတော်စောင့်နတ်မင်းများဟု ပြောဆိုလျှင် အချို့ နားမလည်ပေ။ ဗုဒ္ဓဘုရားရှင် လက်ထက်တော်ကပင် ဗုဒ္ဓဘုရားရှင်ဟောတော်မူခဲ့သော နတ်မင်းကြီးများပင် ဖြစ်ပါသည်။ ဗုဒ္ဓဝင်ကျမ်းများတွင် အများဆုံးတွေ့မြင်နေရသော နတ်များပင် ဖြစ်ပါသည်။

ဤသိဒ္ဓိဝင်ကျင့်စဉ်အား အားထုတ်ကြရာတွင်လည်း မဏိဇောတ ပတ္တမြားဂါထာတော်ကြီး (၄) ပုဒ်စလုံးကို (၁၀၈) ခေါက်စီ၊ တစ်ထိုင်တည်းနှင့်အပြီး ရွတ်ပွားသရဇ္ဈာယ်ပေးရသည် ဖြစ်သောကြောင့် တစ်နေ့တာ တစ်ရက်တာအတွက် ကြာရိယာပုတ် (၁) ပါးတည်းနှင့် တစ်ထိုင်တည်းနှင့်အပြီး (၄)ပုဒ်စလုံးကို ပြီးစီးအောင် တတ်နိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါလိမ့်မည်။ သို့မဟုတ်၊ နားနားနေနေအားထုတ်လိုပါက (ဥပမာ) နံနက်ပိုင်း မဏိဇောတပတ္တမြားဂါထာတော် အထက်ပါ (၂) ပုဒ်ပြီးစီးအောင် ပွားများသရဇ္ဈာယ်၍ နေမွန်းလွဲဘက်ရောက်ခါမှ၊ ကျန်သော မဏိဇောတ ပတ္တမြားဂါထာတော် (၂) ပုဒ်စလုံးတို့ကို အားလုံးပြီးစီးအောင် ပွားများသရဇ္ဈာယ်နိုင်ရင်လည်း အောင်မြင်ပြီးစီးရပါသည်။ ဤအတိုင်း နားနားနေနေကျင့်လည်း



ရနိုင်ပါသည်။ သို့မဟုတ် နံနက်၊ အရုဏ်တက်အချိန်မှာပင် မဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီး (၂)ပုဒ်စလုံးကို ပွားများသရဇ္ဈာယ်အားထုတ်ထားပြီး (စီးပွားရေးဝင်ငွေအတွက် အလုပ်သွား အလုပ်ပြန်လုပ်ပြီးကာမှ) ညဘက်ရောက်ခါမှ၊ ကျန်နေသော မဏိဇောတပတ္တမြားရတနာဂါထာတော်ကြီး (၂) ပုဒ်တို့ကို ပွားများသရဇ္ဈာယ်ပေးနိုင်ရင်လည်း ရနိုင်သည်။ အောင်မြင်ပြီးစီးနိုင်သည်ဟု မှတ်ပါ။

## အထူးမှတ်ချက်

ဤသို့လျှင် မဏိဇောတ ပတ္တမြား ရတနာဂါထာတော်ကြီးအား သိဒ္ဓိဝင်အကျင့်အမိဋ္ဌာန်ရက် (၅၄)ရက် မအောင်မြင်ခင် မပြီးခင် -

(၁) ကာမ-ရာဂ သွားလာစပ်ယှက်ခြင်းမပြုမလုပ်ရ။

(၂) ရယ်စရာ၊ မောစရာ၊ တွေ့ကရာ၊ ပေါက်ကရ ဟာသများ မပြောမဆိုရ။

(၃) ရန်ဖြစ်ခြင်း၊ စကားများခြင်း၊ ပြင်းထန်သော ဒေါသ ပေါက်ကွဲမှု မဖြစ်စေရ။

(၄) စကားအလွန်နည်းရမည်၊ အကြောင်းကိစ္စ အရေး မကြီးဘဲ စကားမပြောရ။

www.burmeseclassic.com

www.burmeseclassic.com



(၅) အမျှပေးဝေခြင်း၊ မေတ္တာပို့သခြင်း၊ ဆုတောင်းခြင်းတို့ သည်သာ ဖြစ်စေရပါမည်။

(၆) ပရိတ်တော်၊ ဂါထာတော်၊ ဂုဏ်တော်များတို့ကိုသာ ရတတ်သ၍ ရွတ်ဖတ်ပေးရပါမည်။

(၇) အသုဘ မသာထမ်းခြင်း အသုဘအိမ်မှ အစားအစာများ စားသောက်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း။

ဤအချက်ကြီး (၇)ချက်တို့ကိုမူ အထူးလိုက်နာ ဆောင်ရွက်ရမည်ကို သတိရှိပါလေ။ တစ်ရက်တာ တစ်ရက်တာအတွက် မဏိဇောတ ပဋ္ဌာန်းရတနာဂါထာတော် (၄) ပုဒ်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်၍ ပြီးစီးတိုင်း လိုရာဆုကိုတောင်း၍ ကွမ်းယာ-နံ့သာရေတို့ကို သောက်သုံးဖို့ စားသောက်ဖို့ မမေ့အပ်ပေ။ ဤနေ့ကို မအားသေး၍ မစားသေးဘူး၊ မသောက်သေးဘူး။ နောက်နေ့မှ နောက်နေ့မှ စုပေါင်း၍ စားမည် သောက်မည်ဆိုပါက မှားလိမ့်မည်။ အဓိဋ္ဌာန် (၅၄) ရက် အတွင်းမှာ နေ့စဉ်ကိစ္စပြီးတိုင်း ကွမ်းယာနှင့် နံ့သာရေကို သောက်ပေးစားပေးရမည်ကို သတိကြီးစွာ ထားပါလေ။ ဤနည်းအားဖြင့် အဓိဋ္ဌာန်ရက် (၅၄) ရက်ကို ပထမအဆင့် အောင်မြင်နေအောင် ကြိုးစားရပါမည်။ အောင်မြင်ပြီးပါက ဒုတိယအဆင့် (၅၄) ရက်ကို အောင်မြင်ပြီးစီးအောင် ကြိုးစား



ဆောင်ရွက်ရာ၏။ ဤနည်းဖြင့် အနည်းဆုံး အဆင့် (၄) ဆင့် အထိ အောင်မြင်ပြီးစီးနေဖို့ လိုအပ်ပါသည်။ ဆက်တိုက် တစ်ဆက်တည်း (၄) ဆင့်စလုံး ကိစ္စပြီးစီးအောင် ဆောင်ရွက်ထားလည်း ရပါသည်။ သို့မဟုတ် တစ်ဆင့်နှင့် တစ်ဆင့်ကြားမှာ ဆက်မလုပ်သေးဘဲ နားနေနိုင်ပါသေး၏။ မိမိစိတ်ကြိုက် အထိနားပြီး ကာမှ ဆက်လက်၍ (၅၄)ရက် အဓိဋ္ဌာန်စေ့အောင် ဆက်လက်၍ ပွားများအားထုတ်နိုင်ပါသေး၏။ (စုစုပေါင်း အဆင့်ကြီး (၁၂) ဆင့်အထိ အောင်မြင်ပြီးစီးထားပါမှ ရပ်ပါ။ မြန်မြန်တက်နိုင်လျှင်တက် (သို့မဟုတ်) တစ်ဆင့်ပြီးမှတစ်ဆင့် နားနားပြီးမှတက်၊ ရနိုင်ပါသည်။ ဘာမျှ စိုးရိမ်စရာ၊ ကြောင့်ကြစရာ၊ အဆင်မပြေစရာ မရှိလောက်တော့ပါ။ သို့လော သို့လောသံသယဖြစ်စရာ၊ မရှင်းလင်းစရာ၊ နေရာများတွင်လည်း အကျယ်တဝင့်၊ ရှင်းလင်းစွာ ဖော်ပြရေးသားထားပြီးဖြစ်ပါ၍) အခက်အခဲ ပြဿနာဘာမျှ ရှိနိုင်တော့မည်မဟုတ်ချေ။ မိမိကိုယ်ကို မိမိအားကိုး၍ ကြိုးစားမှု၊ ဝီရိယအားနှင့် ပွားများသရဇ္ဈာယ်ဖို့သာလိုအပ်ပါမည်။ အနည်းဆုံးအဆင့်ကြီး(၄)ဆင့် စလုံး အောင်မြင်ပြီးစီးထားဖို့ အရေးကြီးလှပြီး နောက်ဆုံး အဆင့်ကြီးပေါင်း (၁၂) ဆင့်အောင်ထားပြီးပါက ကိစ္စအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရှိထားရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအဆင့်ပေါင်း (၁၂)ဆင့်အထိ ကိစ္စပြီးသွားပါက နောက်နောင်တွင် မိမိတတ်နိုင်သ၍ မဏိဇောတပတ္တမြား ရတနာဂါထာတော်ကြီး (၄) ပုဒ်အား တစ်ပုဒ်လျှင် မိမိတတ်နိုင်သ၍ စည်းကမ်းသတ်မှတ်ထားပြီး (၂၇) ခေါက်စီရွတ်ရွတ်၊ (၅၄)ခေါက်စီရွတ်ရွတ်၊ သို့မဟုတ် (၁၀၈)ခေါက် စီပဲရွတ်ရွတ် မိမိစိတ်ကြိုက်၊ မှန်မှန်လေး ရွတ်ပေးနိုင်ပါသည်။ (လုံးဝမရွတ်ဘဲ လုံးဝရပ်နားထား၍ကား လုံးဝမသင့်တော်၊ မလျော်ကန်လှချေ။ သဘာဝလည်း မကျပေ။ ထို့ကြောင့် သွားရင်း၊ လာရင်း နေထိုင်ရင်းမှာ တစ်ရက်တာအတွက် အနည်းဆုံးတော့ (၂၇) ခေါက်စီတော့ဖြင့် ရွတ်ပွားပေးရမည်ဟု သိမှတ်ကြကုန်ရာ၏)

အကျိုးအာနိသင်ကား (၅၄)ရက်တည်းဟူသော အဆင့်တစ်ဆင့် အောင်မြင်ပြီးစီးထားခဲ့ပါလျှင် မိမိအား လူ၊ နတ်၊ ဗြဟ္မာတို့သည် ချစ်ခင်မြတ်နိုး လာကြရကုန်၏။ သတ္တဝါမှန်သမျှ မိမိအား ချစ်ခင်နှစ်သက်လာကြရကုန်၏။ ထိုအခါ မိမိဘဝသည် စိတ်ထဲမှာ အားရခြင်း၊ ကျေနပ်ခြင်း၊ စိတ်ပျော်ရွှင်ခြင်း၊ စိတ်ဓာတ်တက်ကြွလာခြင်း၊ ကိုယ်ရောစိတ်ပါ အေးချမ်းသာယာလာခြင်း၊ ငြိမ်းချမ်းသာယာလာခြင်း ဖြစ်ပေါ်လာရတော့၏။ စီးပွားရေးအရောင်းအဝယ် အလုပ်အကိုင်များ၊ အဆင်ပြေလာရတော့၏။ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ တောင်းတိုင်း



ရရှိလာနိုင်တော့၏။ စာမေးပွဲများ၊ နှုတ်ဖြေရေးဖြေများ၊ လူတွေ့ခေါ်ယူစစ်ဆေးမှုများ၊ ရာထူးတိုးစာမေးပွဲများ၊ အထူးအောင်မြင်ပြီးစီးလေတော့၏။ နိုင်ငံခြားထွက်တာ၊ သံရုံးဝင်တာ မည်သည့်ကိစ္စမျှ အခက်အခဲ၊ အထစ်အငေါ့မရှိနိုင်တော့ပါ။ အားလုံး အဆင်ချောပြီး အဆင်ပြေလာပါလိမ့်မည်။

ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များ၊ သရုပ်ဆောင်များသည်လည်း အလုပ်အကိုင် အဆက်မပြတ်ခြင်း၊ ဝင်ငွေရရှိမည့် အလုပ်အကိုင်များ ပေါများလာခြင်း၊ ထင်ပေါ်ကျော်ကြား လူသိများပြားလာခြင်း၊ တောရော မြို့ကြီးပါမကျန် မိမိအား ချစ်ခင်လေးစား တန်ဖိုးထားတတ်လာကြရတော့၏။ ဝင်ငွေလာဘ်လာဘ စည်းစိမ်ဥစ္စာ ရတနာများစွာပေါများ ကြွယ်ဝလာနိုင်ပါ၏။ အခက်အခဲကိစ္စ ပြဿနာဟူ၍ ကြီးကြီးမားမား ထစ်ထစ်ငေါ့ငေါ့ မရှိလာနိုင်တော့ချေ။ အလွယ်တကူပင် အဆင်ပြေစွာ အောင်မြင်မှုများ၊ တစ်ခုပြီးတစ်ခု ကိစ္စများပြီးစီးလာပါလိမ့်မည်။

ဘယ်ကိုသွားသွား၊ ဘယ်အရပ်မှာနေနေ ရန်သူမျိုး(၅)ပါး အန္တရာယ်များမှ ကင်းဝေးစေရ၏။ စိတ်ဆင်းရဲမှု အပူသောကများမှ လွတ်မြောက်စေရ၏။ စိတ်ထဲမှ တောင်းဆိုကြံစည်ရုံမျှဖြင့် အားလုံး ရောက်ရှိဝင်လာကြရကုန်၏။ ဤကား(၅၄)ရက်

www.burmeseclassic.com

www.burmeseclassic.com



အဓိဋ္ဌာန် တစ်ဆင့်၏ အကျိုးကျေးဇူးပင် အာနိသင်ပင် ဖြစ်ပါသည်။ အနည်းဆုံး (၄)ဆင့်ကြီးအထိ ရထား၊ ပိုင်ထား၊ ပြီးစီးအောင်မြင်ထားပါက ပြောစရာ ဆိုစရာ အလျဉ်းမရှိတော့ပေ။ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ဘယာသိဒ္ဓိ၊ ဇေယျာသိဒ္ဓိ၊ ဟိတသိဒ္ဓိ၊ လာဘသိဒ္ဓိ စသော သိဒ္ဓိပေါင်း(၇)ပါး အပြီးတိုင်၏။ (မိန်းမ၊ အမျိုးသမီးများကို ကြည့်ရှောင်ပါလေ။ မိမိ၏ အစ်မ၊ နှစ်မ၊ ညီမ၊ တူမ၊ စသည်များကိုပင် စူးစူးစိုက်စိုက်၊ ခပ်စိမ်းစိမ်းတောင် မကြည့်မိလေနှင့်။ ဆန္ဒ၊ ရာဂ ကိလေသာတို့ကြောင့် လူမှုရေး၊ အိမ်ထောင်ရေး၊ မသင့်တော်သော မလျော်ကန်သော ပြဿနာများ၊ ကိစ္စများတို့သည် ဖြစ်ပေါ်လာနိုင်ကြောင်းကို သတိကြီးစွာထားပါလေ)။

## အထူးမှတ်ချက်

(၅၄)ရက်သော ပညာဝင်၊ သိဒ္ဓိဝင် အဆင့်တစ်ဆင့် အောင်မြင်ပြီးစီးအောင် အဓိဋ္ဌာန်ဝင်၍ ရွတ်ပွားသရဇ္ဈာယ်နေစဉ်အတွင်း ပြင်ဆင်ထားသော ကန်တော့ပွဲများအား မညှိုးနွမ်းပါစေနှင့်။ ငှက်ပျောသီးများ အမှည့်လွန်၍လည်းကောင်း၊ အုန်းသီးများမကောင်း၍ ပုပ်၍ အရောင်အဆင်းမလှပ၍



အုန်းသီးကြွက်မြီးများ ပြုတ်ထွက်ခဲ့သည်ရှိသော် ကန်တော့ပွဲများကို အသစ်တင်လှူ အသစ်ပြင်ဆင်၍ ပူဇော်ကန်တော့ထားရမည်ဟု မှတ်ကြပါလေ။ အကယ်၍ (၅၄)ရက် အဓိဋ္ဌာန်၊ သိဒ္ဓိဝင်အကျင့်ကို ဆက်မလုပ်သေးဘဲ ရပ်နားထားသော အချိန်ကာလမျိုးဖြစ်ပါက ကန်တော့ပွဲများကိုလည်း မပြုမပြင်ဘဲ ရပ်ထားနိုင်ပါသေး၏။ အဓိဋ္ဌာန် (၅၄)ရက် သိဒ္ဓိဝင် ပညာဝင်၍ ကြိုးစားစွာ ရွတ်ပွားနေသော အချိန်အခါကာလမျိုး များတွင်မူ မိမိပညာဝင် သိဒ္ဓိဝင်နေသော အချိန်ကာလများတွင် ကန်တော့ပွဲများ မညှိုးမနွမ်းစေရ။ ငှက်ပျောသီးများ၊ ကွမ်းယာများ၊ လက်ဖက်များ၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ယို၊ မုန့်ဖြူ မုန့်နီများ၊ ဟောင်းနွမ်းသွားပါက အသစ်ပြင်ဆင်၍ ကပ်လှူပူဇော်ထားရမည်ကို မမေ့ပါနှင့်၊ သတိပြုပေးပါလေ။ အမြဲတမ်း၊ ကန်တော့ပွဲများ လှပတင့်တယ်နေစေရမည်။ ဆွမ်းချိန်တန်ဆွမ်း၊ ရေချိန်တန်ရေ၊ ပန်း၊ ဆီမီးဖယောင်းတိုင်မီး၊ အမွှေးတိုင်မီး၊ မုန့်ဖြူ မုန့်နီ လက်ဖက်စသည်များသည် ညှိုးနွမ်းနေမှု၊ နွမ်းခြောက်နေမှု၊ မဖြစ်ပါစေနှင့်။ အသစ်လဲလဲ[illegible]နေရမည်ဟု မှတ်ကြပါလေ။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## (၅)
## ရွှတ်ဖတ်ထရွှာယ်ပုံ အကြိမ်ရေ အခေါက်ရေကို ပြထခြင်း

ယခု စာရေးနေသည့်အချိန်ဖြစ်သော (၂၀၁၁ ဖေဖော်ဝါရီလကုန်အထိ) မြန်မာတစ်နိုင်ငံလုံးကို ဂရုစိုက်ပြီး လေ့လာသုံးသပ်ချက်များအရ တိုင်းပြည်တွင် လူဦးရေ သန်း(၆၀) နီးပါးခန့်ရှိနေရာတွင် ဤမဏိဇောတ ပတ္တမြားဂါထာတော်ကြီး (၄) ပုဒ်တို့ကို ရွှတ်ပွားသရဇ္ဈယ်နေသော လူဦးရေမှာ (သန်း ၃၀) နီးပါးခန့်ရှိနေပါသည်။ ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်မြို့ကပင်ဖြစ်ပါစေ၊ မဏိဇောတ ပတ္တမြားဂါထာတော်တို့ကို ရွှတ်ပွားသရဇ္ဈာယ်နေသည်က များပြားလှကုန်၏။ ကျောင်းသို့လာရောက်ကြကုန်သော ပရိသတ်များထဲတွင် တောကလာကြသော ပရိသတ်များသည် တောကလာကြသော အထိုက်အလျောက်ပင် မဏိဇောတပတ္တမြားဂါထာတော်ကြီးကို သိထား



ကြပြီး မြင်ထားကြပြီး ဖြစ်နေသည်ကို အံ့ဩစွာတွေ့မြင်ရနိုင်ပါသည်။ ထို့အတူပင် တောရွာများမှ ကျောင်းသို့ ဝင်ရောက်လာကြကုန်သော ဒကာ ဒကာမများထံမှလည်း "ဤမဏိဇောတ ပတ္တမြားဂါထာတော်ကြီးကိုလည်း တပည့်တော်မတို့ မိသားစုအားလုံးလိုလိုပင် ဝတ်မပျက် ရွှတ်ဖတ်သရဇ္ဈာယ်နေကြပါသည်ဘုရား။ ဒါ့ကြောင့်ပဲ ထင်ပါသည်ဘုရား။ တပည့်တော်တို့မိသားစု ယခင်ကနှင့် မတူညီတော့ပါဘုရား။ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး စီးပွားရေးဝင်ငွေများ အဆင်ပြေပြေနှင့် တိုးတက်လာခဲ့ပြီး အခုတော့ ချောင်ချောင်လည်လည်နှင့် ဖြစ်လာခဲ့ပါပြီဘုရား"ဟု လျှောက်တင်ကြတာလည်း များပြားစွာ တွေ့ကြုံခဲ့ရဖူးလေပြီ။

တောခြုံအုံကြား၊ ဝေးလံ သီခေါင်သော အရပ်ဒေသများက လာရောက်ကြကုန်သော ပရိသတ်များကို ကြည့်ပြန်တော့လည်း (ငါထုတ်ထားတဲ့ မဏိဇောတ-ပတ္တမြား ရတနာဂါထာတော်ကိုတော့ သိကြဟန်မတူပါဘူး)ဟု အထင်နှင့် မေးမြန်းလိုက်ပါတယ်။ ဒါလည်း များသောအားဖြင့် ဘယ်စာစောင်ထဲမှာ တွေ့ရလို့ တပည့်တော်တို့ ကူးယူပြီး ရွှတ်ပွားနေပါတယ်ဘုရား။ အချို့ကလည်း မည်သူက မည်ဝါက ဓမ္မဒါနပြုထားလို့ ဤမဏိဇောတ ပတ္တမြားဂါထာတော်(၄)ပုဒ်တို့ကို ရရှိထားပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဟု လျှောက်ထားလာသည်က များပြားလှပါတော့၏။ မရသည့်လူ၊ မသိသေးသည့်လူတွေက နည်းပါးလှပါသည်။ ရရှိပြီးသား လူများ၊ သိရှိထားပြီး လူများက များပြားနေကြတာကို တွေ့နေရပါသည်။ ထို့ပြင် အချို့ကျပြန်တော့လည်း "ယခင်က ရဖူးခဲ့သည်။ ပထမတော့ ရွတ်ဆိုသရဇ္ဈာယ်ဖူးပါသည်ဘုရား။ နောက်တော့ အလုပ်ကိစ္စတွေက များလာတော့ မအားတာနဲ့ အခုဆိုရင် မရွတ်ဖြစ်တာ အတော်ကြာသွားခဲ့ပါပြီဘုရား"ဟု လျှောက်ထားလာတာသည်လည်း ခဏ ခဏ ရှိလာခဲ့ဖူး၏။

အချို့လည်း စာရေးဆရာများ၊ ဆရာမများ၊ အခြားအခြားသော မဂ္ဂဇင်းများ၊ ဂျာနယ်များထဲတွင် ခဏ ခဏ ဖော်ပြပါရှိနေသောကြောင့်လည်း မြန်မာပြည်အနှံ့ တောရော မြို့ပါမကျန် များသောအားဖြင့် သိရှိပြီးသား အချို့လည်း ရွတ်ပွားသရဇ္ဈာယ်နေလျက် ရှိနေပါကြောင်းဖြင့် ခဏခဏ တယ်လီဖုန်းလာလိုက်၊ စာတွေလာလိုက်နှင့် ရှိခဲ့ဖူးပါသည်။ ဤကား မဏိဇောတ ပတ္တမြား ရတနာဂါထာတော်ကြီးနှင့် ပတ်သက်နေသော ဒကာဒကာမ အများအပြားတို့၏ ဆက်သွယ်မှု အသံဗလံများပင် ဖြစ်ပါသည်။ မြို့ကြီးများတွင်လည်း မြို့ကြီးများအထိုက်အလျောက် မဏိဇောတ ပတ္တမြားဂါထာတော်ကြီးကို အားကိုးယုံကြည်နေကြသည်မှာ များပြားလှတော့၏။



ထို့ပြင် အကျွန်ုပ် စာရေးသူကိုယ်တိုင်ပင်လျှင် အခြားသံဃာတော်များ ဆရာတော်ကြီးများ ပါဝင်လျက် မော်တော်ကားများဖြင့် အထက်မြန်မာပြည် အောက်မြန်မာပြည်အနှံ့ ခဏခဏ ခရီးထွက်ခဲ့ဖူးပါ၏။ ရောက်လေရာ နေထိုင်သီတင်းသုံးရာ မြို့ဒေသများတွင်လည်း ဤမဏိဇောတ ပတ္တမြားရတနာဂါထာတော်ကို ထုတ်လုပ်ဖြန့်ချိတာ လက်စသတ်တော့ ဤဆရာတော်ပဲကိုးဟု ပြောဆိုကြ၊ ဝေဖန်ကြ၊ ဝမ်းသာအားရဖြစ်ကြ၊ အံ့သြကြနှင့် အများအပြားတွေ့ကြုံခံစားရခဲ့ဖူးပြီ။ အမြို့မြို့အနယ်နယ် ဒေသအသီးသီးမှ လူပရိသတ် ဒကာဒကာမအများအပြားတို့သည် (တပည့်တော်မတို့တော့ ဆရာတော်ထုတ်ပြန်ထားတဲ့ မဏိဇောတပတ္တမြားဂါထာကိုပဲ အမြဲရွတ်ပွားပါတယ်ဘုရား၊ ရက်မပျက်သေးပါဘူးဘုရား၊ ဒီဂါထာတော်တွေကို ရွတ်တဲ့နေ့ကစပြီး မိသားစုတွေမှာ ထူးထူးခြားခြားဖြစ်ပြီး အောင်မြင်တိုးတက်လာမှန်းသိသာပါတယ်ဘုရား)

အချို့ အချို့သော ဒကာ ဒကာမမိသားစုတွေကျပြန်တော့လည်း ဤသို့ လျှောက်ထားလာကြပြန်ပါသည်။ (အစတုန်းကတော့ ဒီမဏိဇောတ ပတ္တမြားဂါထာတော်ကို မရခင်တုန်းကတော့ အိမ်မှာအတော်ပင် ကသိကအောက်ဖြစ်နေတာပါဘုရား။ သားသမီးတွေကိုလည်း ပြောမကောင်းဆိုမကောင်း လင်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကျပြန်တော့လည်း ပြောမကောင်းဆိုမကောင်း၊ ဝင်ငွေကပိတ်၊ အလုပ်အကိုင် အရောင်းအဝယ်က မကောင်းတော့ နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲ နေရပါတယ်ဘုရား၊ တစ်နေ့တော့ စာစောင်မဂ္ဂဇင်းတစ်ခုမှာ မဏိဇောတ-ပတ္တမြားဂါထာတော်(၄) ပုဒ်အကြောင်းပါလာတော့ စိတ်ဝင်စားတာနှင့် ဤဂါထာတော် (၄) ပုဒ်တို့ကို ကူးယူပြီး တပည့်တော်မတို့ မိသားစုအားလုံး ရွတ်ဖတ်သရဇ္ဈာယ်လာတာ အခုဆိုရင် တစ်နှစ်ကျော်လာပါပြီဘုရား။ ထူးခြားတာကတော့ ဒီမဏိဇောတ ပတ္တမြားဂါထာတော်ကြီးရဲ့ တန်ခိုးတော်ကြောင့်ပဲ ဖြစ်မှာပါဘုရား။ မိသားစု စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင် ဖြစ်လာကြပါတယ်ဘုရား။ သားသမီးများ လင်သားများအပေါ်မှာ ပြောဆိုရတာလည်း အရင်ကနဲ့မတူတော့ဘူးဘုရား၊ ပိုကောင်းလာခဲ့ပြီး စားရေးသောက်ရေး၊ နေရေး ထိုင်ရေး၊ စီးပွားရေး၊ ဝင်ငွေများ အရင်ကထက် ပိုပြီးအဆင်ပြေလာပါတယ်ဘုရား)ဟု လျှောက်ထားနေကြတာလည်း ကြားသိခဲ့ရဖူးလေပြီ။

အချို့အချို့သော တောရောမြို့ပါ မကျန် ဒကာ ဒကာမ အများစုတို့သည် မဏိဇောတ ပတ္တမြားဂါထာတော်ကြီးကို ဟိုကရလာလို့ ဒီကရလာလို့ မဂ္ဂဇင်းကတွေ့လို့၊ ဂျာနယ်တွေမှာတွေ့လို့၊ မည်သူက ဓမ္မဒါနပြု၍ ရလာခဲ့လို့ဟုဆို၍ အနည်း



နှင့် အများဆိုသလို မဏိဇောတ ပတ္တမြားဂါထာတော်ကြီးကို ပွားများသရဇ္ဈာယ်လျက် ရှိနေသော်လည်း ဂါထာပိုင်ရှင် စတင်ထုတ်ဝေသူ၊ ဂါထာတော်ကို ဖန်တီးခဲ့သော အကျွန်ုပ်ဆရာတော်ကိုမူ သူတို့တွေ၊ မတွေ့ဖူး၊ မမြင်ဖူး၊ မဖူးတွေ့ဖူးခဲ့ကြသေးပေ။ အချို့လည်း စာစောင်မဂ္ဂဇင်းများမှာ ဆရာတော်၏ ပုံပါလာသောကြောင့် လက်စသတ်တော့ မဏိဇောတပတ္တမြားရတနာဂါထာတော်ကြီးကို ရေးသားပြုစုပေးတာ ဒီဝေပုလ္လာရာမ ဆရာတော်ကိုးဟု အခုမှပဲ သိရသလို ဖူးတွေ့ရသလို ခံစားနေရတာလည်း မြောက်မြားစွာ တွေ့ခဲ့ရသေး၏။

၂၀၀၈-ခုနှစ်၊ မလေးရှားနိုင်ငံကို အလည်အပတ်ရောက်စဉ်အခါကလည်း အကျွန်ုပ်သည် စင်္ကာပူနိုင်ငံသို့ ပြန်မည်ဖြစ်၍ မလေးရှားကားဂိတ်တွင် ကားမထွက်ခွာသေး၍ ခုံရှည်တစ်ခုပေါ်တွင် ထိုင်နေလျက် ခေတ္တအနားယူပြီး အမြန်ကားဂိတ်ဖွင့်ထားပုံ အနီးအနား အခြေအနေတို့ကို လေ့လာအကဲခတ်ရင်း နေထိုင်နေစဉ်အတွင်း ခပ်လှမ်းလှမ်းမှာ စတိုးဆိုင်ကြီးနှင့် စားသောက်ဆိုင်ကြီးများရှိနေသည့် နေရာဘက်တွင် အမျိုးသမီးငယ် ဆယ်ယောက်ခန့်သည် ရေးကြီးသုတ်ပြာနှင့် တောင်ဘက်ထွက်ပြေးသွားလိုက်၊ မြောက်ဘက်ထွက်လာလိုက်၊ အရှေ့ဘက်ပြေးလိုက်နှင့် သွက်သွက်လက်လက် လှုပ်ရှားပြေး

www.burmeseclassic.com

www.burmeseclassic.com



လွှားနေတာကို အမှတ်မထင်တွေ့လိုက်မိပါသည်။ ဒီအမျိုးသမီးတွေက ဘာတွေဖြစ်နေကြတာလဲ။ ယောက်ယက် ခတ်နေတာပဲ ဂဏ္ဍာမငြိမ်ဘူးဟု အကျွန်ုပ်တွေးထင်မိခဲ့ပါ၏။ ခပ်လှမ်းလှမ်းမှ ထိုင်ခုံထံလာနေသော ခရီးသည်အဖွဲ့တစ်ဖွဲ့ ရောက်လာပါမှ အကျွန်ုပ်ကစပ်စုပြီး မေးလိုက်မိပါသည်။ (ဟိုမိန်းကလေးတစ်အုပ် ဘာတွေဖြစ်နေကြတာလဲမသိဘူး တောင်ပြေးလိုက်၊ မြောက်ပြေးလိုက်နဲ့ ကြည့်ရတာ တစ်ခုခုကို အတင်းလိုက်ကြည့်နေသလိုလိုပဲ)ဟု အကျွန်ုပ်က မေးလိုက်မိသည်။ ဤတွင် ခရီးသည်များက (အဲဒီမိန်းကလေးတွေကိုပဲ ပြောရမှာပေါ့။ သူတို့က မြန်မာဆရာတော်တစ်ပါး မလေးရှားနိုင်ငံကို ရောက်နေတယ်ကြားတယ်။ ယနေ့ စက်ဘူကို ပြန်မယ်ကြားတယ်။ အဲဒီဆရာတော်က မဏိဇောတပတ္တမြားရတနာဂါထာတော်ကို ထုတ်တဲ့ဆရာတော်တဲ့ သူတို့ အင်မတန် ဖူးချင်လွန်းလို့ မရအရ လိုက်ရှာနေတာပါလို့ ပြောတာပဲဘုရား။ ဒီဆရာတော်ကလည်း ဘယ်ရောက်လို့ ဘယ်မှာသီတင်းသုံး နေတယ်ဆိုတာသူတို့လည်းမသိဘူးတဲ့ သတင်းကြားလို့ လိုက်ရှာနေတာလို့ ပြောတာပဲ)ဟု ပြောပြလာပါတော့၏။ ဤတွင်မှ အကျွန်ုပ်က အံ့အားသင့်ပြီး ရောက်ရှိလာသော ဒကာ ဒကာမတစ်အုပ်ကိုပင် (သွားပြောလိုက်ပါဗျာ။ သူတို့ ရှာနေတဲ့ ဘုန်းကြီးက ဒီမှာဗျ)လို့



ပြောလိုက်ပါသည်။ ဤတွင်မှ မိန်းကလေး ဆယ်ယောက်ခန့်သည် အကျွန်ုပ်ထံသို့ ပြေးဆင်းလာခဲ့ကြပြီး ဝမ်းပန်းတသာနှုတ်ဆက်စကားများဆို၍ အကျွန်ုပ်အား လာရောက်ကန်တော့ကြပါတော့၏။

(ဆရာတော်ထုတ်ထားတဲ့ မဏိဇောတ ပတ္တမြားဂါထာတော်နဲ့ ဒီနိုင်ငံမှာ တပည့်တော်မတို့ အားလုံးပဲအဆင်ပြေကြပါတယ်ဘုရား။ ပထမရောက်စတော့ အဆင်မပြေဘူးပေါ့ဘုရား။ အလုပ်က မရနိုင်၊ နေစရာက မလွယ်၊ ရှိတဲ့ ငွေလေးနဲ့ပဲခြိုးခြံချွေတာပြီး နေရတာပေါ့ဘုရား။ အချို့ ရက်တွေဆိုရင် ထမင်းမစားရဘဲ အငတ်ခံနေရတာတောင် ရှိပါတယ်ဘုရား။ နောက် ရန်ကုန်မြို့မှ အမျိုးတွေက ဤမဏိဇောတ ပတ္တမြားရတနာဂါထာတော်များကို ပေးပို့ပြီး ဒီဂါထာ (၄) ပုဒ်ကို သူ့အခေါက်ရေကိုက်အောင် မှန်မှန်ရွတ်ပေးပါ။ နင်တို့ ထူးခြားအောင်မြင်လိမ့်မယ်လို့လည်း စာထဲမှာ ပါလာပါတယ်ဘုရား။ ဒါနဲ့ တပည့်တော်မတို့လည်း နေ့စဉ်အရုဏ်တက် ထပြီးတော့ဂါထာတော် (၄) ပုဒ်စလုံးကို အခေါက်ရေများများ ရအောင်ရွတ်ဖတ်သရဇ္ဈာယ်ပြီး ဆုလေး ဘာလေး တောင်းတော့တာပေါ့ဘုရား။ အဲဒီလိုလုပ်လာတော့မှပဲ အစစ အရာရာ အဆင်ပြေလာပါတော့တယ်။ အခုတော့ စားရေးသောက်ရေးလည်း

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေပါတယ်ဘုရား။ နေစရာ တိုက်ခန်းတစ်ခုလည်း ရထားပါတယ်ဘုရား။ ဝင်ငွေကောင်းတဲ့ အလုပ်တစ်ခုခုကိုလည်း အခု လုပ်ကိုင်လျက် ရှိပါသည်ဘုရား)ဟု လျှောက်ထားကြပါသည်။

ဤတွင် အကျွန်ုပ်က (တို့ထုတ်ထားတဲ့ ဒီမဏိဇောတ ပဋ္ဌာန်းဂါထာတွေကို ရိုရိုသေသေ အားကိုးယုံကြည်စွာနဲ့ ရွတ်ဖတ်သရဇ္ဈာယ်ပေးနေကြရင် ဒီမဏိဇောတ ပဋ္ဌာန်း ရတနာဂါထာတော်ဟာ လောကကြီးကိုလည်း အလှဆင်နိုင်တယ်။ ကိုယ့်ဘဝကိုလည်း အလှဆင်နိုင်တယ်လို့ မှတ်ကြပေါ့။ အားလုံးမမေ့ကြနဲ့ ရက်လည်းမပျက်စေနဲ့ နေ့စဉ်မှန်မှန်လေး ရွတ်ပေးကြ)လို့ ဩဝါဒပေး၍ စင်္ကာပူနိုင်ငံသို့ ပြန်ကြွလာပါတော့၏။

စင်္ကာပူ နိုင်ငံကို ရောက်ရှိပြီး တစ်ပတ်ခန့်အကြာတွင် စင်္ကာပူနိုင်ငံ၏ လူမျိုးပေါင်းစုံဆုံတွေ့ရာ ဈေးဆိုင်များပေါ များရာ (ပင်နယ်ဆူးလား) အဆောက်အဦကြီးဆီ ရောက်သွား ခဲ့ပါ၏။ စင်္ကာပူနိုင်ငံမှာရှိနေသော တပည့် တပည့်မများက လိုက်လံပို့ဆောင်ပေး၍ ရောက်သွားခြင်းဖြစ်ပါသည်။ အဲဒီ (ပင်နယ်ဆူးလား)မှာလည်း မြန်မာနိုင်ငံမှ ပစ္စည်းများ အရောင်း ဆိုင် တော်တော်များများကိုပင် တွေ့နေရတတ်ပါသည်။ အချို့



ဆိုလျှင် မြန်မာနာမည် မြန်မာဆိုင်းဘုတ်တင်ထားသည်ကိုပင် အများအပြား တွေ့ခဲ့ရပါသည်။ အကျွန်ုပ်သည် ဟိုဟိုဒီဒီ ရောက်တတ်ရာရာတို့ကို လျှောက်ကြည့်ရင်း လူယောကျ်ား (၅) ယောက်ခန့်နှင့် အမျိုးသမီး (၇) ယောက်ခန့်သည် အကျွန်ုပ် ထံသို့ ပြေးလာကြပြီး (အရှင်ဘုရားက ဝေပုလ္လာရာမဆရာတော် မဟုတ်လားဘုရား၊ တပည့်တော်မတို့ မဂ္ဂဇင်းစာစောင်တွေထဲမှာ ဖူးတွေ့ရပြီးပါပြီဘုရား၊ အရှင်ဘုရားမှ အရှင်ဘုရားအစစ်ပါ၊ အခု စင်္ကာပူနိုင်ငံကို ကြွလာတာလားဘုရား။ မြင်ရဖူးရတာ ဝမ်းသာလိုက်တာဘုရား။ ဒီလို စင်္ကာပူနိုင်ငံမှာ ဆရာတော်ကြီးကို ဖူးတွေ့ရလိမ့်မယ်လို့ ထင်ကို မထင်ထားတာဘုရား။ အခုလို ဖူးတွေ့ရပြီဆိုတော့ အားလုံးဝမ်းသာအားရဖြစ်မိပါတယ်ဘုရား။ ဆရာတော်ကြီးရေးသားထားတော်မူတဲ့ မဏိဇောတ ပဋ္ဌာန်း ဂါထာတော်ကြီးကို မဂ္ဂဇင်းစာစောင်များမှရရှိလို့ တပည့်တော်တို့ တပည့်တော်မတို့ဟာ ဒီဂါထာတော် (၄) ပုဒ်ကိုပင် ရွတ်ပွား သရဇ္ဈာယ်ရင်းနဲ့ ယခုလို အဆင်ပြေတိုးတက်အောင်မြင်လာကြ တာပါဘုရား။ ဒီဂါထာ(၄)ပုဒ်ကို မရွတ်ရင်သာပဲဘုရား။ ဂရုတစိုက်ကလေး ရွတ်မိလိုက်တယ်ဆိုရင် ချက်ချင်း ထူးထူး ခြားခြား ဖြစ်လာတော့တာပဲဘုရား။ ဒါ့ကြောင့် ဒီဂါထာတော် (၄)ပုဒ်စလုံးကို နေ့စဉ်ဝတ်မပျက် ပွားများသရဇ္ဈာယ်လျက်ရှိပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဘုရား။ သူများနိုင်ငံမှာ နေထိုင်နေရ၊ စီးပွားရှာနေရတော့ ဂါထာရွတ်တာ မပျက်ရဲဘူးဘုရား၊ ဂရုတစိုက် နေ့စဉ် ရက်မပျက်စေဘဲ နေ့စဉ်မှန်မှန်ရွတ်ပေးလျက် ရှိပါသည်ဘုရား)ဟု လျှောက်ထားလာကြကုန်၏။

သူတို့လေးတွေရဲ့ မျက်နှာများမှာ အပူအပင်ကင်း၍ ပြုံးပျော်ရွှင်နေတာများကို အကျွန်ုပ်မြင်တွေ့ လိုက်ရတော့ အတော်ပဲ စိတ်ချမ်းသာမှု ရရှိခဲ့ပါတော့၏။ ဤတွင် အကျွန်ုပ်လည်း (မင်းတို့နေထိုင်၊ လုပ်ကိုင်စားသောက်နေရတာ ကိုယ့်နိုင်ငံမဟုတ်ဘူး။ ကိုယ်လာနေရတာက သူများနိုင်ငံမှာ ဒီတော့ အစစအရာရာ ဂရုတစိုက်နေထိုင်ကြ။ ပေါ့ပေါ့ဆဆမနေကြနှင့်။ အထူးသဖြင့် ဆရာတော်တို့ ထုတ်ထားသည့် မဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီးကို လက်ကိုင်ထားကြ၊ အမြဲတမ်းရွတ်ပွားပေးကြ၊ မိမိမှာ ဂါထာကောင်းတစ်ခုတော့ အားကိုးအားထားရာရှိထားရပါမည်။ မဏိဇောတ ပတ္တမြားဂါထာတော် (၄) ပုဒ်ကို ရွတ်ပွားသရဇ္ဈာယ်ပေးခြင်းအားဖြင့် လောကနှင့်မိမိဘဝကို အလှဆင်နေတာနှင့် တူလှ၏)ဟု ဩဝါဒကထာ ပေးခဲ့ရပါတော့၏။ ဤကား စင်္ကာပူနိုင်ငံမှ မဏိဇောတ ပတ္တမြားဂါထာတော်ကြီး၏ အခြေအနေဖြစ်ပါသည်။

ထို့ကြောင့် အားလုံးသော ဗုဒ္ဓဘာသာဝင် သူတော်စင်



အပေါင်းတို့၊ အားလုံးသော ကမ္ဘာသူကမ္ဘာသား နိုင်ငံသူနိုင်ငံသားအပေါင်းတို့၊ အားလုံးသော သာသနာပြုပုဂ္ဂိုလ် အကျော်အမော်အပေါင်းတို့၊ အားလုံးသော ရဟန်းရှင်လူအပေါင်းတို့ မဏိဇောတပတ္တမြားရတနာ ဂါထာတော်ကြီး (၄) ပုဒ်စလုံးအား လောက ကမ္ဘာထဲတွင်နေထိုင် နေရသ၍၊ သွားလာလှုပ်ရှားနေရသ၍၊ ကူးလူးဆက်ဆံနေ ရသ၍၊ လုပ်ကိုင်ဆောင်ရွက်နေရသ၍၊ ကြိုးစားအားထုတ်နေ ရသ၍၊ ရုန်းကန်လှုပ်ရှားနေရသ၍၊ အထူးကြိုးစား၍၊ ပွားများသရဇ္ဈာယ်ကြကုန်ရာ၏။ အားကိုးယုံကြည်၍ ရွတ်ပွားသရဇ္ဈာယ်ကြရာ၏ဟု မှတ်ယူကြပါလေ။

(က) သာမန်လူတန်းစားအတွက်မှာမူ မဏိဇောတ ပတ္တမြားဂါထာတော်ကြီး (၄) ပုဒ်တို့တွင်. (၁) အပုဒ်ကို (၂၇) ခေါက်ရွတ်ပွားသရဇ္ဈာယ်ပါ။ (၂) အပုဒ်ကို (၂၇) ခေါက်ရွတ်ပွားသရဇ္ဈာယ်ပါ။ (၃) အပုဒ်ကို (၂၇) ခေါက်ရွတ်ပွား သရဇ္ဈာယ်ပေးပါ။ (၄) အပုဒ်ကို (၂၇) ခေါက်ရွတ် ပွားသရဇ္ဈာယ်ပေးပါ။ (ရက်မပျက်စေရပါ) နေ့စဉ်အချိန်မှန်မှန် နံနက် အရုဏ်တက် (၅) နာရီမှ နံနက် (၇) နာရီအတွင်း ကောင်းမြတ်သောမင်္ဂလာ နံနက်အချိန်အခါဖြစ်၍ ထိုအချိန်ကို မိအောင် ထိအောင် မဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီးကို ရွတ်ပွား

www.burmeseclassic.com

www.burmeseclassic.com



သရဇ္ဈာယ်ကြရပါမည်။ (နံနက်အရုဏ်တက်အချိန်ဖြစ်သော နံနက်(၅)နာရီမှ နံနက်မိုးလင်းစ(၇)နာရီအထိသည် ကောင်းမြတ်သော အရုဏအချိန်ဖြစ်ပါ၍ ဤအချိန်အခါကိုမီအောင်ထ၍ မဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီး (၄) ပုဒ်တို့ကို တစ်ထိုင်တည်းနှင့်အပြီး တစ်ကြိမ်အားထုတ်ပွားများ သရဇ္ဈာယ်ခြင်းသည် ညဘက်တွင် ရွတ်ပွားသရဇ္ဈာယ်ခြင်း၏ တစ်ထိုင်တည်းနှင့်အပြီး အကြိမ်ပေါင်း (၁၈) ကြိမ်တိတိ ရွတ်ဖတ်သရဇ္ဈာယ်တာနှင့်ညီမျှ၏။ တူညီလှ၏။ အင်အားချင်း၊ စွမ်းအားချင်း၊ သတ္တိချင်းတူညီလှ၏ဟု မှတ်ယူကြပါလေ)။

ထို့ကြောင့် အရုဏ်တက်အချိန်၊ အရုဏအချိန်သည် ဗုဒ္ဓဘုရားရှင်နှင့်တကွ ရဟန္တာပုဂ္ဂိုလ်ကြီးများပင်လျှင် ထိုအရုဏအချိန်ကို အချိန်မီထ၍ ဈာန်သမာပတ်တို့ကို ပွားများခြင်း၊ သဗ္ဗညုတဉာဏ်တော်တို့ဖြင့် လောကကို ကြည့်ရှုခြင်း၊ နိရောဓသမာပတ်တို့ကို ဝင်စားခြင်း၊ နိဗ္ဗာနဓာတ်ကို အာရုံပြုခြင်းများတို့ကို ဆောင်ရွက်ကြပါသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအချိန်သည် (အရုဏ) အရုဏ်တက်ချိန်သာဖြစ်၍ ဗုဒ္ဓဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုသောအခါသည်လည်း (အရုဏ) အချိန်ပင် ဖြစ်လေတော့၏။ ထို့ကြောင့် မဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီး (၄)ပုဒ်တို့ကို ပွားများသရဇ္ဈာယ်ကြကုန်သော ပုဂ္ဂိုလ်တို့သည်



နေ့ဘက်/ညဘက်/ညဉ့်နက်ဘက်များတွင် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းထက် အရုဏ်တက်အချိန်(အရုဏ)အချိန်တို့တွင် ရွတ်ပွားသရဇ္ဈာယ်သင့်သည်ဟု သိမှတ်ကြကုန်ရာ၏။

(ခ) တစ်နေ့လုပ်ပါမှ တစ်နေ့စားသောက်နေရသော လူတန်းစားများသည်လည်းကောင်း၊ လူနေမှုအဆင့်အတန်းနိမ့်ကျလွန်းသော မိသားစု အိမ်ထောင်စုများတို့သည်လည်းကောင်း၊ လယ်ယာအလုပ်၊ တောင်သူ၊ လယ်လုပ်၊ ဓားမခုတ်အလုပ်တို့ဖြင့် လုပ်ကိုင်စားသောက်နေရသော တောသူ၊ တောင်သား၊ ကိုင်းလုပ်၊ လယ်လုပ်၊ ခြံလုပ်သူတို့သည်လည်း ဤမဏိဇောတ ပတ္တမြားဂါထာတော်ကြီး (၄) ပုဒ်တို့တွင် (၁) အပုဒ်ကို (၂၇)ခေါက်၊ (၂) အပုဒ်ကို (၂၇)ခေါက်၊ (၃) အပုဒ်ကို (၂၇)ခေါက်၊ (၄) အပုဒ်ကို (၂၇)ခေါက်နှုန်းဖြင့် နေ့စဉ်မှန်မှန်၊ အချိန်မှန်မှန် ရွတ်ပွားသရဇ္ဈာယ်ပေးရပါမည်။ ရွတ်ပွားသရဇ္ဈာယ်ပြီးတိုင်း တစ်နေ့တာအတွက် မိမိဘဝမှာ အရေးအကြီးဆုံး အလိုအပ်ဆုံးဆု တစ်ခုခုကို တောင်းရာ၏။ ပြီးမှ တစ်နေ့တာအတွက် မိမိတို့ဆောင်ရွက်စရာ ကိစ္စများတို့ကို ဆောင်ရွက်ကြပါလေ။ တစ်ခုခုကို ဆုမတောင်းဘဲနှင့်တော့ ထ,မသွားအပ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ဈေးဆိုင်ဖွင့်သူများ၊ ကုန်သည်၊ ပွဲစား၊ ပွဲရုံလုပ်ငန်းများ အပါအဝင် လူလတ်တန်းစား၊ စားနိုင် သောက်နိုင်သော အလယ်အလတ်တန်းစားများတို့သည်လည်းကောင်း၊ အိမ်ပိုင် မြေပိုင်၊ လယ်ပိုင်၊ ခြံပိုင်၊ ကားပိုင်ရှိနေကြကုန်သော တက်သစ်စ အသင့်အတင့် စားနိုင်သောက်နိုင်၊ သုံးနိုင်စွဲနိုင်သော ပုဂ္ဂိုလ်များတို့သည်လည်းကောင်း၊ စတိုးဆိုင်၊ ကုန်စိမ်းဒိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ စားသောက်ဆိုင်များ၊ အင်တာနက်ဆိုင်၊ ဂိမ်းဆိုင်စသည်များဖြင့် အလုပ်လုပ်ကိုင် နေထိုင်ကြကုန်သော လူလတ်တန်းစား ပုဂ္ဂိုလ်များအတွက်မူ ဤမဏိဇောတ ပတ္တမြားရတနာဂါထာတော်ကို (၁)အပုဒ်ကို (၅၄)ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။ (၂) အပုဒ်ကို (၅၄) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။ (၃) အပုဒ်ကို (၂၇) ခေါက်၊ (၄) အပုဒ်ကို (၂၇) ခေါက်နှုန်းဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ပေးရပေလိမ့်မည်။ ဤအတိုင်း ရွတ်ဖတ်သရဇ္ဈာယ်ပြီးပါက မိမိဘဝအတွက် အရေးကြီးသော ဆုတစ်ခုခုကို တောင်းရာ၏။ ပြီးမှ ရွတ်ပွားရာမှထ၍ အလိုရှိရာတို့ကို ဆောင်ရွက်ကြပါလေ။



(ဃ) သဘင်သည်များ၊ ဂီတပညာရှင်များ၊ အနုပညာသမားများ၊ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်များ၊ အစိုးရဝန်ထမ်းများ၊ တပ်မတော်ဝန်ထမ်းများ၊ နိုင်ငံဝန်ထမ်းများ၊ ကထိကများ၊ ပါမောက္ခများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်များ၊ ပညာရေးမှူးများ၊ မော်ကွန်းထိန်းများ၊ အရာရှိကြီးများ၊ အာဏာပိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကမ္ဘာ့အဖွဲ့အစည်းများမှ အသိအမှတ်ပြု ဖွဲ့စည်းထားသော NGO ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ လက်နက်ကြီး လက်နက်ငယ်များနှင့် အမြဲတမ်းလိုလို ထိတွေ့နေရသော အသက်နှင့်နီးကပ်မှုရှိနေသော ဝန်ထမ်းများ (မော်တော်ကားပိုင်ရှင်နှင့် ကားဒရိုင်ဘာများ) စက်ကြီးများ၊ စက်ငယ်များ၊ သင်္ဘော၊ ပဲ့ထောင်၊ ပဲ့ချိတ်တို့ကို မောင်းနှင်နေကျ ဝန်ထမ်းများ၊ ပိုင်ရှင်များတို့သည်လည်း ဤမဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီးအား (၁) အပုဒ်ကို (၅၄) ခေါက်ရအောင် သရဇ္ဈာယ်ပေးရပါမည်။ (၂) အပုဒ်ကို (၅၄) ခေါက်ရအောင် ရွတ်ပွားသရဇ္ဈာယ်ပေးရပါမည်။ (၃) အပုဒ်ကို (၅၄) ခေါက်၊ (၄) အပုဒ်ကို (၅၄) ခေါက်ရအောင် ရွတ်ပွားသရဇ္ဈာယ်ပေးရပါမည်။ တစ်ထိုင်တည်းနှင့် ပြီးစီးအောင် ရွတ်ပွားသရဇ္ဈာယ်ရမည်ကို ဆိုလိုပါသည်။ အားလုံးရွတ်ဖတ်သရဇ္ဈာယ်၍ ပြီးစီးပါက မိမိဘဝတွင် အလွန်အရေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးသော အထူးလိုအပ်သော ဆုတစ်ခုခုကို တောင်းရာ၏။ ပြီးပါမှ ထ၍ မိမိအလိုရှိရာ ကိစ္စများတို့ကို ဆောင်ရွက်လုပ်ကိုင်ကြပါလေ။

(င) ကုမ္ပဏီထောင်ထားသူများ၊ လီမိတက် ကော်ပိုရေးရှင်း စသည်တည်ထောင်ထားရှိသူများသို့မဟုတ် ကုမ္ပဏီဝန်ထမ်းများ၊ လီမိတက်ကော်ပိုရေးရှင်းဝန်ထမ်းများ၊ ဆေးဝါးကုမ္ပဏီဝန်ထမ်းများ၊ နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်လုပ်ကိုင်နေရသော လုပ်ငန်းရှင်များ၊ ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်တွင်း၊ ပြည်ပ၊ ဖြန့်ချိလုပ်ကိုင်နေသော လုပ်ငန်းရှင်ကြီးများ၊ စက်ရုံပိုင်ရှင်ကြီးများ၊ အလုပ်ရုံပိုင်ရှင်ကြီးများ (မိမိဘဝတွင် တာဝန်ကြီးကြီး ထမ်းရွက်နေရသော ပုဂ္ဂိုလ်များ၊ မိမိဘဝတွင် အသက်နှင့် အရှက်နှင့် ရင်းနှီးနေရသောလုပ်ငန်းကြီးများတို့ကို ဆောင်ရွက်လုပ်ကိုင်နေရသူများ) သင်္ဘောတည်ဆောက်ရေး လုပ်ငန်းရှင်ကြီးများ၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ကွန်ပျူတာ၊ အင်တာနက်၊ တီဗွီ စသော သိပ္ပံနှင့် နည်းပညာရှင်ဝန်ထမ်းများစသည်တို့သည်လည်း ဤမဏိဇောတ ပဋ္ဌာန်းရတနာဂါထာတော်ကြီးအား (၁) အပုဒ်ကို (၁၀၈) ခေါက်ရအောင် ရွတ်ပွားသရဇ္ဈာယ်ပေးရပါမည်။ (၂) အပုဒ်ကို (၁၀၈) ခေါက်ရအောင် ရွတ်ဖတ်



သရဇ္ဈာယ်ပေးရပါမည်။ (၃)အပုဒ်ကို (၅၄)ခေါက်ရအောင် ရွတ်ပွားသရဇ္ဈာယ်ပေးရပါမည်။ (၄) အပုဒ်ကို (၅၄) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။ အားလုံးရွတ်ဖတ်သရဇ္ဈာယ်ပြီးပါက မိမိဘဝတွင် အရေးအကြီးဆုံး အလိုအပ်ဆုံး ဆုတစ်ခုခုကိုတောင်း၍ သရဇ္ဈာယ်ပွားများနေသော နေရာမှ ထ၍ မိမိအလိုရှိရာ ဆန္ဒရှိရာ အလုပ်အကိုင်များကို ဆက်လက်လုပ်ကိုင်နိုင်ပါသည်။

**တစ်နည်း**

## ရွတ်ဖတ်သရဇ္ဈာယ်သော ဂါထာတော်၏ အခေါက်ရေတွက်ပုံကို ပြသခြင်း

(က) မိမိ၏ ပိုင်ဆိုင်မှု ပမာဏအားဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများတွင် ပိုင်ဆိုင်မှုလုပ်ကိုင်နေမှု ပမာဏတို့သည် သိန်းပေါင်း (၂၅) သိန်းမှ သိန်းပေါင်း (၅၀၀) အထိ ရှိထားပြီးသူသည် မဏိဇောတ ပဋ္ဌာန်းရတနာဂါထာတော်ကြီးအား ဂါထာတော်ကြီး (၄) ပုဒ်စလုံးတို့ကို တစ်ပုဒ်လျှင် (၂၇) ခေါက်စီဖြင့် တစ်ထိုင်တည်းနှင့် ရွတ်ပွားသရဇ္ဈာယ်ရပါမည်။ ပြီးမှ လိုရာဆုကိုတောင်းပါ။ ပြီးမှ ထိုင်ရာကထပြီး မိမိ၏ ဗဟုကိစ္စများကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(ခ) မိမိ၏ ပိုင်ဆိုင်မှု ပမာဏအားဖြင့်လည်းကောင်း၊ စီးပွားရေး အလုပ်အကိုင်လုပ်ငန်းများတွင် ပိုင်ဆိုင်နေမှု တိုးတက်ကြီးပွားနေမှု လုပ်ကိုင်ဆောင်ရွက်နေမှု ဝန်ထမ်း အရေအတွက်နှင့် ကုန်ကျစရိတ် ပမာဏတို့သည် သိန်းပေါင်း တစ်ထောင် (၁၀၀၀) မှ သိန်းပေါင်းတစ်သောင်း (၁၀၀၀၀) အထိရှိထားပြီးသူသည် လည်ပတ်ထားပြီးသူသည် မဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီးအား (၁) အပုဒ်ကို (၅၄) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။ (၂) အပုဒ်ကို (၅၄) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ် ပေးရပါမည်။ (၃) အပုဒ်ကို (၂၇) ခေါက်၊ (၄) အပုဒ်ကို (၂၇) ခေါက်ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ပေးရမည်ဟု မှတ်ယူကြပါလေ။ ထို့နောက် မိမိဘဝတွင် အရေးကြီးသော အလိုအပ်ဆုံးသော ဆုတစ်ခုခုကို တောင်း၍ ထိုင်ရာမှထကာ ဗဟုကိစ္စများကို ဆက်လက် လုပ်ကိုင်နိုင်ပါသည်။

(ဂ) မိမိပိုင်ဆိုင်မှု ပမာဏအားဖြင့်လည်းကောင်း စီးပွားရေး အလုပ်အကိုင်လုပ်ငန်းများတွင် ပိုင်ဆိုင်နေမှု တိုးတက်ကြီးပွား နေမှု၊ လည်ပတ်နေမှု၊ လုပ်ကိုင်ဆောင်ရွက်နေမှု၊ ဝန်ထမ်း အရေအတွက်များနှင့် ကုန်ကျစရိတ်များ ထုတ်ကုန်ပမာဏ



ဖြန့်ကုန်ပမာဏ ရောင်းချကုန်ပမာဏတို့သည် သိန်းပေါင်း (၅)သောင်း (၅၀၀၀၀)မှ သိန်းပေါင်း(၅)သိန်း (၅၀၀၀၀၀) အထိ ရှိထားပြီးသူ၊ လည်ပတ်ထားပြီး သူတို့သည် မဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီးအား (၁) အပုဒ်ကို (၁၀၈) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ကြရာ၏။ (၂) အပုဒ်ကို (၁၀၈) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ကြရာ၏။ (၃) အပုဒ် ကို (၅၄) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ပေးရာ၏။ (၄) အပုဒ်ကို (၅၄) ခေါက်ရအောင် ရွတ်ပွားသရဇ္ဈာယ်ကြကုန်ရာ၏။ ထို့နောက် မိမိဘဝတွင် အရေးအကြီးဆုံး အလိုအပ်ဆုံးဖြစ်သော ဆုတစ်ခုခုကို လေးလေးနက်နက် ဆုတောင်းကြရာ၏။ ထို့နောက် နေရာမှထ၍ မိမိအလိုရှိရာ လုပ်စရာကိစ္စတို့ကို ဆက်လက်လုပ်ကိုင်နိုင်ပါသည်။

## အထူးမှတ်ချက်

(အချုပ်အားဖြင့် ဆိုရပါမူ ကြီးပွားချမ်းသာလိုသူတိုင်း လူနေမှုအဆင့်အတန်း မြင့်မားလိုသူတိုင်း စည်းစိမ်ဥစ္စာ၊ ရတနာ ရွှေငွေ၊ ဥစ္စာမနေ၊ အခြံအရံ၊ အခြွေအရံများနှင့် တင့်တင့်တယ်တယ် နေထိုင်လိုသူတိုင်း ဘဝတစ်ခုမှာ မျက်နှာပွင့်ပြီး အထက် တန်းဘဝ အမြင့်ဘဝကို ရောက်ရှိလိုသူတိုင်း ချမ်းသာကြွယ်ဝပြီး

www.burmeseclassic.com



သူဌေးဖြစ်လိုသူတိုင်းသည် ဤမဏိဇောတ ပတ္တမြားဂါထာတော်ကြီး လေးပုဒ်တို့တွင် (၁) အပုဒ်ကို (၁၀၈)ခေါက်၊ (၂) အပုဒ်ကို (၁၀၈) ခေါက်၊ (၃) အပုဒ်ကို (၅၄) ခေါက်၊ (၄) အပုဒ်ကို (၅၄) ခေါက် ရရှိနေအောင် နေ့စဉ်ဝတ်မပျက် အချိန်မှန်မှန် ရွတ်ပွားသရဇ္ဈာယ်ပေးနိုင်ပါကြောင်း အနှစ်ချုပ်အားဖြင့် ပြသအပ်ပါ၏။ မည်သူမဆို၊ မည်သည့်ပုဂ္ဂိုလ်မဆို၊ မည်သည့် လူတန်းစားမျိုးမဆို ကြီးပွားချင်သလား၊ ချမ်းသာချင်သလား၊ အောင်မြင်ချင်သလား၊ တိုးတက်ချင်သလား၊ အပေါ်ဆုံးအဆင့် အမြင့်ဆုံးဘဝကို ပိုင်ဆိုင်ချင်ပါသလား၊ ဒါဆိုလျှင် ဤအနှစ်အချုပ်အတိုင်း လိုက်နာကျင့်သုံးကြပါလေ)

◈ ◈ ◈

# (၆)
# မဏိဇောတ ပတ္တမြားဂါထာတော်နှင့် ဝရုဏ်ရတနာ

မဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီး လေးပုဒ်အား သရဇ္ဈာယ်ပွားများမည့် ပုဂ္ဂိုလ်များသည် ဂါထာတော်ကြီးလေးပုဒ်တို့အား (ရိုသေအားဖြင့် ယုံကြည်အားကိုးသောအားဖြင့် အလေးအနက်ထားသောအားဖြင့်) ရွတ်ဖတ်သရဇ္ဈာယ်ရပါမည်။ ထို့ကြောင့် ဤဂါထာတော်ကြီး (၄) ပုဒ်တို့ကို ရွတ်ပွားသရဇ္ဈာယ်ကြရာတွင် အောက်ပါအချက်အလက်များ စည်းကမ်းများနှင့်အညီ ရွတ်ပွားသရဇ္ဈာယ်ရမည်ကို သတိပြုပါလေ။

www.burmeseclassic.com

www.burmeseclassic.com



(က) လူစည်ကား၍ အသွား/အလာ များပြားရှုပ်ထွေးနေသော နေရာမျိုးတွင် မရွတ်မဖတ်ရ။

(ခ) ဆိုက္ကားစီးရင်း၊ ဆိုက္ကားနင်းရင်းဖြင့် မရွတ်မဖတ်ရ မသရဇ္ဈာယ်ရ။

(ဂ) မြင်းလှည်းမောင်းရင်း၊ မြင်းလှည်းစီးရင်းဖြင့် မရွတ်ရ၊ မသရဇ္ဈာယ်ရ။

(ဃ) ကားစီးရင်း၊ ကားမောင်းရင်း မရွတ်ဖတ်ရ၊ မသရဇ္ဈာယ်ရ။

(င) ကျင်ကြီးကျင်ငယ်စွန့်ရင်း အိမ်သာထဲမှာ အိမ်သာနားမှာ မရွတ်ရ၊ မသရဇ္ဈာယ်ရ။

(စ) ဇနီး၊ မယား၊ လင်မယား အတူတူအိပ်စက်လျက် မရွတ်မဖတ်ရ၊ မသရဇ္ဈာယ်ရ။

(ဆ) ပွဲ၊ ဇာတ်သဘင်အငြိမ့်၊ ရုပ်ရှင်ပြရင်း၊ ကြည့်ရင်းနှင့် မရွတ်မဖတ်ရ၊ မသရဇ္ဈာယ်ရ။

(ဇ) ဒေါသထွက် စိတ်ဆိုးလျက် စကားများရန်ဖြစ်ပြီးကာစ မရွတ်မဖတ်ရ၊ မသရဇ္ဈာယ်ရ။ စိတ်ကို၊ ရုပ်ကို အေးချမ်းတည်ငြိမ်အောင် စောင့်ပြီးမှသာ ရွတ်ဖတ်သရဇ္ဈာယ်ရပါမည်။

(ဈ) မဏိဇောတ ပတ္တမြားရတနာဂါထာတော်တို့အား ရွတ်ပွားသရဇ္ဈာယ်မည်ဆိုပါလျှင် ပထမရှေးဦးစွာ



(၅)ပါး သီလတော်မြတ်တို့ကို ခံယူပါ။ မခံယူဘဲနှင့် မရွတ်၊ မဖတ်၊ မသရဇ္ဈာယ်မိစေနှင့်။ (၅) ပါး သီလတော်မြတ်တို့ကို ခံယူပြီးမှသာ ရွတ်ဆိုပွားများသင့်ပါ၏။ ထို့ပြင်ပွားများ သရဇ္ဈာယ်ပြီးတိုင်း ထိုင်ရာမှမထခင်၊ သတ္တဝါများ၊ နတ်များ၊ ဝိဇ္ဇာများ၊ မိဘများ၊ ဆရာသမားများအား အမျှပေးဝေပါ၊ မေတ္တာလည်း ပို့ပေးပါ၊ ဆုလည်း တောင်းပါ။ ပြီးမှ ထိုင်ရာမှ ထပါ။ ဤအချက်ပေါင်း (၉)ချက်နှင့် ညီညွတ်အောင် စည်းကမ်းရှိရှိ ရိုရိုသေသေ လေးလေးစားစား ဂရုဂါရဝတရား လက်ကိုင်ထား၍ မဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီးကို ပွားများသရဇ္ဈာယ်ရပါမည်။ သို့မှသာလျှင် မဏိဇောတပတ္တမြားရတနာ ဂါထာတော်ကြီးအား ရိုသေရာလည်း ရောက်ပါလိမ့်မည်။ ဂါရဝတရားထားရာလည်း ရောက်ပါလိမ့်မည်။ လေးစားယုံကြည်အားထားရာလည်း ရောက်ပါလိမ့်မည်။ စည်းကမ်းရှိရှိ၊ ရွတ်ပွားသရဇ္ဈာယ်ရာလည်း ရောက်ပါလိမ့်မည်။ ထို့ပြင် ဂါထာတော်ကြီး (၄)ပုဒ်စလုံးကို တန်ဖိုးထားရာ သိဒ္ဓိတင်ရာ အဖိုးမဖြတ်နိုင်ရာလည်း ရောက်ပါလိမ့်မည်ဟု သိမှတ်ကြကုန်ရာ၏။ ရွတ်ဖတ်သရဇ္ဈာယ်ရာ၌လည်း တိတ်ဆိတ်ငြိမ်သက်နေသော ဘုရားခန်းများ၊

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်နေသော ညည့်ခန်း၊ တိတ်ဆိတ်ငြိမ်သက်နေသော သစ်ပင်အောက်၊ ဇရပ် ကမ္မဋ္ဌာန်းကျောင်း၊ အခန်းလွတ်၊ တိုက်ခန်းလွတ်၊ တိတ်ဆိတ်ငြိမ်သက်နေသော ဘုရားရှေ့တော် စေတီရှေ့တော်၊ စေတီတော်၏ မိမိမွေးနံထောင့် သစ်ပင်အရိပ်၊ ညောင်ပင်အရိပ်၊ ဂူ၊ လိုဏ်၊ ဥမင်၊ ဆော့တတ်၊ အငြိမ်မနေတတ်သော ကလေးသူငယ်များနှင့် လက်လှမ်းမမှီရာ၊ ကလေးများသော အိမ်၊ မိသားစုများပြားသော အိမ်၊ အော်တာ ဟစ်တာ ငိုရယ်မှုပြင်းထန်နေသော နေရာနှင့် ခပ်ဝေးဝေးနေရာ ဌာနမျိုးတွင်သာ မဏိဇောတပတ္တမြား ဂါထာတော် ကြီး (၄) ပုဒ်တို့ကို ပွားများ သရဇ္ဈာယ်သင့်၏ဟု သိပါလေ။ သို့မှသာ ရှိသေရာ လေးစားရာ အားကိုးရာ ဂရုဂါရဝထားရာ ရောက်ပေလိမ့်မည်တည်း။

**အထူးမှတ်ချက်**

ဤကမ္ဘာလောက၌ လူလာဖြစ်လာကြကုန်သော ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့ မိမိ၏ လုပ်ဆောင်ချက်များ၊ ဆောင်ရွက်ချက်များ၊ ကိုယ်ကျင့်သီလ၊ သိက္ခာ၊ အကျင့်စရိုက်တို့ကို သစ္စာလေးပါး တရားသိမြင် သဗ္ဗညုဘုရားရှင်တို့သည် ချီးမွမ်း



ချစ်ခင်နိုင်ခဲလှ၏။ ထိုနည်းအတူ အရိယာပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်၊ သူတော်ကောင်း သူတော်စင်များသည် မိမိအား ကောင်းချီးပေး၍ ချီးမြှောက်မစ ချစ်ခင်လှခဲလှ၏။ ဘုရား ရဟန္တာ အရိယာသူတော်ကောင်းတို့ ချစ်ခင်မြတ်နိုးခြင်း၊ ချီးမြှောက်မစခံရခြင်းမျိုးသည် ဤကမ္ဘာ ဤလောက ဤ(၃၁)ဘုံတွင် အလွန်ပင်ရခဲလှတော့၏။ (အတိ-ဒုလ္လဘံ၊ အတိမဟပ္ဖလံ) ပင် ဖြစ်ပါတော့၏။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘုရားရှင်နှင့်တကွ ဘုရား၊ ရဟန္တာ၊ အရိယာပုဂ္ဂိုလ်တို့၏ အလေးပေးချီးမြှင့်ခြင်း၊ ချစ်ခင်ခြင်းရှိလာပါက ဤပုဂ္ဂိုလ်သည် (အပါယ်လေးပါး တံခါးပိတ်၍) နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာမို့လို့ ဖြစ်ပါ၏။ ထို့အတူ ဤကမ္ဘာ ဤလောကထဲတွင်လည်း မိမိ၏ လုပ်ဆောင်ချက်များ၊ မိမိ၏ ကိုယ်ကျင့်တရား၊ သီလ၊ သိက္ခာ၊ သမာဓိများ၊ အကျင့်စရိုက်များကို နတ်ဒေဝတာများ၊ သိကြားမင်း၊ ဗြဟ္မာမင်းများ၊ သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်များသည် မိမိအား ချစ်ခင်သက်ဝင် ကျေနပ်၊ နှစ်သိမ့်မှု အားပေးကူညီမှုသည် အလွန်တရာရခဲလှတော့သည်သာတည်း (အတိဒုလ္လဘံ) ပင် ဖြစ်ပါတော့၏။

ထို့ကြောင့် (အကျွန်ုပ်၏ဆရာသမားကဲ့သို့ ဖြစ်သော) အကျွန်ုပ်နှင့်လည်း အထူးခင်မင်ရင်းစွဲရှိသော သက်တော်ရှည် ဆရာတော်ကြီးတစ်ပါးက အမိန့်တော်ရှိခဲ့ဖူးသည်ကို ကြားသိ

www.burmeseclassic.com

www.burmeseclassic.com



ရဖူးပါ၏။ (ဝေပုလ္လာရာမဆရာတော်ရေလောကမှာ နတ်ချစ်ဖို့က အလွန်အရေးကြီးတယ်ကွဲ့၊ မိမိတို့ကို သမ္မာဒေဝနတ်တွေ၊ သာသနာတော်စောင့်နတ်တွေ ချစ်ခင်နှစ်သက် မေတ္တာသက်ဝင်မှု ရှိလာခဲ့ပါရင်၊ ဤကမ္ဘာမှာ ဤလောကမှာ မင်းကြိုက်တာလုပ်၊ လိုချင်တာ၊ ရချင်တာ၊ ကြိုက်သလို ဆုတောင်း၊ ပြောတိုင်းဆိုတိုင်း တောင့်တတိုင်း ကြံစည်တိုင်း ဣစ္ဆာသယ သိဒ္ဓိပဲကွဲ့. အားလုံးပြီးတော့တာပေါ့ကွာ မပြီးတာ မရတာ ဘာမှမရှိနိုင်တော့ဘူးဟေ့) ဟု အမိန့်ရှိခဲ့ဖူးသည်ကို မှတ်မိခဲ့ဖူး၏။ ထို့ကြောင့် လောကတွင် နတ်ချစ်အောင်နေတတ်၊ ကျင့်တတ်၊ သရဇ္ဈာယ်တတ်ရမည်ကို အထူးသတိပြုလေ။

ဤမဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီးသည် နေ့စဉ် အချိန်မှန်မှန် ရွတ်ပွားသရဇ္ဈာယ်ပေးပါက လောကီဘက်က (ဂ) ပုဒ်၊ (ဃ)ပုဒ်ဂါထာ (၂)ပုဒ်တို့သည် အလွန်နတ်ချစ်သော ဂါထာတော် (၂) ပုဒ်ဖြစ်ပါသည်။ ထို့ကြောင့် ဤမဏိဇောတ ပတ္တမြားရတနာဂါထာတော်၏ အကျင့်ပဋိပတ်အားထုတ်မှုသည် တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ကမ္ဘာစောင့်နတ်များ၊ အိမ်စောင့်နတ်များ၊ လေစောင့်နတ်များ၊ ဘုရားစေတီပုထိုးများကို စောင့်ရှောက်ကုန်သောနတ်များ၊ လောကပါလနတ်များ၊ သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်မင်းများ၊ သူရဿတီနတ်ဒေဝီများ၊ ဘုမ္မစိုး၊ ရုက္ခစိုး၊



အာကာသစိုးနတ်များ အပေါင်းတို့သည် ရွတ်ဖတ်သရဇ္ဈာယ်ပွားများ အားထုတ်နေသော ပုဂ္ဂိုလ်အား အထူးသဖြင့် ချစ်ခင်လာကြရကုန်၏။ အထူးသဖြင့်လည်း မေတ္တာသက်ဝင် ချစ်ခင်လာကြကုန်တော့၏။ နတ်ဒေဝတာအပေါင်းတို့သည် မိမိ၏အပေါ်၌ (ရင်ဝယ်သားနှင့်မခြား ကရုဏာမေတ္တာ မုဒိတာအပြည့်အဝ)ဖြင့် မေတ္တာသက်ဝင် ချစ်ခင်စောင့်ရှောက်လာရကုန်တော့၏။ ဤသည်ပင်လျှင် မဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီးသည် (နတ်ချစ်သောဂါထာ နတ်ချစ်ဆေး နတ်ချစ်သော အကျင့်လမ်း) ဟု မှတ်ကြပါလေ။ ဤကမ္ဘာ ဤလောကမှာ နတ်ချစ်ခင် မေတ္တာသက်ဝင်လာအောင် နေထိုင်ကျင့်သုံးတတ်ဖို့သာ အရေးကြီးလှပါသည်။ နတ်များချစ်ခင်နှစ်သက်လာအောင် နေထိုင်ကျင့်သုံးတတ်ပါက၊ နတ်ဒေဝါများ မိမိအား ချစ်ခင်၍ နတ်ချစ်လာခဲ့ပြီဆိုပါက စားစရာ၊ သောက်စရာ၊ နေရာဌာန၊ အိုးအိမ်ခြံမြေ၊ ရတနာရွှေငွေများ၊ ဝင်လာမစဲ တဖွဲဖွဲနှင့် မိမိဘဝ၊ လိုတရနိုင်သော ဣစ္ဆာသယ မနောမယ သိဒ္ဓိ၊ မနောမဟိဒ္ဓိ၊ မနောမယိဒ္ဓိလမ်းတို့ကို အပြီးတိုင်အောင်မြင်ပြီးစီးနိုင် တော့၏။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## (၇)

## ထိုယ်တွေ့ အတွေ့အကြုံများနှင့် မဏိစောတ ပတ္တမြားဂါထာတော်

### (က)

၂၀၀၆-ခုနှစ်ထဲက ဖြစ်လိမ့်မည်ထင်ပါသည်။ တစ်နေ့သောအခါ အကျွန်ုပ်ကျောင်းတိုက်သို့ ရန်ကုန်မြို့မှ အမျိုးသမီးတစ်အုပ်ရောက်ရှိလာခဲ့သည်။ ထိုအမျိုးသမီးအုပ်စုတစ်စုကို ကြည့်လိုက်ပြန်တော့ အသက်အားဖြင့် (၂၀) အောက်နှင့် (၂၅) နှစ်အောက် လောက်သာရှိကြမည်ဟု ထင်မိခဲ့ပါ၏။ အကျွန်ုပ်၏ စိတ်ထဲမှာ ငယ်ငယ်ရွယ်ရွယ်လေးတွေပဲ၊ ကေန္တ ကျောင်းသူတွေ များလားပေါ့။ ဒီလိုပဲတွေးလိုက်မိပါသည်။ မိန်းကလေးများကို ရေတွက်လိုက်တော့ စုစုပေါင်း (၁၂)ယောက်ခန့် ရှိပါသည်။ ၎င်းတွင် -



ဆရာတော် - "ဟဲ့ . . မိန်းကလေးတွေ ဘာကိစ္စလဲဟဲ့ လာရင်းကိစ္စတို့ကို လျှောက်တင်စမ်းဟဲ့"

အမျိုးသမီးများ - "ဆရာတော်ဘုရား တပည့်တော်မတို့က ရန်ကုန်မြို့က လာကြပါတယ်ဘုရား။ ဆရာတော်ရဲ့ ဂုဏ်သတင်းကိုလည်း ကြားသိရတာနဲ့ ဒီကိုပဲလာခဲ့ပါသည်ဘုရား၊ လာရင်းကိစ္စကတော့ တပည့်တော်မတို့မှာ နေ့လား၊ ညလား အလုပ်ပြုတ်မဲ့ဘေး ဒုက္ခရောက်မဲ့ ဘေးတွေနဲ့ ကြုံတွေ့ နေရပါသည်ဘုရား။ ၎င်းကိစ္စတွေကို ဆရာတော်ထံ လျှောက်ထားချင်တာနဲ့ ဒီပြည်မြို့ကို ချက်ချင်းလာခဲ့တာပါဘုရား။"

ဆရာတော် - "အေး အေး ဒါက ဟုတ်ပါပြီ။ လာရင်းကိစ္စကိုသာ အသေးစိပ် လျှောက်စမ်းပါ" ဟု ဆိုလိုက်သည်။

အမျိုးသမီးများ - "ဒီလိုပါ ဆရာတော်၊ တပည့်တော်မတို့တွေဟာ ကုမ္ပဏီတစ်ခုရဲ့ ဝန်ထမ်းတွေပါဘုရား၊ တပည့်တော်မကတော့ (ဂျင်နရယ် မန်နေဂျာ) ပါ ဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



ကျန်တာတွေက ဒါရိုက်တာအမျိုးသမီးက တစ်ယောက်ပါဝင်ပါတယ်ဘုရား၊ ကျန်တဲ့ (၂)ယောက်ကတော့ စာရင်းကိုင်၊ ငွေကိုင်တွေပါဘုရား၊ ကျန်တာတွေကတော့ ဝန်ထမ်းတွေပါ ဘုရား၊ တပည့်တော်မတို့ ကုမ္ပဏီအကြီးအကဲကတော့ နိုင်ငံခြားသားက ပိုင်ပါတယ်ဘုရား၊ ဒါပေမဲ့ ပြဿနာက အထက်က နိုင်ငံခြားသားကလည်း ဒီကုမ္ပဏီက လစဉ်ပဲ အရှုံးပေါ်နေတော့ ကုမ္ပဏီကို ရုပ်သိမ်းတော့မယ်၊ ဖျက်ပစ်တော့မယ် ဖြစ်နေပါတယ်ဘုရား၊ ကုမ္ပဏီ ဖျက်သိမ်းပစ်ရင်တော့ တပည့်တော်မတို့ ကုမ္ပဏီဝန်ထမ်းတွေအားလုံး အလုပ်လက်မဲ့ ဒုက္ခရောက်ရပါမည်ဘုရား၊ ကုမ္ပဏီ ဖျက်သိမ်းဖို့ကလည်း သေချာသလောက် ရှိနေပါပြီဘုရား၊ တပည့်တော်မတို့လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပါဘူးဘုရား၊ ဤကိစ္စတွေ အဆင်ပြေသွားအောင်၊ ကုမ္ပဏီလည်း မဖျက်သိမ်းရ



အောင် ဆရာတော်ကူညီစောင့်ရှောက်ပေးတော်မူပါဘုရား။ ဘာလုပ်ရမည်၊ ဘာယတြာပြုရမည်တို့ကို အမိန့်ရှိတော်မူပါဘုရားဟု လျှောက်ထားလာပါတော့၏။ ဤတွင် အကျွန်ုပ်စာရေးသူက -

ဆရာတော် - "အေးအေး ဆရာတော်သဘောပေါက်ပါပြီ။ ကယ်မပါဟု ဆိုတော့လည်း ကယ်တင်ရတာပေါ့ဟယ်။ ဒါနဲ့နေစမ်းပါဦး၊ နင်တို့တွေက ငါဆရာတော်ခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်း လုပ်နိုင်ပါ့မလား"

အမျိုးသမီးများ - "မှန်ပါ့ဘုရား တိတိကျကျ၊ လိုက်နာဆောင်ရွက်ဖို့ တာဝန်ယူပါသည်ဘုရား။ ဘာတွေလုပ်ကိုင်ရမည်ဆိုတာတွေကိုသာ ဆရာတော်ကြီး အမိန့်ရှိတော်မူပါဘုရား" ဟု လျှောက်ထားကြပါသည်။

ဆရာတော် - "ဒါဆိုရင် ကောင်းပြီ ဒီလိုလုပ်ပါ၊ ဘာယတြာကိုမှ ငါမပေးဘူး၊ ဘာအဆောင်မှလည်း ငါမပေးဘူး၊ ငါ ဆရာတော်ပေးမှာက (မဏိဇောတ ပဋ္ဌာန်းမြားရတနာဂါထာ

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး (၄) ပုဒ်ကိုသာ ပေးမှာပါ။ နံပါတ် (၁) ပုဒ်ကို (၅၄)ခေါက်၊ နံပါတ် (၂) ပုဒ်ကို (၅၄)ခေါက်၊ နံပါတ် (၃) ပုဒ်ကို (၅၄) ခေါက်၊ နံပါတ် (၄) ပုဒ်ကို (၅၄) ခေါက်စီ ရွတ်ပေးရပေလိမ့်မယ်။ အခုလာတဲ့ နင်တို့ မိန်းကလေး (၁၂) ယောက်စလုံး တစ်ထိုင်တည်းနှင့် အပြီး (၅၄) ခေါက်စီ၊ ရွတ်ဖတ်သရဇ္ဈာယ်ပေးရလိမ့် မယ်။ ဘယ့်နှယ်လဲ လုပ်နိုင်ပါ့မလား" ဟု အကျွန်ုပ်က ဆိုလိုက်ပါသည်။ ဤတွင် -

**အမျိုးသမီးများ** - "အလုပ်မပြုတ်ဘူး၊ ကုမ္ပဏီ အဖျက်သိမ်း မခံရပါဘူးဟုဆိုခဲ့ပါလျှင် ဆရာတော်ကြီး ခိုင်းတာ မှန်သမျှ အားလုံးအကုန်လုံး လိုက်နာဆောင်ရွက်ပါမည်ဘုရား"

**ဆရာတော်** - နင်တို့တွေ ငါဆရာတော် ညွှန်ကြားတဲ့ အတိုင်း နေ့စဉ်ရက်မပျက်စေဘဲ ဣရိယာပုတ်တစ်ပါးတည်း တစ်ထိုင်တည်းနှင့် မဏိဇောတ ပဋ္ဌာန်မြားရတနာဂါထာတော်ကြီး (၄) ပုဒ်တို့ကိုသာ တစ်ပုဒ်လျှင် (၅၄)



ခေါက်စီသာ နင်တို့ဘက် ရွတ်ပွား သရဇ္ဈာယ်ပေးရမည့် တာဝန်ဝတ္တရားပဲ ကျန်တာတွေက နင်တို့အလုပ်မဟုတ်ဘူး။ ကျန်တာတွေအတွက် လျှောက်ပြီး မပူကြနဲ့၊ ငါဆရာတော် ခိုင်းတာတွေကိုသာ လိုက်နာပြီး ဂါထာတော်ကြီး (၄) ပုဒ်ကိုသာ ရွတ်ပေးပါ။

ဤသို့နှင့် အမျိုးသမီးငယ်အုပ်စုတစ်စုသည် အကျွန်ုပ်စာရေးသူထံမှ မဏိဇောတပဋ္ဌာန်မြားရတနာဂါထာတော် (၄)ပုဒ်ပါရှိသော စာရွက်များကိုယူ၍ ပြန်သွားကြပါတော့၏။ သူတို့တွေ ကျောင်းကပြန်သွားပြီးသည့်နောက် အကျွန်ုပ်လည်း ဘာသာရေး၊ သာသနာရေး၊ ကုသိုလ်ရေး၊ သာရေး၊ နာရေး ကိစ္စများနှင့်သာ အချိန်တွေ ကုန်လွန်နေခဲ့ပါတော့၏။ မေ့မေ့ပျောက်ပျောက်နှင့် တခြားဗဟုကိစ္စများလည်း ဆောင်ရွက်လုပ်ကိုင်နေရသည်ဖြစ်၍ အချိန်တွေကုန်မှန်းမသိ ကုန်ခဲ့ပါတော့၏။ (၇) လခန့်ကြာသွားခဲ့ပြီးနောက် တစ်နေ့သောအခါ ထိုအမျိုးသမီးအုပ်စုသည် အကျွန်ုပ်စာရေးသူ ဆရာတော်ထံသို့ ပြန်ရောက်လာခဲ့တော့၏။ ရုတ်တရက် မမှတ်မိလိုက်ပေမဲ့ (ဒီကလေးမလေးတွေ ငါမြင်ဖူးပါတယ်၊ ဘယ်နေရာမှာမြင်ဖူး

www.burmeseclassic.com

www.burmeseclassic.com



တာပါလိမ့်ဟု စဉ်းစားနေရင်း ကုန်လွန်ခဲ့သော ခြောက်လသာသာခန့်က ငါ့ဆီရောက်လာခဲ့တဲ့ ကလေးမလေးတွေပဲ ငါတောင် မဏိဇောတ ပဋ္ဌာန်မြားဂါထာတော် (၄) ပုဒ်ကို ရွတ်ဖတ်သရဇ္ဈာယ်ဖို့ ပေးလိုက်သေးတာပဲ) ဟု အမှတ်ရမိလိုက်ပါတော့၏။ ထိုအမျိုးသမီးအုပ်စုသည် ထိုင်းနိုင်ငံမှပစ္စည်းအဆန်းများ၊ ရန်ကုန်မြို့မှ ပစ္စည်းအဆန်းများ၊ ယိုးဒယားသက်န်းများ၊ စင်ကာပူနိုင်ငံမှ သားရေအိတ်များဖြင့် အကျွန်ုပ်အား ကပ်လှူပူဇော်လာကြပါသည်။ သူတို့လေးတွေရဲ့ မျက်စိထဲမှာ မျက်နှာမှာ ကြည်လင်ရွှင်ပြ အပြုံးတစ်စစနှင့် တွေ့မြင်လိုက်ရပါတော့၏။

"ဆရာတော်ကြီးရဲ့ကျေးဇူးပဲဘုရား၊ အားလုံးအဆင်ပြေသွားပါပြီဘုရား၊ တပည့်တော်မတို့ရဲ့ကုမ္ပဏီလည်း အဖျက်မခံရတော့ပါဘူးဘုရား၊ အဖျက်သိမ်းမခံရတဲ့အပြင် ဒီကုမ္ပဏီပါပဲ ထိုင်းနိုင်ငံမှာရော စင်ကာပူနိုင်ငံအထိပါ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါပြီဘုရား၊ လုပ်ငန်းများလည်ပတ်လာသလို ကုမ္ပဏီရဲ့အမြတ်ငွေလည်း တိုးတက်လာခဲ့ပါပြီဘုရား၊ ကုမ္ပဏီလုပ်ငန်းသည်လည်း အောင်မြင်ကြီးထွား လာခဲ့ပါပြီဘုရား၊ တပည့်တော်မတို့တွေလည်း အလုပ်မပြုတ်သည့်အပြင် သူဌေးက ရာထူးအဆင့်ပင် တိုးပေးလိုက်ကြပါသည်ဘုရား၊ အခုဆိုရင် ကျေးဇူးရှင်ဆရာတော်ကြီးကို ထိုက်ထိုက်တန်တန် ကန်တော့ပန်းဆင်နိုင်ပါပြီ



ဘုရား၊ တပည့်တော်မတို့တွေလည်း အခုထက်တိုင်ပဲ မဏိဇောတ ပဋ္ဌာန်မြားရတနာဂါထာတော် (၄) ပုဒ်စလုံးကို မမေ့ခဲ့ပါဘူးဘုရား၊ နေ့စဉ်အရုဏ်တက်တိုင်း ပွားများသရဇ္ဈာယ်လျက်ပါပဲဘုရား၊ တပည့်တော်မတို့ရဲ့ ဒုက္ခအဝဝတို့ကို ကယ်တင်ခဲ့တာ ဒီမဏိဇောတ ပဋ္ဌာန်မြားဂါထာပါပဲဘုရား" ဟု လျှောက်ထားလာကြပါတော့၏။ သူတို့တွေ၏ အောင်မြင်မှုတို့ကို တွေးတောစဉ်းစားရင်း အကျွန်ုပ်စာရေးသူသည် အသာအယာပင် ပြုံးလျက် ဝမ်းသာ၍ စိတ်ချမ်းသာမှုတို့ကိုခံယူမိနေပါတော့၏။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## (၁)
## အင်္ဂလန်နိုင်ငံမှ ဆရာဝန်ဇနီးမောင်နှံ

၂၀၀၈-ခုနှစ်ထဲတွင် ဝါဆိုဦး၌ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး ကျောင်းသို့ရောက်ရှိလာပါသည်။ ခန့်မှန်းကြည့်ရသည်မှာ အသက်အားဖြင့် (၄၅)၊ (၅၀) ခန့်ရှိမည် ထင်ရပါသည်။ အမျိုးသမီးက (၄၅) နှစ်ခန့်၊ အမျိုးသားက (၅၀) ခန့် ရှိလောက်ပြီဟု မှန်းကြည့်မိပါသည်။ မေးမြန်းကြည့်သည့်အခါ သူတို့ဇနီးမောင်နှံသည် မြန်မာပြည် ရန်ကုန်မြို့မှာပင် မွေးဖွားလာခဲ့ကြောင်း၊ ကြီးပြင်းလာ၍ ဆေးတက္ကသိုလ်မှဘွဲ့ရပြီး အင်္ဂလန်နိုင်ငံသို့ရောက်ရှိ၍ သမားတော်ပါရဂူဘွဲ့များရရှိပြီး မြန်မာပြည်ပြန်မရောက်တော့ဘဲ အင်္ဂလန်နိုင်ငံမှာပဲ အခြေချနေထိုင်ပြီး အစိုးရဆေးရုံတစ်ခုတွင် အလုပ်ဝင်လုပ်လျက်ရှိပါကြောင်း၊ ဆရာဝန်အစိုးရဝန်ထမ်းအဖြစ် အလုပ်လုပ်နေသည်မှာ



ယခုဆိုလျှင် (၁၇) နှစ်ပင်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ သို့ပေမဲ့ ရာထူးလည်းမတက်၊ ရာထူးမတိုး၊ လုပ်ခလစာလည်းမတက်နဲ့ စတင်ပြီး အလုပ်ဝင်ကတည်းက ဒီအတိုင်းပဲ ဖြစ်နေပါသည်ဘုရား၊ တပည့်တော်မဇနီးဘက်ကလည်း ရာထူးမတက်/ လခမတိုး၊ ခင်ပွန်းဘက်က တိုးလာမလားလို့ အောက်မေ့မိပါတယ်၊ ခင်ပွန်းဘက်ကို ကြည့်ပြန်တော့လည်း တပည့်တော်မလိုပဲ သူလည်း ရာထူးမတက် လုပ်ခမတိုးနဲ့ ဖြစ်နေပါသည်ဘုရား၊ အခု တပည့်တော်တို့ဟာ ခွင့်ယူပြီး ရန်ကုန်မြို့မှာ ရှိနေကြသည့် ဆွေမျိုးသားချင်းများထံ ခဏအလည်လာခဲ့တာပါဘုရား၊ ဒီရောက်တော့ အမျိုးတွေက မြန်မာပြည်ကို ရောက်တုန်း ရောက်ခိုက် အထက်မြန်မာပြည် ဘုရားလည်းဖူးရင်း ပြည်မြို့က ဝေပုလ္လာရာမဆရာတော်ကြီးထံ ဝင်ရောက်ဖူးမြော်ပြီး အကျိုးအကြောင်းလေးလျှောက်ထားကြည့်ပါလား ဟုအကြံညဏ်ပေးသည့်အတွက် ယခုလို ဆရာတော်ကြီးထံ ဝင်ရောက်ကန်တော့ရင်း လျှောက်ထားရတာပါဘုရား အမှားပါခဲ့ပါလျှင် တပည့်တော် တပည့်တော်မတို့အား ခွင့်လွှတ်တော်မူပါဘုရား ဟု လျှောက်ထားနေပါတော့၏။

ဤတွင် အကျွန်ုပ်စာရေးသူက "ဒီလိုတော့ရှိတယ် ဒကာမကြီး၊ ဘုန်းကြီးတို့ ကြားဖူးနေတာက အင်္ဂလိပ်က

www.burmeseclassic.com



သူ့နိုင်ငံသားစစ်စစ်မဟုတ်ရင် နေရာမပေးချင်ဘူး၊ ရာထူးတိုး မပေးချင်ဘူး၊ လခတိုးမပေးချင်ဘူး။ အာရှတိုက်သားအပါအဝင် အာရှနိုင်ငံတစ်နိုင်ငံက လူမျိုးဆိုလျှင် ပိုဆိုးပါသေးတယ်။ အချို့ဆိုလျှင် အင်္ဂလန်နိုင်ငံမှာ စာမေးပွဲဖြေရင်တောင်မှ အချို့အောင်မြင်အောင် ဖြေဆိုနိုင်ပါလျက်နှင့် အအောင်မပေးဘဲ စာမေးပွဲချပစ်တာတောင် ဘုန်းကြီးတို့ကြားဖူးနေတာပဲ ဒကာကြီးတို့ ဒကာမကြီးတို့လည်း ဤကဲ့သို့ပင် ဖြစ်လိမ့်မည်နဲ့ တူပါတယ်" ပြန်လည်ဖြေကြားခဲ့ပါသည်။ ထို့နောက် အကျွန်ုပ် စာရေးသူသည် အရံသင့်ရှိနေသော (မဏိဇောတပတ္တမြား ရတနာဂါထာတော်ကြီး (၄) ပုဒ်အားပေးလိုက်ပြီး ရွတ်ပွား သရဇ္ဈာယ်ပေးဖို့၊ ရိုရိုသေသေ လေးလေးစားစား ရွတ်ဖတ် သရဇ္ဈာယ်ပေးဖို့ အသေးစိပ်မှာကြားလိုက်ပြီး ရက်မပျက်စေဘဲ မှန်မှန် တစ်ထိုင်တည်းနှင့်အပြီး ရွတ်ဖတ်သရဇ္ဈာယ်ပေးဖို့ မှာကြားလိုက်ပါသည်။)

ထို့နောက် အကျွန်ုပ်စာရေးသူအား ဝတ္ထုငွေများ၊ သင်္ကန်းခြင်းများဖြင့် လှူဒါန်းကန်တော့ပြီး ပြန်လည် ထွက်ခွာ သွားပါတော့၏။ အမျိုးသမီးက ဆေးရုံများတွင် ဓာတ်ခွဲပါရဂူ ဆရာဝန်မဖြစ်ပြီး ခင်ပွန်းသည်ကမူ နှလုံးရောဂါအထူးကု သမားတော်ကြီး ဖြစ်ပါသည်။ သူတို့နှစ်ဦး စလုံးသည် ကိုယ်ပိုင်



ဆေးခန်းများကို အင်္ဂလန်နိုင်ငံမှာ ဖွင့်ထားသော်လည်း လူနာ မရှိ၊ လာရောက် ကုသပြသမည့်သူမရှိ၊ အပြင်ငွေမရရှိတာက တစ်ကြောင်း၊ ရာထူးမတက် လုပ်ခမတိုးတာက တစ်ကြောင်း ကြောင့် အလွန်ပင်စိတ်ဓာတ်ကျဆင်းနေရသော ဆရာဝန် လင်မယား ဖြစ်ပါသည်။ ထိုအင်္ဂလန်နိုင်ငံမှ ဆရာဝန် ဇနီး မောင်နှံနှစ်ဦး ပြန်သွားခဲ့ကြပြီးနောက် အကျွန်ုပ်သည် မော်လမြိုင်ဘက် သာသနာပြု ခရီးကြွနေရခြင်း၊ ပဲခူးတိုင်း ဒေသကြီး (အနောက်) ၏ သာသနာရေးကိစ္စ သံဃာ့ဝိနိစ္ဆယ ကိစ္စ၊ ဘာသာရေးကိစ္စများ၊ သာသနာရေးကိစ္စများတို့ကို အာရုံစိုက်၍ ဆောင်ရွက်လာခဲ့သည်မှာ (၆) လပင်ကြာခဲ့၍ ပြာသိုလထဲရောက်လာသောအခါ အကျွန်ုပ်ထံသို့ စာတိုက်မှ စာတစ်စောင် ရောက်လာခဲ့၏။

စာမှာ အင်္ဂလန်နိုင်ငံမှ ဆရာဝန် ဇနီးမောင်နှံထံမှ ဖြစ်ပါသည်။ အကျိုးအကြောင်းဖတ်ကြည့်လိုက် သည့်အခါမှာ တော့ (မဏိဇောတပတ္တမြားဂါထာတော်များကို အားကြိုး မာန်တက် ဖွဲ့ရှိရှိ အပင်ပန်းခံ၍ အရုဏ်တက်အချိန်မှာ နေ့စဉ်မှန်မှန်ရွတ်ပေးလာခဲ့ရာ သီတင်းကျွတ်လမှာပဲ အိမ်က ဒကာမကြီးဟာ မထင်မှတ်ဘဲ ရာထူးလည်းတက်ခဲ့ပါပြီဘုရား၊ လုပ်ခလစာလည်း တိုးခဲ့ပါပြီဘုရား၊ အိမ်ကဒကာမကြီးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



(မျက်နှာမှာမှိုရတဲ့ မျက်နှာလိုပါပဲ) ပြုံးပြုံးနဲ့ အလွန်ဝမ်းသာအားရဖြစ်နေပြီး နေ့စဉ်ဝတ်မပျက် မဏိဇောတပတ္တမြားဂါထာတော်ကြီး (၄) ပုဒ်ကိုပဲ ဂရုစိုက်ရွတ်နေတော့တာပါပဲဘုရား၊ တပည့်တော်ကိုတောင် သိပ်ဂရုမစိုက်တော့သလို ဖြစ်နေပါသည်ဘုရား) ဒါနဲ့တပည့်တော်လည်း ငါ့ဇနီးတောင် ရာထူးတိုး လခတိုးရင် ငါလည်းပဲ ဒီမဏိဇောတပတ္တမြားဂါထာတော်ကြီးကိုပဲ သူလိုပဲရအောင် ငါလည်းကြိုးစားပြီး ရက်မပျက်ရအောင် တစ်ထိုင်တည်းနှင့် အပြီးပွားများ သရဇ္ဈာယ်ခဲ့ပါသည်ဘုရား။ သို့နှင့် နတ်တော်လလည်းကုန်ရော အမှတ်မထင် အမိန့်အော်ဒါထွက်လာခဲ့ပြီး တပည့်တော်လည်း ရာထူးတိုး လခတိုးခဲ့ပါပြီဘုရား။ အထူးသဖြင့် အံ့ဩဖို့ကောင်းလာတာက တပည့်တော်တို့ကိုယ်ပိုင်ဖွင့်ထားသည့် ဆေးခန်းများမှာ အခုဆိုရင် ရောဂါလာရောက်ပြသတာ ဆေးကုသမှု ခံယူလာကြသူတွေ အတော်များများ ရှိလာခဲ့ပါပြီဘုရား။ တပည့်တော်များရဲ့ ဘဝသည် ဤမဏိဇောတ ပတ္တမြားဂါထာတော်များကြောင့် အထက်သို့ရောက် ဂုဏ်မောက်ခဲ့ရပါပြီဘုရား။ ဤအတွက် ဂါထာတော်ကြီး (၄) ပုဒ်တို့ကို ချီးမြှင့်ပေးလိုက်သော ဆရာတော်ကြီးအား အထူးကျေးဇူးတင်မိပါကြောင်း စာထဲမှာ ပါလာပါတော့၏။ စာရောက်လာပြီး (၁၀) ရက်ခန့်ကြာသောအခါ အင်္ဂလန်နိုင်ငံမှ



ဆရာဝန် ဇနီးမောင်နှံထံမှ တယ်လီဖုန်းပါ ဆက်သွယ်လာပါတော့၏။ တယ်လီဖုန်းထဲမှာ အဓိကလျှောက်ထားသည်ကတော့ (ဆရာတော်ကြီးခွင့်ပြုတော်မူပါဘုရား တပည့်တော်တို့သည် ဤမျှပင် အစွမ်းထက်မြက်သော မဏိဇောတ ပတ္တမြားရတနာဂါထာတော်ကြီး (၄) ပုဒ်စလုံးတို့ကို ဓမ္မဒါနပြုလိုပါသောကြောင့် ရန်ကုန်မြို့မှာပင် ဆွေမျိုးများအား တာဝန်ပေး၍ ပုံနှိပ်ရိုက်ပြီး အင်္ဂလန်နိုင်ငံသို့ပေးပို့ပြီး အင်္ဂလန်နိုင်ငံမှာပင် မိတ်ဆွေအပေါင်းအသင်းများအား ဖြန့်ဝေခွင့် ဓမ္မဒါနပြုခွင့်ပေးသနားတော်မူပါဘုရား။ တပည့်တော်များ ကုသိုလ်ကောင်းမှု ပြုခွင့်ပေးတော်မူပါဘုရား) ဟု လျှောက်ထားလာခဲ့သည့်အတွက် အကျွန်ုပ်စာရေးသူသည်လည်း ဝမ်းသာအားရ ကျေနပ်စွာပင် ခွင့်ပြုပေးခဲ့ပါတော့၏။ သြော် မဏိဇောတ ပတ္တမြားဂါထာတော်ကြီးသည် အရာရာသောကိစ္စများကို ဖြည့်စွမ်းနိုင်ပါကလားဟု တွေးနေမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## (၈)
## အမေရိကန်နိုင်ငံရောက်မိသားစုတစ်စု

ခရစ်နှစ်အားဖြင့် (၂၀၀၈-၂၀၀၉) အချိန်အခါမှာ သီတင်းဝါလကျွတ်ပြီး ဆောင်းစင်စအခါမှာ မြန်မာနိုင်ငံမှ မိသားစုတစ်စုသည် အမေရိကန်နိုင်ငံသို့ အပြီးပြောင်းရွှေ့၍ သွားခဲ့ပါသည်။ ဤမိသားစုသည် အကျွန်ုပ် စာရေးသူနှင့်လည်း ယခင့် ယခင်ကလည်း သိမြင်ခင်မင်ခဲ့ဖူးပါ၏။ (ကလေးက (၄)ယောက်၊ လင်မယားက (၂)ယောက် စုစုပေါင်း (၆)ယောက် အုပ်စုဖြစ်ပါသည်။) အမေရိကန်မှာ ဦးလေးရှိသည်။ အဒေါ် ရှိသည်။ တူမတွေ တူတွေရှိနေသည်။ ထို့ကြောင့် ဘာမှ ပူစရာမလို၊ ဟိုကိုရောက်သွားဖို့သာ လိုသည်ဟု အကျွန်ုပ်အား



လျှောက်ထားလာကြပါသည်။ သွားခါနီး လာခါနီးဖြစ်၍လည်း အကျွန်ုပ်အား လာရောက် ကန်တော့ကြသည် ဖြစ်ပါ၏။ ဤတွင် အကျွန်ုပ်စာရေးသူက (ဟဲ့အောင်ကျော်စောတို့ မအေးမြင့်တို့ နင်တို့ဟာ အမေရိကန်မှာ အဆင်ပြေပါ့မလားဟဲ့။ နင်တို့ မိသားစုတွေက ဟိုကိုလည်း အရင်က မရောက်ဖူးဘူး။ အခုမှ အစပျိုးပြီးသွားရမှာ။ ကလေးတွေကလည်း တစ်အုပ်ကြီးနဲ့ အမေရိကန်မှာ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး အဆင်ပြေကြပါ့မလားဟယ်။ ငါတော့ နင်တို့ မိသားစုကြည့် ရတာ ဒုက္ခသည်အုပ်စုလိုဖြစ်နေပါဦးမယ်။ ဟုတ်မှလည်း လုပ်ကြပါ) ဟု ပြောလိုက်ပါသည်။

**အောင်ကျော်စော** - "သိပ်တော့မပူပါနဲ့ဘုရား၊ အစစ အရာရာ အဆက်အသွယ် လုပ်ထားပြီးပါပြီဘုရား။ အမေရိကန် ရောက်ရင် ဆန်ဖရန်စစ္စကိုမြို့ လေဆိပ်ကနေ ဆွေမျိုးတွေ၊ တူ၊ တူမတွေက လာရောက်စောင့်ကြို နေမည့် အကြောင်း စာတွေလည်း ရရှိထားပါသည်ဘုရား။ တယ်လီဖုန်းသည်း

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်၍ ရထားပြီးဖြစ်ပါသည် ဘုရား။ ရန်ကုန်မြို့မှ မထွက်ခွာမီ ဆရာတော်ကြီးအား မိမိဆရာ အရင်းကဲ့သို့ စိတ်ထဲမှာ မှတ်မိပြီး လာရောက်ကန်တော့တာပါ ဘုရား။ အမေရိကန် ရောက်ရင်လည်း ဆရာတော့်ဆီအရင် တယ်လီဖုန်း ဆက်လိုက်ပါမည်ဘုရား"

ဟု လျှောက်ထားကြပါသည်။ သူတို့ မိသားစုသည် မြန်မာလူမျိုးစစ်စစ်တော့ မဟုတ်ကြပါပေ။ တရုတ်သွေး (၁/၂) လောက်တော့ ပါဟန်တူပါသည်။

ဆရာတော် - "အေးအေး အေးပါကွာ။ ငါ့တပည့်တွေ သူများနိုင်ငံမှာ မျက်စိသူငယ်၊ နားသူငယ်နဲ့ ဒုက္ခရောက်မှာစိုးလို့တို့က သတိပေးတာပါကွာ။ အမှန်ကတော့ အဆင်ပြေဖို့သာ လိုအပ်တာပါ။ ကလေးတွေကလည်းများတော့ ဟိုမှာ ဒုက္ခပင်လယ်ဝေမှာ စိုးလို့ပါကွာ။ ကလေးတွေကိုလည်း



ဂရုစိုက်ပေ့၊ ဟိုကျတော့ ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးတွေကို ဂရုပိုစိုက်ပေါ့ကွာ"

အောင်ကျော်စော - "တပည့်တော်တို့မိသားစု အမေရိကန်နိုင်ငံသို့ ထွက်ခွာရတော့မှာ ဖြစ်သည့်အတွက် နောက်ထပ် တစ်ဖန် ဆရာတော်ကို လာရောက်ကန်တော့ဖို့၊ ဖူးတွေ့ရဖို့ဆိုတာက အခုလိုလွယ်ကူစွာ မဖြစ်နိုင်တော့ပါဘူးဘုရား။ ထို့အတွက်ကြောင့် ဟိုမှာ အမြဲတမ်း ကိုးကွယ်ဆည်းကပ်ဖို့ ဆရာတော်ကြီးရဲ့ ပုံတော်ရယ်၊ အဆောင်ကောင်းကောင်းလေးပါ စွန့်တော်မူပါ ဘုရား။"

ဆရာတော် - "အေးအေး ဟုတ်သားပဲကွာ။ ငါ့တပည့်တွေကို ပေးရသေးတာပေါ့ကွာ"

ဆိုပြီး အကျွန်ုပ်စာရေးသူသည် ပုံကြီးကြီးတစ်ပုံ၊ ဘုရားဂုဏ်တော်နှင့် စီရင်ထားသည့် အဆောင်တစ်ခုရယ်၊

www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ်၏ လိပ်စာကဒ်ကလေးတစ်ခုကို ပေးလိုက်ခဲ့ပါ၏။ ဤတွင် အောင်ကျော်စောတို့ မအေးမြင့်တို့ မိသားစု အုပ်စုသည် အကျွန်ုပ်အား သင်္ကန်းဒွိစုံနှင့်တကွ ဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး ပြည်မြို့မှ ရန်ကုန်သို့ ပြန်သွားခဲ့ကြပြီး ရှေ့တစ်ပတ်အတွင်း လေယာဉ်ပျံပေါ်တက်၍ အမေရိကန်နိုင်ငံသို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်ပါတော့၏။

ဤသို့နှင့် (၂၀၀၉)ခုနှစ် မေလသို့ ရောက်သောအခါ ညဘက် တယ်လီဖုန်းခေါ်နေသော ဘဲလ်မြည်နေသောကြောင့် အကျွန်ုစာရေးသူ ဖုန်းကိုကိုင်၍ နားထောင်လိုက်သည့်အခါမှာတော့ တယ်လီဖုန်းထဲမှာ ရှိုက်ကြီးတငင် ငိုကြွေးနေသော မအေးမြင့်၏ အသံများ၊ အောင်ကျော်စော၏ အသံတုံတုံရီရီနှင့် ဝမ်းနည်း ပက်လက်လျှောက်ထားနေသော အသံဗလံများကို ဆက်တိုက် ကြားသိနေရပါတော့၏။

(ကယ်တင်တော်မူပါဦး ဆရာတော်ဘုရား၊ တပည့်တော်မတို့တော့ ဒုက္ခအကြီးအကျယ် ရောက်ကုန်ပါပြီဘုရား။ လေယာဉ်ပျံနဲ့ ပါလာခဲ့တဲ့ ပစ္စည်းတွေကလည်း ဘယ်နေရာမှာ သောင်တင်လို့ ဘယ်မြို့မှာ ရောက်နေမှန်းလည်း မသိရတော့ပါဘူးဘုရား။ ဒီကြားထဲ နယူးရော့မြို့ကို ကားနဲ့ ပို့ပေးမယ် ပြောပြီး ဒေါ်လာ(တစ်သောင်း)ခန့် အလိမ် ခံခဲ့ရပါသေးတယ်



ဘုရား။ အခုဆိုရင် ငွေကလည်း လက်ထဲမှာ သိပ်မရှိတော့ပါဘုရား။ ကလေးတွေ ကျောင်းထားဖို့က တစ်ဖက်၊ အိမ်ကလည်း လခပေးပြီး ကျဉ်းကျဉ်းကြပ်ကြပ် ငှားနေရပါတယ်ဘုရား။ အလုပ်အကိုင်ကလည်း လောလောဆယ်က ဘယ်ကမှလည်း မရသေးပါဘုရား။ အသိမိတ်ဆွေတွေကလည်းမရှိ၊ အားကိုးရမည်ထင်ထားတဲ့ တူ၊ တူမ ဦးလေးတွေကလည်း တစ်ယောက်မှ လာမကြိုကြပါဘူးဘုရား။ တစ်ဦးတစ်ယောက်မှလည်း လာမတွေ့ကြပါဘူးဘုရား။ တပည့်တော်တို့ မိသားစု လူယုံသတ်သလို ဖြစ်ခဲ့ရပါပြီဘုရား။ ဒီဒုက္ခ ဒီဆင်းရဲ၊ ဒီဝဋ်ကြွေးက အမြန်ဆုံး လွတ်မြောက်အောင် ကူညီပေးပါဦးဘုရား။ ကယ်မစောင့်ရှောက်ပေးတော်မူပါဦးဘုရား၊ ဒီအတိုင်းသာ သွားမည်ဆိုပါလျှင် တပည့်တော်မတို့ မိသားစုတော့ သူတကာရဲ့ တံတွေးခွက်ထဲမှာ ပက်လက်မျောရပါပြီဘုရား) ဟု လျှောက်ထားခဲ့လေတော့၏။

အကျွန်ုပ်သည် ကြားကြားခြင်းပင် ကိုယ့်နားပင် ကိုယ်မယုံနိုင်လောက်အောင် ဖြစ်ခဲ့ရပါသည်။ (ငါ အစက အတန်တန် သတိပေးသားပဲ။ အခုတော့ ဒုက္ခရောက်ပြီ) ဤသို့ စိတ်ထဲမှ တွေးတောဝေဖန်ရင်း ရန်ကုန်မှာရှိသည့် သူ့ညီမ၊ အစ်မများနှင့် အဆက်အသွယ်လုပ်ပြီး မဏိဇောတ ပဋ္ဌာန်မြား

www.burmeseclassic.com

www.burmeseclassic.com



ရတနာဂါထာတော်ကြီး (၄) ပုဒ်တို့အား ရွတ်ပွားသရဇ္ဈာယ်ရမည့်အညွှန်း အပြည့်အစုံတို့ပါမကျန် အထူးကြိုးစားပြီး ရွတ်ဖတ်သရဇ္ဈာယ်ပေးဖို့ကိုပါ တစ်ခါတည်း မှာကြားလိုက်ပြီး ဂါထာတော်ကြီး (၄) ပုဒ်တို့အား အမေရိကန်နိုင်ငံသို့ ပို့ပေးခဲ့ရပါတော့၏။ ထို့ပြင်မဏိဇောတ ပဋ္ဌာန်းရတနာဂါထာတော် (၄) ပုဒ်စလုံးကို ပေါ့ပေါ့တန်တန် သဘောထားမိမှာစိုးလို့၊ မရွတ်တစ်ချက်၊ ရွတ်တစ်ချက်၊ လုပ်မှာစိုးလို့၊ ဂရုတစိုက် အချိန်မှန်မှန် ရွတ်စေချင်လွန်းလို့ (ငါ့ကို နင်တို့ရဲ့ ဆရာတော်၊ နင်တို့ရဲ့ ဆရာသမားဟု မှတ်ထင်ကြည်ညိုပါက၊ ငါ့ကို လေးစားယုံကြည်အားကိုးပါက ငါဆရာတော်ညွှန်ကြား ခိုင်းစေထားတာကို တစ်သဝေမတိမ်းလိုက်နာပါ)ဟု ရေးသားပေးပို့ခဲ့ပါ၏။

ဤသို့နှင့် ယခုအချိန်အခါဖြစ်သော (၂၀၁၀ နှင့် ၂၀၁၁) ခုနှစ်များတွင်မူ အမေရိကန်ရောက် အကျွန်ုပ်၏ တပည့်မိသားစုတစ်စုတို့သည် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ဝင်ငွေ အလုပ်အကိုင်ကစ၍ အားလုံးအဆင်ပြေလာကြတော့၏။ သူတို့ ဇနီးမောင်နှံလျှောက်ထားချက်အရ ကလေးတွေရဲ့ ပညာရေးကလည်း ကျောင်းကားက အိမ်ရှေ့အထိ နေ့စဉ်လာကြိုပေးနေတော့ ကလေးတွေအတွက် ကျောင်းတက်/ကျောင်းပြန် အဆင်ပြေပါသည်ဘုရား။ ဆရာတော်



တပည့်ကလည်း အလုပ်ရ၊ တပည့်တော်မကလည်း အချိန်ပိုင်းအလုပ်များရထားတော့ စီးပွားရေးဝင်ငွေများ အဆင်ပြေလာပါပြီဘုရား။ ယခုဆိုရင် အိမ်တစ်လုံးလည်း ပိုင်သွားပါပြီ။ ကားတစ်စီးလည်း ပိုင်သွားပါပြီ။ ကလေးတွေရော၊ မိသားစုတွေအားလုံး ကျန်းမာချမ်းသာကြပါသည်ဘုရား။ ဒီကရှေ့ကိုတော့ ဘယ်ဆေး ဘယ်မျိုးမှ အားမကိုးတော့ဘူးဘုရား။ တပည့်တော်မတို့ အယုံအကြည် မရှိနိုင်တော့ဘူးဘုရား။ ဆရာတော်ကြီးရွတ်ခိုင်းတဲ့ မဏိဇောတ ပဋ္ဌာန်းရတနာဂါထာကြီးကိုပဲ အားကိုးအားထားပြုပြီး အမြဲတမ်းဝတ်မပျက် ရွတ်ဖတ်သရဇ္ဈာယ်ပါမည်ဟု ဆရာတော်ကြီးအား (ကတိ) ပေးပါသည်ဘုရား။ တပည့်တော်တို့မိသားစု (နောင်တ) အကြီးအကျယ်ရသွားပါပြီဘုရား။ ယခုဆိုလျှင် မဏိဇောတ ပဋ္ဌာန်းရတနာဂါထာတော်ကြီး၏ အစွမ်းသတ္တိကြောင့် တပည့်တော်မတို့မိသားစု ချောင်ချောင်လည်လည် ဖြစ်လာခဲ့ပါပြီဘုရား။ ဆရာတော် အလိုရှိတာများရှိရင် ချက်ချင်းလှမ်းမှာပါဘုရားဟု လျှောက်ထားလေတော့၏။

ထို့နောက်တွင်ကား အောင်ကျော်စော၊ မအေးမြင့်တို့သည် တစ်နှစ်လျှင်US ဒေါ်လာ (300) အမြဲတမ်း လှူဒါန်းနေပါ၏။ ထို့ပြင် အေးလာသော ဆောင်းရာသီမှာ ခြုံဖို့ အကောင်းစား

www.burmeseclassic.com

www.burmeseclassic.com



ခြုံစောင်၊ ဂျင်ဆင်း အမေရိကန် အားဆေးများကိုပါ လိုအပ်သလို ပေးပို့ပြီး လှူဒါန်းလျက် ရှိနေပါတော့၏။ (ဩော် . . မဏိဇောတ ပတ္တမြားဂါထာတော်ကြီးသည် ဆင်းရဲဒုက္ခ အကြီးအကျယ်ရောက်နေသော မိသားစုကို ချမ်းသာသုခတရားနှင့် တိုးတက်ကြီးပွားလာအောင် ဖန်တီးစွမ်းဆောင်ပေးနိုင်ပါကလား) ဟု စိတ်ထဲမှာ မဏိဇောတ ပတ္တမြားဂါထာတော်နှင့် ပတ်သက်၍ ပီတိသောမနဿ ဖြစ်မိပါတော့သတည်း။

◈ ◈ ◈

## (၁၁)
## အမေရိကန်ရောက် ပညာထင် (၂) ယောက်

၁။ အမျိုးသမီး၊ ဆေးကျောင်း တက္ကသိုလ်ကျောင်းသူ တစ်ယောက် (အမျိုးသမီး)

၂။ သမားတော်အဆင့်ပညာသင်ယူနေသော ဆေးတက္ကသိုလ် ဆရာဝန်တစ်ယောက် (အမျိုးသား)

နှစ်ဦးစလုံးသည် မြန်မာလူမျိုးများ ဖြစ်ကြပါသည်။ သို့သော် တစ်ဦးနှင့်တစ်ဦးကိုမူ မသိမမြင်ဖူးကြပေ။ အမေရိကန်နိုင်ငံမှာ ဆွေမရှိ မျိုးမရှိ အပေါင်းအသင်း မိတ်ဆွေမရှိ။ မိမိ၏အား ကိုယ့်အားကိုယ်ကိုးကာ ဘဝတိုးတက်အောင်မြင်ရေး အတွက် (တစ်ကိုယ်တော်လှုပ်ရှား) ရုန်းကန်နေရသူများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြပါသည်။ ဘဝအကျိုးပေးချင်းတော့ တူညီကြပါသည်။ (မဏိဇောတ ပတ္တမြားဂါထာတော်ကြီး (၄) ပုဒ်တို့ကို အားကိုးယုံကြည်စွာဖြင့် ဂရုစိုက်ရွတ်ပွားသရဇ္ဈာယ် ပေးနေတာချင်း၊ တစ်ထိုင်တည်းနှင့်အပြီး (၄)ပုဒ်စလုံးကို တစ်ပုဒ်လျှင် (၅၄) ခေါက်ရအောင် ရွတ်ပွားသရဇ္ဈာယ်တာချင်းကတော့ (အတူတူပင်) ဖြစ်ပါတော့သည်။

အံ့ဩစရာ အလွန်ကောင်းလှ၏။ စိတ်ဝင်စားစရာ အလွန်ကောင်းလှတော့၏။ သူတို့ (၂) ယောက်စလုံးပင် မည်သည့်ထံက မည်သူ၏အထံမှ အကျွန်ုပ် စာရေးသူ၏ လိပ်စာကဒ် တယ်လီဖုန်းနံပါတ်များတို့ကို ရခဲ့လာသည်ကိုတော့ မသိလိုက်ရပါ။ အမေရိကန်နိုင်ငံမှ ဖုန်းပြောနေပါသည်ဟု သိလိုက်ရမှ ရုတ်တရက် ဖုန်းကိုင်ဖြစ်ပါတော့၏။ သူတို့ (၂) ဦးစလုံး၏ ကိစ္စများစွာကို ဖုန်းမှတစ်ဆင့် အကျွန်ုပ် စာရေးသူထံသို့ လျှောက်ထားလာသော အကြောင်းအရာများသည်လည်း ဆင်တူရိုးမှားသာဖြစ်ပြီး များသောအားဖြင့် တူညီနေတာကိုတွေ့သိနေရပါသည်။ အမျိုးသမီးနာမည်က (ခင်မြတ်ဆွေ) အမျိုးသားတစ်ဦး၏ နာမည်က (ခင်မောင်မြင့်) ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦးသိခြင်းလည်းမရှိ။ မြင်ဖူးခြင်းလည်းမရှိ။ နေထိုင်သောမြို့ချင်း၊ အရပ်ဒေသချင်းလည်း မတူညီကြပေ။ ခင်မောင်မြင့်



သည် ဝါရှင်တန်မြို့မှာ နေထိုင်နေပြီး ခင်မြတ်ဆွေမှာ နယူးရော့မြို့မှာ နေထိုင်လုပ်ကိုင်နေကြတာ ဖြစ်ပါသည်။

သို့သော်လည်း လျှောက်ထားလာကြသော ကိစ္စအကြောင်းအရာများမှာမူ တူညီနေကြပါသည်။ (ပြည်မြို့က ဝေပုလ္လာရာမဆရာတော်ကြီး၏ ဂုဏ်သတင်းတို့ကို ကြားသိရပါ၍ ဖုန်းနံပါတ်မရ ရအောင် ကြိုးစား၍ ရှာဖွေပြီး ဖုန်းဆက်၍ လျှောက်ထားအပ်ပါသည် ဘုရား။ တပည့်တော်သည် နိုင်ငံခြားတိုင်းပြည်မှာ တစ်ဦးတည်း နေထိုင်ရပြီး ကိုယ့်ဝမ်းကိုယ်ကျောင်း၍ ကိုယ့်ဟာကိုယ် ဖြစ်သလိုစား၍ ဆေးကျောင်းတက်နေသူပါဘုရား။ ကျောင်းမတက်ရသည့်အခါ အချိန်ပိုင်း အလုပ်ကိုရှာကြံပြီး စားဖို့သောက်ဖို့အတွက် လုပ်ရပါသည် ဘုရား။ ကျောင်းတက်ချိန်မှာမူ ကျောင်းတက်၍ စာမေးပွဲဖြေရပါသည်ဘုရား။ တပည့်တော်သည် အနီးအနားမှာ ဆွေမျိုးသားချင်းပေါက်ဖော်တစ်ယောက်မှမရှိဘဲ မိမိခြေထောက်အပေါ် ရပ်တည်နေရပါသည် ဘုရား။

ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်အစိုးရမဟုတ်သည့်အတွက် လွယ်လွယ်နှင့် အလုပ်မပေးတာ၊ အလုပ်မရတာ၊ အလုပ်မခန့်တာ ခဏ ခဏ ခံခဲ့ရပါတယ်ဘုရား။ စာမေးပွဲများ ဖြေပြန်တော့လည်း အားရအောင်ဖြေနိုင်ပေမဲ့ တော်ရုံတန်ရုံနဲ့တော့

www.burmeseclassic.com

www.burmeseclassic.com



အအောင်မပေးပါဘူးဘုရား။ စာမေးပွဲ ချပစ်တာက များလှပါသည် ဘုရား။ သူများနိုင်ငံမှာ အချိန်ကြာကြာဖွဲ့နဲ့ ငွေအကုန်ခံပြီး တေပေပြီး တွယ်ကပ်နေပါမှ စာမေးပွဲအောင်တာမျိုးဖြစ်နေပါသည်ဘုရား။ သူတို့လူမျိုး သူတို့နိုင်ငံသား ခံယူထားတာလောက်ပဲ ဦးစားပေးအမြင်ကြည်ပြီး အောင်မြင်ကြတာများပါသည်ဘုရား။ တပည့်တော်တို့မှာ ဖြစ်သလိုနေ ဖြစ်သလိုစား၊ အိမ်ပိုင်မရသေး။ ကားပိုင်မရှိသေး၊ ဒီကြားထဲ လူမည်းတွေရဲ့ အန္တရာယ်တွေကိုလည်း ကြည့်ရှောင်နေရပါသေးတယ်ဘုရား။ ဒါ့ကြောင့် ဆရာတော်ကြီးထံ ဖုန်းဖြင့် လျှောက်ထားရခြင်းပါဘုရား၊ တပည့်တော်အား ကူညီကယ်မပေးတော်မူပါဘုရား။ ဆရာတော်ကြီး၏ အစောင့်အရှောက်ကို အလိုရှိပါသည်ဘုရား။ ဤဒုက္ခ ဤပြဿနာ ဤအဆင်မပြေမှုများမှ လွတ်မြောက်အောင် ဘာတွေလုပ်ရမည်၊ ဘာတွေ ဆောင်ရမည်၊ ဘယ်လိုယတြာမျိုးကို လုပ်ဆောင်ရမည်တို့ကို ဆရာတော်ကြီး ညွှန်ကြားပေးတော်မူပါဘုရား။ တပည့်တော်တို့ တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ပါမည်ဘုရား၊ သူတစ်ပါးနိုင်ငံမှာ မျက်နှာပန်းမလှ မျက်နှာငယ်ရလွန်းလို့ပါဘုရား၊ တပည့်တော်အား စောင့်ရှောက်ပေးတော်မူပါဘုရား။

သို့နှင့် မရှေးမနှောင်းမှာပင် လူကြုံကောင်းကောင်း ရှိလာ



သည်နှင့် သူတို့ပေးထားသော လိပ်စာအတိုင်းပါ၊ မဏိဇောတ ပဋ္ဌာန်းရတနာ ဂါထာတော်ကြီး (၄) ပုဒ်တို့ကို အညွှန်းနှင့်တကွ ညွှန်ကြားချက်ပြည့်ပြည့်စုံစုံဖြင့် (ဂရုတစိုက်၊ ရွတ်ဖတ်သရဇ္ဈာယ်ပေးရန် အထူးဂရုစိုက် ရွတ်ပေးပါရန်) အလေးအနက် ညွှန်ကြားပြီး ပေးပို့လိုက်ပါသည်။ မဏိဇောတပဋ္ဌာန်းရတနာဂါထာတော်ကြီးကိုလည်း (၁) ပုဒ်ကို (၁၀၈) ခေါက်၊ (၂) အပုဒ်ကို (၁၀၈) ခေါက်၊ (၃) အပုဒ်ကို (၅၄) ခေါက်၊ (၄) အပုဒ်ကို (၂၇) ခေါက်စီ ရွတ်ပေးဖို့ကို အထူးညွှန်ကြားလိုက်ပါသည်။ ဘယ်လောက်ပဲ မအားလပ်သည်ဖြစ်စေ၊ ဘယ်လောက်ပဲ ဆင်းရဲဒုက္ခများနေသည်ဖြစ်စေ၊ မည်မျှပင် ဗဟုကိစ္စရှုပ်ထွေးနေသည်ဖြစ်ပါစေ၊ ဤမဏိဇောတ ပဋ္ဌာန်းဂါထာတော်ကြီး (၄) ပုဒ်တို့ကို အထူးမမေ့ကြပါနှင့်ဟု မှာကြားလိုက်ပါသေး၏။

သူတို့တွေလည်း ဆရာတော်ညွှန်ကြား ပြသည့်အတိုင်း လိုက်နာဆောင်ရွက် အားထုတ်နိုင်ကြလို့ ယခု (၂၀၁၁) ဇန်နဝါရီလထဲမှာပင် ခင်မြတ်ဆွေသည် ဆရာဝန် စာမေးပွဲများ တစ်ခုပြီးတစ်ခု အောင်မြင်ပြီးစီးခဲ့လေပြီ။ စီးပွားရေး အလုပ်အကိုင်လည်း အဆင်ပြေလာပါပြီ။ နယူးရော့မြို့ အစိုးရဆေးရုံတစ်ရုံတွင် အမှုထမ်းလျက် ရှိနေပါပြီ။ အစိုးရအလုပ်အပြင် အချိန်ပိုင်းနှင့် ဆင်းရသော အလုပ်လည်း အဆင်ပြေနေပါပြီ။ အခုဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



မခင်မြတ်ဆွေမှာ အိမ်ပိုင်၊ ကားပိုင်နှင့် တင့်တယ်နေပါပြီ။ ထို့အတူ မောင်ခင်မောင်မြင့်မှာလည်း ဝါရှင်တန် DC မှာပင် သမားတော်ကြီးဖြစ်နေပြီး အစိုးရဆေးရုံမှာပင် အလုပ်ဝင် အမှုထမ်းလျက်ရှိနေပါပြီ။ ပါရဂူသမားတော်အဆင့်စာမေးပွဲများ ပြီးဆုံးအောင်မြင်သွားပြီး ချောင်ချောင်လည်လည်နှင့် ဝင်ငွေကောင်းသော သမားတော်တစ်ယောက်ဖြစ်နေပါပြီ။

မဏိဇောတ ပဋ္ဌာနမြားဂါထာတော်နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံမှ တပည့် တပည့်မ အများစု၏ အသံမှာ (ဒီမဏိဇောတ ပဋ္ဌာန်မြားရတနာ ဂါထာတော်ကြီးဟာ တပည့်တော် တပည့်တော်မတို့ရဲ့ အသက်သခင် ကယ်တင်ရှင်ပါပဲဘုရား။ သူ့ကို မရွတ်ခင် မပွားများခင်ကများ ဒုက္ခများလိုက်တာ၊ သောကလည်းများလိုက်တာ၊ ဘာလုပ်လုပ် လုပ်ကြည့် လိုက်ရင် အဆင်မပြေတာပဲရှိတယ်။ အဆင်ပြေလာတယ်ရယ် လို့ကို တစ်ခါမှ မဖြစ်ခဲ့ဘူး။ ဆရာတော့်ဆီက ဒီမဏိဇောတ ပဋ္ဌာန်မြား ရတနာဂါထာတော်ကြီးကို ရရှိပြီး ဂရုတစိုက် ရွတ်ဖတ် သရဇ္ဈာယ်လိုက်တော့မှ အဆင်ပြေလိုက်လာပါတယ်ဘုရား။ ဒီမဏိဇောတ ပဋ္ဌာန်မြားဂါထာတော်ကြီးက မရွတ်ရင်သာပါ ဘုရား၊ ရွတ်လိုက်တာနဲ့ သိသာလာပါတယ်ဘုရား။ တစ်ပတ်နဲ့ တစ်ပတ်၊ တစ်လနဲ့ တစ်လတောင် မတူပါဘူးဘုရား



အတော်ကို ထူးခြားတဲ့ ဂါထာတော်ကြီးပါပဲဘုရား) ဟု လျှောက်ထားလာကြကုန်တော့၏။

အကျွန်ုပ်စာရေးသူသည် မဏိဇောတ ပဋ္ဌာန်မြားဂါထာ တော်ကြီးနှင့် ပတ်သက်၍ သိရှိထားပြီး ဖြစ်ပါ၍ အမေရိကန် နိုင်ငံမှ လျှောက်ထားနေသော မဏိဇောတ ပဋ္ဌာန်မြားရတနာ ဂါထာ၏ အကျိုးကျေးဇူးများကို နားစွင့် နားထောင်ရင်း စိတ်ထဲမှာ ဝမ်းသာပီတိ ခံစားမိလာပါတော့၏။ (ဩော် .. မဏိဇောတ ပဋ္ဌာန်မြားရတနာဂါထာတော်ကြီးသည် ဒီလိုကိစ္စမျိုးမှာလည်း အစွမ်းထက်မြက်နေပါကလား) ဟု စိတ်အစဉ်မှာ တွေးထင်မိနေပါတော့၏။ ဩော် .. ဂါထာအကျိုး အလွန် မြတ်နိုးဖို့ ကောင်းပါလား။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## (၀)
## အရောင်းအဝယ်မကောင်းသော ဗိုလ်ချုပ်ဈေးမှ ဆိုင်ခန်းအချို့

တစ်နေ့ တစ်နေ့ကလည်း အရောင်းအဝယ်ကလည်း ကောင်းကို မကောင်းဘူး။ အရောင်းအဝယ် မဖြစ်လို့ဆိုင်မှာ ကာတွန်းစာအုပ်တို့၊ ဂျာနယ်တို့၊ မဂ္ဂဇင်းတို့ ဖတ်ဖတ်ပြီး အိပ်ပျော်သွားရင်တောင်မှ တစ်ရေး နှစ်ရေးတော့ အသာလေးရနိုင်တာပဲ။ ဒီလောက်တောင်ပဲ အရောင်းအဝယ်က မလိုက်ဘူး။ ဈေးရောင်းမကောင်းတာကို အတော်ပင် ကြာသွားခဲ့ပါပြီ။ ဤပုံသဏ္ဍာန်အတိုင်းဆိုရင် ဝင်ငွေမကောင်း ထွက်ငွေတွေပဲ ဖြစ်နေပြီ။ စီးပွားရေး အလုပ်အကိုင်ကျဆင်းနေတာဟာ အမှန်ပါပဲ ဟု ညည်းတွားနေသော ဈေးသည်များ၊ တတွတ်တွတ် ရေရွတ်



နေသော ဈေးသည်များ၊ ဈေးမရောင်းကောင်းတာ မပြောဘဲနဲ့သိ ကာတွန်းဂျာနယ်ဖတ်ပြီး မျက်နှာကို စာအုပ်နှင့် အုပ်ထားပြီး အိပ်မောကျနေတာလည်း တစ်ပုံကြီးပင်။

ဤသို့နှင့်ပင် စနေနေ့ တနင်္ဂနွေနေ့ ရုံးပိတ်ရက်များတွင် ရန်ကုန်ဘက်မှ ကားကြီးကားငယ်များဖြင့် အကျွန်ုပ်စာရေးသူ၏ကျောင်းသို့ ဆိုက်ရောက်လာနေသော မော်တော်ကားများမှာ အတော်ပင်များ ပြားလှပါ၏။ ထိုအထဲတွင် ဈေးရောင်းမကောင်းသော ဗိုလ်ချုပ်ဈေးမှ ဈေးသည်အများစုတို့လည်း ပါဝင်ခဲ့ပါသည်။ သူတို့တွေရဲ့ ပြောပြလျှောက်ထားချက်အရ (တစ်နေ့တစ်နေ့ အချိန်တွေသာ ကုန်သွားခဲ့တယ်။ နေသာဝင်သွားခဲ့ပါတယ်များသောအားဖြင့် (ဈေးဦးတောင်) မပေါက်ဘူးဘုရား .. ဟု လျှောက်ထားနေကြပါသည်။ တပည့်တော်တို့မှာ တခြားကိစ္စ မလိုပါဘူးဘုရား၊ ဈေးဆိုင်ဖွင့်ထားပြီးတော့ ဈေးရောင်းမကောင်းတာပဲ စိတ်ထဲညစ်နေရပါသည်ဘုရား။ တစ်နေ့တစ်နေ့ ဈေးရောင်းကောင်းချင်လိုက်တာဘုရား၊ ဆရာတော့်မှာ အဆောင်ကောင်းရှိရင် စွန့်တော်မူပါဘုရား။ ယတြာကောင်း ကောင်းရှိရင်လည်း ညွှန်ပြပေးသနားတော်မူပါဘုရား။ တပည့်တော်မတို့ ဈေးရောင်းကောင်းချင်ပါတယ်ဘုရား) ဟု လျှောက်ထားနေပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အကျွန်ုပ်စာရေးသူက (ဟဲ့ . . ဒကာမ ဈေးသည်တွေ ငါဆရာတော်ထုတ်ဝေထားပြီးဖြစ်တဲ့ မဏိဇောတ ပဋ္ဌာန်းမြား ရတနာဂါထာတော်ကြီး (၄) ပုဒ် ရှိနေသားပဲ၊ ဒါတွေကို နင်တို့ မသိကြဘူးလားဟဲ့၊ ပုံမှန်အရောင်းအဝယ်ကောင်းချင်ရင် ဂါထာ (၄) ပုဒ်ရှိရာ တစ်ပုဒ်ကို (၂၇) ခေါက်စီ နေ့စဉ်မှန်မှန် ရွတ်ပေးပါ။ သွက်သွက်လက်လက် အရောင်းအားကောင်းနေစေလိုပါလျှင် ဂါထာတော်ကြီး (၄) ပုဒ်ရှိရာမှာ တစ်ပုဒ်လျှင် (၅၄) ခေါက်စီ၊ ရွတ်ဖတ်သရဇ္ဈာယ်ပေးပါ။ တစ်နေ့တာ တစ်မနက်တာ ရွတ်ဖတ်သရဇ္ဈာယ်ပြီးတိုင်း ဈေးအရောင်းအဝယ် သွက်သွက်လက်လက် စည်စည်ကားကား အရောင်းကောင်းလာပါစေဟု ဆုတောင်းပြီး ဈေးဆိုင်ထိုင်ပါ။ ဆိုင်ထွက်ပါ။ အခု ဆရာတော်ညွှန်ပြလိုက်သည့်အတိုင်း လိုက်နာဆောင်ရွက် ရွတ်ဖတ်ကြည့်ပါလား ထူးခြားတာ ရောင်းကောင်းတာ နင်တို့သိလာရမှာပါဟ) ဟု ပြောဆိုလိုက်ပါသည်။

ဤတွင် ဗိုလ်ချုပ်ဈေးမှ အရောင်းဈေးသည်များ ဆိုင်ရှင်များက ဝမ်းသာအားရဖြစ်သွားပြီး (ဤမဏိဇောတ ပဋ္ဌာန်းမြား ဂါထာတော်ကြီး (၄) ပုဒ်စလုံးကို ရထားတာကြာပါပြီဘုရား၊ အချို့ကလည်း ဓမ္မဒါနဖြန့်ဝေလို့ တပည့်တော်များရထားပါသည်ဘုရား၊ ဒီလိုဘက် အရောင်းအဝယ်ဘက်နဲ့ မဆိုင်လောက်



ဘူးဆိုပြီး မရွတ်ဖြစ်ဘဲ နေခဲ့တာပါဘုရား၊ အရောင်းအဝယ်သာကောင်းမယ်ဆိုလို့ကတော့ အခု ဒီကပြန်တာနဲ့ နောက်နေ့ကစပြီး ဆိုင်မဖွင့်ခင် မနက်အရုဏ် တက်ကစတင်ပြီး နေ့စဉ်၊ အချိန်မှန်မှန်ရွတ်ဖတ် သရဇ္ဈာယ်ပါမည်ဘုရား) ဟု လျှောက်ထားပြီး ရန်ကုန်ဘက်ပြန်သွားကြပါသည်။

သို့နှင့်နောက်ထပ် (၂လ) ခန့်ကြာသွားသောအခါ ထိုဗိုလ်ချုပ်ဈေးမှ ဈေးသည်အချို့ မော်တော်ကားနှင့်ပင် ကျောင်းသို့ ရောက်ရှိလာခဲ့ပြီး ဝမ်းမြောက်ဝမ်းသာ အလွန်အားရစွာဖြင့် ပါလာခဲ့သော သက်န်း၊ ထီး၊ ဖိနပ်၊ လှူဖွယ်ဝတ္ထုများဖြင့် လာရောက်ကန်တော့ကြပြီး (မဏိဇောတပဋ္ဌာန်းမြား ရတနာဂါထာတော်ကြီး၏ တန်ခိုးတော်ကြောင့် တပည့်တော်တို့ အားလုံး အရောင်းအဝယ် ကောင်းလာကြပါပြီ ဘုရား။ ဤဂါထာတော်ကြီး (၄)ပုဒ်ကို မရွတ်မိခဲ့ရင်၊ အိပ်ရာထ နောက်ကျလို့ မရွတ်ဖြစ်ဘဲ အလျင်စလို ဆိုင်ဖွင့်မိရင် အဲဒီနေ့ ဈေးဦးတောင် မပေါက်ပါဘူးဘုရား။ အိပ်ရာက ခပ်စောစောလေးထပြီး မဏိဇောတ ပဋ္ဌာန်းမြားဂါထာတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးမှ ဈေးဆိုင်ဖွင့်ရင် လက်မလည်အောင် ဈေးရောင်းကောင်းလှပါသည်ဘုရား ဒါကြောင့် ဒီမဏိဇောတ ပဋ္ဌာန်းမြားရတနာဂါထာတော်ကြီးကို လက်မလွှတ်ရဲဘူးဘုရား။ နေ့စဉ် မရွတ်မိ

www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း တစ်ခုခုဟာနေသလိုလို လိုအပ်နေတာရှိနေသလိုလို ဖြစ်ခဲ့ပါသည်ဘုရား။ အခုတော့ သိသွားပါပြီဘုရား။ ဒီမင်္ဂလာဇောတ ပတ္တမြားရတနာဂါထာ တန်ခိုးကတော့ သိသာထူးခြားလွန်းလှပါသည် ဘုရား။ မနက်စောစောရွတ်ဖတ် သရဇ္ဈာယ်ပြီးသွားလိုက်တော့ အရောင်းအဝယ်တွေ အလွန်ရောင်းကောင်းလာတာပေါ့ ဘုရား)

အက္ခုနိုပ်စာရေးသူသည် ဗိုလ်ချုပ်ဈေးမှ ဈေးသည်များသည် မင်္ဂလာဇောတ ပတ္တမြားရတနာဂါထာတော်တို့ကြောင့် အရောင်းအဝယ်ကောင်းလာကြောင်း လျှောက်ထားနေသည်တို့ကို စိတ်ပါဝင်စားရင်း အဆင်မပြေသော ပုဂ္ဂိုလ်များ၊ ဈေးရောင်း မကောင်းသော ပုဂ္ဂိုလ်များ အဆင်ပြေရောင်းကောင်းသွားသည်ကို သိရှိရပါ၍ ဂါထာတော် (၄) ပုဒ်ကို ဆင်ပေးခဲ့သော ထုတ်ဝေခဲ့သော အက္ခုနိုပ်စာရေးသူအနေဖြင့် ရင်ထဲအသည်းထဲအထိ အတိုင်းမသိသော ပီတိသောမနဿတရားတို့သည် ဒီလှိုင်းပမာမြင့်မား၍ ဖြစ်လာရတော့၏။

◈ ◈ ◈

BURMESE CLASSIC .com

## (၈)
## ငွေအတွက်ဒုက္ခရောက်နေသော တုန်ထည်များတစ်စု

အခုခေတ် အခုကာလကလည်း လူလိမ်လူကောက်ကလည်း ဘာပေါလာသလား မမေးနဲ့ အလွန်ပေါပဲ (ပါကွဲရှိကားစီးပြီး လင့်ခရုဇာကားစီးပြီး) ငွေလိမ်နေတဲ့လူတွေကို အတော်များပြားလာတာ တွေ့မြင်နေရပါသည်။ ခေတ်မကောင်းဘူးလို့ပဲ ပြောရမှာလား၊ အလိမ်ခံရသည့်လူပဲ အသုံးမကျတာလား မပြောတတ်တော့ပါ။ ဝေဖန်စဉ်းစားတတ်ဖို့တော့ လိုအပ်မှာပါ။ ဒါမှမဟုတ် (လောဘတရား၏ သားကောင်) များ ဖြစ်သွားလေသလား မသိနိုင်လိုက်ပါပေ။

၁။ ကိစ္စကြီးတစ်ခုက ပွဲရုံပိုင်ရှင်နဲ့ ကုန်လာသွင်းသည့် ကုန်သည်နဲ့ အပြိုင်လိမ်ကြမှုတစ်ခု။

www.burmeseclassic.com

www.burmeseclassic.com



၂။ ကုမ္ပဏီထောင်မည်ဟုဆိုပြီး ရှယ်ယာဝင် ကုန်သည် လိမ်ညာမှုတစ်ခု၊ စုစုပေါင်း ကိစ္စကြီး (၂) မျိုးဝင်ရောက်လာခဲ့ပါသည်။ ဤကိစ္စနှစ်မျိုးစလုံးမှာ (ကုန်သည်များက) ခံလိုက်ရခြင်းဖြစ်ပါသည်။ နံပါတ် (၁) ကိစ္စမှာ ပွဲရုံပိုင်ရှင်ထံမှ အရောင်းအဝယ်အတွက် ရစရာရှိသော ငွေများသည် တစ်စ၊ တစ်စ များပြား လာခဲ့ပြီး၊ ပဲကုန်သည်၊ စပါးကုန်သည်၊ နှမ်းကုန်သည်၊ ကြက်သွန်ကုန်သည်များထံမှ စုစုပေါင်း ငွေသိန်းပေါင်း (၂၀၀၀) ခန့်ကို လိမ်ညာပြီး ပွဲရုံကို ပိတ်ပြီး ပိုင်ရှင်က ထွက်ပြေးတိမ်းရှောင်သွားနေခြင်း ဖြစ်ပါသည်။

ဒုတိယနံပါတ် (၂) ကိစ္စကြီးမှာမူ စီးပွားရေးအရောင်းအဝယ်နှင့် ပတ်သက်ပြီး နိုင်ငံခြားတိုင်းပြည်များအထိ မြန်မာနိုင်ငံကုန်သည်များ၏ ပဲအမျိုးမျိုး၊ ဆန်စပါး အမျိုးမျိုး၊ ငရုတ်၊ ကြက်သွန်၊ ဆီအမျိုးမျိုးတို့ကို တင်ပို့ရောင်းချ မည်ဖြစ်ပါ၍ ခင်ဗျားတို့ကုန်သည်များက ရှယ်ယာဝင်ချင်ရင် ဝင်နိုင်ပါတယ်။ ရှယ်ယာဝင်လည်း ဝင်သင့်ပါတယ်။ အကျိုးအမြတ်ကတော့ ကျုပ်တို့ (၆)လ တစ်ကြိမ်၊ (၁)နှစ် တစ်ကြိမ်ရှင်းပေးမှာ ဖြစ်ပါတယ်ဟုဆိုပြီး ကုန်သည်များကို မက်လုံးပေးပြီး ကုမ္ပဏီထောင်ဖို့အတွက် ကုန်သည်များထံမှ ရှယ်ယာထည့် ဝင်ငွေကုန်သည်ပေါင်း (၂၅) ဦးထံမှ စုစုပေါင်းငွေသိန်းပေါင်း (၅၀၀၀)တို့ကို လိမ်သွားပြီး ရှောင်တိမ်းထွက်ပြေးနေသည့် ကိစ္စဖြစ်ပါသည်။



အလိမ်ခံနေရသော အဖွဲ့ (၂) ဖွဲ့စလုံးသည်ပင် အကျွန်ုပ်စာရေး သူထံသို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုရောက်လာကြကုန်တော့၏။ ငွေရေးကြေးရေး အလိမ်ခံရတာလည်းတူညီနေပါသည်။ အနည်းအများသာ ကွာခြားနေပါသည်။ ဤတွင် အကျွန်ုပ်က (မင်းတို့ ငွေတွေပြန်ရဖို့ကတော့ မဏိဇောတ ပဋ္ဌာန်းမြားရတနာ ဂါထာတော်ကြီး (၄) ပုဒ်က ကယ်တင်မှ မင်းတို့ ငွေပြန်ရလာနိုင်တယ်။ နို့မဟုတ်လို့ကတော့ မင်းတို့ရေစက်ချရင် ချသွား ပြန်ရဖို့ကတော့ ဝေးသေးတယ်ဟေ့၊ လိမ်ပါတယ်ဆိုမှပဲ အိပ်ချင်ယောင်ဆောင်တဲ့လူကို မင်းတို့ ဘယ်လိုနှိုးမှာလဲကွ သူမနိုးလို့မှ မဟုတ်တာ၊ ဒါကို အိပ်နေပါတယ်ဆိုပြီး မင်းတို့နှိုးနေလို့ကတော့ အလကားပဲလေ။ ဒီတော့ မဏိဇောတ ပဋ္ဌာန်းမြားရတနာဂါထာတော်ကြီးကို (၁) အပုဒ်ကို (၁၀၈)ခေါက် (၂) အပုဒ်ကို (၁၀၈) ခေါက်ရွတ် (၃) အပုဒ်ကို (၅၄) ခေါက် ရွတ် (၄) အပုဒ်ကို (၂၇) ခေါက်ရွတ်ပေး၊ သရဏ္ဍာယ်ပေး။ ရက်မပျက်ပါစေနဲ့ဟေ့။ ဂရုစိုက်ပြီး သေသေချာချာရွတ်ပေးပါ။ ရွတ်ဖတ်သရဏ္ဍာယ်ပြီးတိုင်းလည်း နို့ငွေတွေ အမြန်ဆုံးပြန်ရလာဖို့ ပြန်ဝင်လာဖို့ ဆုတောင်းပါ။ ဒီဂါထာတော်ကြီး (၄) ပုဒ်ကမှ မင်းတို့ကို ကူညီမစလိမ့်မည်။ မင်းတို့ရွတ်ဖို့သာ အရေးကြီးပါတယ်)။

www.burmeseclassic.com



ဤသို့ ညွှန်ကြားပြသပြီး ဂါထာတော် (၄)ပုဒ်ကိုပင် ပေးအပ်ပြီး သေချာရွတ်ဖတ် သရဇ္ဈာယ်ရန် အမိန့်ပေးလမ်းညွှန် ခဲ့ပါ၏။ သို့နှင့် ထိုငွေအလိမ်ခံရသော အဖွဲ့ (၂) အဖွဲ့စလုံး ပြန်သွားပြီးနောက် (၅) လခန့် ကြာသွားသောအခါ ထိုအဖွဲ့များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ကျောင်းသို့ ပြန်ရောက်လာခဲ့ကာ ငွေတွေ အားလုံးလိုလိုပင် ပြန်လည်ရရှိခဲ့ပါကြောင်း၊ အခုဆိုရင် သိန်း ပေါင်း (၂၀၀) လောက်ပဲ ကျန်တော့တာဖြစ်ကြောင်း (တပည့် တော်တို့ အလိမ်ခံရတာ မဏိဇောတပတ္တမြား ရတနာဂါထာ တော်ကြီးရှိနေလို့သာပေါ့ဘုရား။ မရှိများ မရှိရင် တွေးတောင် မတွေးရဲဘူးဘုရား။ အခုတော့ ဆရာတော်ကြီး ညွှန်ကြားထား သည့်အတိုင်း ယခုဆိုရင် မဏိဇောတ ပတ္တမြားရတနာဂါထာ တော် (၄) ပုဒ်စလုံးကို ယနေ့ထက်တိုင် လက်မလွှတ်သေးပါ ဘုရား။ ဂရုတစိုက် နေ့စဉ် ဝတ်မပျက် ပွားများသရဇ္ဈာယ်လျက် ရှိနေကြပါသည်ဘုရား။ ဒီမဏိဇောတ ပတ္တမြားရတနာဂါထာ တော်ကြီးက သူ့ကို ရွတ်ဖတ်သရဇ္ဈာယ်လိုက်တာနှင့် ငွေရေး ကြေးရေး ရပေါက်ရလမ်းတွေ အဆင်ပြေရုံမကပါဘူးဘုရား၊ တခြား၊ တခြားသောစီးပွားရေးလုပ်ငန်းများ၊ အရောင်းအဝယ် လုပ်ငန်းများ အဆင်ပြေလာကြပါတယ်ဘုရား၊ အကြွေးတောင်း ငွေတောင်းလည်း ယခင်ကနဲ့ မတူတော့ပါဘုရား ပိုပြီးကောင်း



လာပါတယ်ဘုရား) . . ဟု လျှောက်ထားကြပါတော့၏။

ဒီလိုအစွမ်းထက်မြက်တဲ့ မဏိဇောတ ပတ္တမြားရတနာ ဂါထာတော်ကြီးကို တပည့်တော်တို့ လက်မလွှတ်ရဲသေးဘူး ဘုရား၊ အလွန်ထူးခြားတဲ့ ဂါထာတော်ကြီးဖြစ်လို့ ဂရုတစိုက် ပွားများအားထုတ်ပါမည့်အကြောင်း ကတိပေးပါသည်ဘုရား။ သူတို့ အဖွဲ့လျှောက်ထားနေသည်ကို အကျွန်ုပ်သည် ပြုံးရွှင် ရယ်မောစွာ ကြားသိလျက် ရှိနေခဲ့ပါတော့၏။

ဤသည့်ပုည ကုသလကြောင့်
လောဘ ဒေါသ မောဟကင်းကွာ
သံသရာဝယ် ကျင်ပါရဘိ
ပညာရှိနှင့် ယှဉ်မိပေါင်းသင်း ဉာဏ်မဲ့ကွင်း၍
ပြည့်လင်းလှူဖွယ် လှူစဉ်ဝယ်လည်း
သုံးသွယ်စေတနာ ဖြောင့်ညီညာသည်
ခေမာ အထွဋ် တိုင်လိုသော် . . .
(နိဗ္ဗုတံ)

ဘဒ္ဒန္တဝေပုလ္လ
ဝေပုလ္လာရာမကျောင်းတိုက်
ပြည်မြို့။
၁၀-၂-၂၀၁၁

BURMESE CLASSIC .com
www.burmeseclassic.com